# ကြေးမုံ
The Mirror
Established in 1957

၁၃၇၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်၊ တနင်္ဂနွေနေ့၊ (17-8-2014) (၇၉၃၅)


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အင်ဒိုနီးရှားသမ္မတနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဩဂုတ် ၁၇**

ဩဂုတ် ၁၇ ရက်တွင် ကျရောက်သော အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အင်ဒိုနီးရှား သမ္မတ နိုင်ငံ သမ္မတ ဒေါက်တာ ဆူစီလို ဘမ်ဘန်း ယူဒိုရိုနို ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

## ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အင်ဒိုနီးရှားသမ္မတနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဩဂုတ် ၁၇**

ဩဂုတ် ၁၇ ရက်တွင် ကျရောက်သော အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ (၆၉)နှစ်မြောက်လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဒုတိယသမ္မတ ဒေါက်တာဘူဒီရိုနို ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

## ဒုတိယသမ္မတ ဦးညွန့်ထွန်း အင်ဒိုနီးရှားသမ္မတနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဩဂုတ် ၁၇**

ဩဂုတ် ၁၇ ရက်တွင် ကျရောက်သော အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညွန့်ထွန်းထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဒုတိယသမ္မတ ဒေါက်တာဘူဒီရိုနို ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

## စစ်တောင်းမြစ်ရေ အခြေအနေ

**နေပြည်တော် ဩဂုတ် ၁၆**

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယမန်နေ့က စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၂၅ စင်တီမီတာ (သုည ဒသမ ၈ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

**(ကြေးမုံ)**

## ရန်ကုန်တက္ကသိုလ်ပြုပြင်မွမ်းမံရေး တက္ကသိုလ်အစီအမံဖြင့် ဆောင်ရွက်လျက်ရှိ

**ရန်ကုန် ဩဂုတ် ၁၆**

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးစိုးသိန်းနှင့် ဦးတင်နိုင်သိန်းတို့သည် ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်း ရန်ကုန်တက္ကသိုလ် သီရိဆောင်၌ ဆီမီယို ဒေသဆိုင်ရာ သမိုင်းနှင့်ရှေးရာဓလေ့ဌာန၊ မာလာဆောင်ရှိ အင်္ဂလိပ်ဘာသာစကား အမျိုးသားဗဟိုဌာနများသို့ သွားရောက်ပြီး သီရိဆောင်နှင့် မာလာဆောင်တို့အား မူလပုံစံမပျက် တက္ကသိုလ်ကျောင်းသူများ အဆောင်ပြန်လည်နေထိုင်နိုင်ရေးနှင့် လက်ရှိအဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) အောက်ရှိ အဆိုပါတွဲဖက်ဌာနနှစ်ခုအား ရန်ကုန်မြို့ရှိ သင့်တော်မည့်နေရာသို့ စနစ်တကျ ပြောင်းရွှေ့နေရာချထားရေးနှင့် ပိုမိုခေတ်မီပြည့်စုံစွာဆောင်ရွက်ပေးရေးအတွက်ညှိနှိုင်းဆွေးနွေးသည်။ ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်း၊ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် အဆိုပါဌာန တာဝန်ရှိသူများက

**စာမျက်နှာ ၉ ကော်လံ ၁ သို့**


ရန်ကုန်တက္ကသိုလ်နယ်မြေရှိ အဆောက်များကို တွေ့ရစဉ်။

## ရာဇဂြိုဟ်ရေလှောင်တမံမှ ၂၀၁၆ ခုနှစ်တွင် လျှပ်စစ်ဓာတ်အားပေးနိုင်မည်



**ကလေး ဩဂုတ် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ရာဇဂြိုဟ်ကျေးရွာအနီး တည်ဆောက်နေသော ရာဇဂြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်းသည် မြေလျှင်လှုပ်ခတ်မှုအင်အား (၈)ရစ်ချ်စတာစကေးအထိ ခံနိုင်ရည်ရှိကြောင်း ဩဂုတ် ၁၆ ရက် နံနက် ၁၀ နာရီက ပြုလုပ်သော လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထောက်အကူပြုကော်မတီများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံရှင်းလင်းပွဲတွင် ရာဇဂြိုဟ်ရေလှောင်တမံမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ရာဇဂြိုဟ်ရေလှောင်တမံသည် ကလေးမြို့အနောက်ဘက်တွင် တည်ရှိပြီး ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်တွင် စတင်တည် ဆောက်ခဲ့ခြင်းဖြစ်ကာ စီမံကိန်းမပြီးစီးမှုနှင့် ပတ်သက်ပြီး ပြည်သူလူထုအကြား စိုးရိမ်ပူပန်မှုများရှိကာ ဆည်ရေကျိုး ပေါက်လာမည်ကို စိုးရိမ်ပူပန်ကြကြောင်း၊ ထို့ကြောင့် တာတမံများကို အရည်အသွေးမီမီ ဆောင်ရွက်စေလိုကြောင်း နေသာပညာဒါနဆရာတော် ဦးဓမ္မိက က မိန့်ကြားသည်။

ရာဇဂြိုဟ်ဘက်စုံရေလှောင်တမံစီမံကိန်း၏ တာတမံများသည် မြေသားတာတမံအမျိုးအစားဖြစ်ပြီး အမြင့် ၁၆၅ ပေ၊ အလျား ပေ ၁၃၆၆၀၊ ပင်မတမံ ၄၇၄၅ ပေ၊ ကုန်းကျောတမံ သုံးခု ၈၉၁၅ ပေရှိပြီး စီမံကိန်းခန့်မှန်းကုန်ကျငွေမှာ ငွေကျပ် ၅၄၂၄၄ သန်း (အမေရိကန် ဒေါ်လာ ၆ ဒသမ ၈၀ သန်း) ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်းကို ၂၀၁၅ ခုနှစ် မတ်လတွင် ပင်မတမံချောင်းပိတ်ခြင်းလုပ်ငန်းများ အပြီးသတ်ဆောင်ရွက်မည်ဖြစ်ကာ ရေအားလျှပ်စစ်အဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်းများ ၂၀၁၆ ခုနှစ် မတ်လတွင် ပြီးစီးမည်ဖြစ်၍ လျှပ်စစ်ဓာတ်အား စမ်းသပ်ထုတ်လွှတ်မှုကို ဇူလိုင်လတွင် လုပ်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(လင်းလက်ကြယ်စင်)**




**ကြေးမုံစာတည်းရှုထောင့် ၁၇-၈-၂၀၁၄၊ တနင်္ဂနွေနေ့**

# မိဘဆရာပူးပေါင်း သားသမီးပညာကောင်း

မြန်မာ့လူ့အဖွဲ့အစည်းကို ဘာသာတရား၏ အဆုံးအမ၊ ကျင့်ဝတ်များနှင့် ဖွဲ့တည်ပြီး အခြေခိုင်မာအောင်တည်ဆောက်လာခဲ့ကြသည်။ သားစဉ်မြေးဆက် အဆင့်ဆင့်လက်ဆင့်ကမ်းလာခဲ့ကြသည်။ လိုက်နာကျင့်ကြံကိုယ်ပိုင်ဟန်မပျက် မျက်မှောက်ကာလထိတိုင် ဖြစ်ပါသည်။

"မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်". . . . မိဘဝတ်။ "အတတ်လည်းသင်၊ ပွဲပြင်ဆုံးမ" . . . ဆရာ့ဂုဏ်ထိုက် ကျင့်ဝတ်များ။ ထိုနည်းတူ "ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ. . " သားမွန်သမီးမွန်များ။ "ညီညာထကြွဆုံးမနာယူ. . ." တပည့်လေးတွေ၏ တုံ့ပြန်မေတ္တာဝတ္တရားများ။ မိဘနှင့်သားသမီး၊ ဆရာနှင့် တပည့်ကြားမှာ မေတ္တာကရုဏာတရားများနှင့် နှောင်ဖွဲ့ထားသော သံယောဇဉ်ကျင့်ဝတ်များ၊ အစိုးရနှင့်ပြည်သူ၊ အဆွေခင်ပွန်းစသဖြင့် လစ်ဟာမှုမရှိ၊ အပေးအယူမျှတ ဘာသာအဆုံးအမအောက်မှ မြန်မာ့လူ့အဖွဲ့အစည်းကျင့်ဝတ်များ။

ဤကျင့်ဝတ်များအောက်မှာ "ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား ငယ်သူကိုသနား" လူမှုဆက်ဆံရေး ဂါရဝတရားများနှင့် ရိုင်းပင်းကူညီ၊ ဖေးကူထူမ ကရုဏာတရားများနှင့် ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားစွာ ရပ်တည်လာခဲ့သော မိမိတို့နိုင်ငံသားများ။

အထူးသဖြင့် ဆရာ့နယ်ပယ်အခြေခံပညာရေးကဏ္ဍတွင် "အတတ်လည်းသင်၊ ပွဲပြင်ဆုံးမ"ဟူသည့် စာကိုလည်းသင် သင်ယူသူကိုလည်း တော်အောင်ကောင်းအောင် ထုဆစ်ပုံဖော်ပေးရသော ဆရာတို့၏ ကြီးလေးသော မဟာတာဝန်ကြီး နှစ်ရပ်။ တစ်ဖက်ဖက်က လစ်ဟာသွားပြီဆိုသည်နှင့် "မျိုးဥပြုတ်စား"သလို မျိုးဆက်တစ်ဆက် မျိုးကန်းသွားနိုင်ပါသည်။ မျက်မှောက်ကာလ စည်းလွတ်ဝါးလွတ် စည်းကမ်းကျင့်ဝတ်ပျက်နေကြသူများက ဆရာ့ကျင့်ဝတ်အားနည်းချက်ကို လှစ်ဟပြနေသည်ဟုဆိုလျှင် အတိုင်းအတာထိ လက်ခံကြရမည်သာ။ အကြောင်းမူ ယနေ့တွေ့နေရသော ထိုထိုသော လုပ်ရပ်ပိုင်ရှင်ဟူသမျှ တစ်ချိန်က အိမ်တံစက်မြိတ်နှင့် ကျောင်းပရဝဏ်ကို ဖြတ်သန်းကာ လောကနယ်အဝှမ်းသို့ ဝင်ရောက်သွားကြသူများသာဖြစ်ပါသည်။

မိဘနှင့် ဆရာတို့၏ သွန်သင်ဆုံးမ၊ လမ်းညွှန်ချက်များသည် "ခုတ်ရာတခြား ရှရာတလွဲ"နှင့် လွဲချော် ဘေးထွက်သွားကြရခြင်းဟုလည်း တစ်ဖက်က ပြော၍ရနိုင်ပါသည်။ တပည့်သားသမီးများအပေါ်ထားသည့် မိဘနှင့် ဆရာများ၏ မေတ္တာကို ဘုရားနှင့်တစ်ဂိုဏ်းတည်းထား "အနန္တငါးပါး"ဟု ခိုင်းနှိုင်းထားသည်မဟုတ်ပါလော။ အကြောင်းကြောင်းကြောင့် လွဲချော်မှုများ၊ အားနည်းချက်များရှိခဲ့လျှင်လည်း လုပ်နည်းလုပ်ဟန်လွဲမှားမှုကြောင့်သာဖြစ်လိမ့်မည်။ စေတနာ၊ မေတ္တာအားဖြင့် ချို့တဲ့အားနည်းမှုကြောင့် မဟုတ်နိုင်ပါ။ မည်သို့ဆိုစေ "သားသမီးမကောင်း မိဘခေါင်း" "တပည့်မကောင်း ဆရာ့ခေါင်း" မိမိတို့လက်ခံကြရမည်သာ။

မိဘနှင့် ဆရာတိုင်းသည် တပည့်သားသမီးများအပေါ် တော်စေတတ်စေချင် လိမ္မာရေးခြားရှိစေချင်ကြသည်မှာ ဓမ္မတာဟုဆိုနိုင်ပါသည်။ "ဆင်စီး၍မြင်းရံ"တာကို မြင်ချင်ကြသည် "ဆင်နင်း၍ မြင်းကန်"သော အဖြစ်ဆိုးမျိုး မတွေ့ချင် မမြင်ချင်ကြ။ မိဘ၊ ဆရာသမားတို့၏ စုန်ရေမေတ္တာ။

တချို့ စေတနာရှင် ဆရာများ ကျောင်းမနေနိုင်သူများ ကျောင်းပြင်ပမှာ အရွယ်နှင့် မလိုက်အောင် လုပ်နေကြသူလေးများကို ကောက်သင်းကောက်ကာ သူတို့လေးတွေနှင့် အဆင်ပြေဖို့ နေရာလေးများတွင် စာသင်ဝိုင်းလေးများ ဖွင့်လှစ်သင်ကြားပေးနေကြသည်ကိုတွေ့နေရသည်။ ဆရာ့စိတ်နှင့် အနှိုင်းမဲ့စေတနာရှင်များ။ သို့သော် တချို့သော စာသင်ဝိုင်းများသည် မြို့ပြဂုဏ်နှင့် မတင့်တယ်။ လူသွားလမ်း၊ လမ်းဘေးပလက်ဖောင်းများမှာ ဖြစ်သလို သင်ကြား၊ အမြင်မတော်မြင်ကွင်းများဖြစ်နေသည်ကို တွေ့ရသည်။

မန္တလေးမြို့မှ စေတနာစာသင်ဝိုင်းတချို့ လမ်းဘေးပလက်ဖောင်းပေါ် အမြင်မတော်ဖြစ်နေမှုကို မြို့မိမြို့ဖများက မနေသာ။ စေတနာဆရာများနှင့် ညှိနှိုင်းကာ အမိုးအကာအောက်ရောက်ရေး ဆောင်ရွက်ပေးနေသည့် သတင်းကို ဖတ်လိုက်ရသည်။ နိုင်ငံခြားသားများ အများဆုံးဝင်ထွက် လည်ပတ်နေရာ အဝိုင်းအဝန်းတွင် ဤမြင်ကွင်းမျိုးနှင့် မတင့်တယ် မအပ်စပ်သည်ကို တာဝန်ရှိသူ မြို့မိမြို့ဖများနှင့် စေတနာစာသင်ဝိုင်းမှ ဆရာများ ညှိနှိုင်းမှုအစတွင် အဆင်မပြေငြင်းပယ်မှုများ ရှိခဲ့ကြောင်း သိရသည်။ အကြောင်းကြောင်းလေးတွေ ရှိပါလိမ့်မည်။ မြို့မိမြို့ဖများ၏ ကျင့်ဝတ်၊ စေတနာပန်းပျိုးအိမ်မှ ဆရာများ၏ ကျင့်ဝတ်သိက္ခာများနှင့်အညီ ကလေးများအရေး ဦးစားပေးလိုက်နိုင်ကြပြီ။ အမှတ် (၁၆) အခြေခံပညာအထက်တန်းကျောင်းရှိ မိုးလုံလေလုံ စာသင်ခန်းတွင်းမှာ ဣန္ဒြေရရ သိက္ခာရှိရှိ သင်ကြားသင်ယူနေကြပြီဟု သိရသည်။ လမ်းပေါ်ရောက်ကလေးများ ပညာရေးတွင် လမ်းဘေးပလက်ဖောင်းစာသင်ဝိုင်းမှသည် ကျန်းမာရေးနှင့်အညီ အန္တရာယ်ကင်းဘေးရှင်း လုံလုံခြုံခြုံစာသင်ခန်းအတွင်းသို့ ပို့ပေးလိုက်နိုင်သည်။ မန္တလေးမြို့ရှိ မြို့မိမြို့ဖများနှင့် စေတနာရှင်ဆရာများ၏ ပူးပေါင်းမှုအောင်ပွဲတစ်ရပ်ပင်ဖြစ်ပါကြောင်း ကြေးမုံမှ မှတ်တမ်းတင်လိုက်ရပါသည်။ ။

## နိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင် အင်ဒိုနီးရှားနိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဩဂုတ် ၁၇**

ဩဂုတ်လ ၁၇ ရက်နေ့တွင် ကျရောက်သော အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ အာအမ်မာတီ အမ်နာတာလီဂါဝါထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၁၆**

မြန်မာနိုင်ငံတွင် အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများကို ကုလသမဂ္ဂ၏ လမ်းညွှန်မှုများအတိုင်း အကောင်အထည်ဖော်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၁၅ရက် နံနက် ၉နာရီက နေပြည်တော်ရှိ သင်္ဂဟ ဟိုတယ်၌ ကျင်းပသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ရဲမှူးချုပ်ကျော်ဝင်း ဦးဆောင်သော မူးယစ်ဗဟိုအဖွဲ့အောက်ရှိ လုပ်ငန်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် The Transnational Institute မှ Mr. Tom Kramer ဦးဆောင်သော ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်ရဲမှူးချုပ် ကျော်ဝင်းနှင့် TNI အဖွဲ့ခေါင်းဆောင် Mr. Tom Kramer တို့က အမှာစကားပြောကြားကြပြီး နှစ်ဖက်ကိုယ်စားလှယ်များက အစားထိုးဖွံ့ဖြိုးရေးဆိုင်ရာ ကုလသမဂ္ဂ၏ လုပ်ငန်းလမ်းညွှန်ဆိုင်ရာအကြံပြုချက်များအား ရှင်းလင်းတင်ပြ၍ တက်ရောက်လာကြသော ကိုယ်စားလှယ်များက မြန်မာနိုင်ငံအတွင်း အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်တွေ့ကြုံရသည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရခိုင်ပြည်နယ်လွှတ်တော် ဒုသမပုံမှန်အစည်းအဝေး(တတိယ)နေ့ကျင်းပ

**စစ်တွေ ဩဂုတ် ၁၆**

ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ဒုသမပုံမှန်အစည်းအဝေး(တတိယ)နေ့ကို ဩဂုတ် ၁၅ ရက် နံနက် ၁၀ နာရီတွင် ပြည်နယ်လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ အစည်းအဝေးသို့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထိန်လင်းနှင့် လွှတ်တော်ကိုယ်စားလှယ် ၃၅ ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းသည့် လုံခြုံရေးနှင့် နယ်စပ်ရေးရာမေးခွန်းတစ်ခု၊ စီမံကိန်းနှင့် စီးပွားရေးဆိုင်ရာ မေးခွန်းနှစ်ခု၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ မေးခွန်းနှစ်ခု၊ လျှပ်စစ်ဆိုင်ရာ မေးခွန်းတစ်ခုနှင့် လူမှုရေးဆိုင်ရာ မေးခွန်းလေးခု စုစုပေါင်းမေးခွန်း ၁၀ ခုတို့အား သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း၊ အစီရင်ခံစာများကို ရှင်းလင်းတင်ပြခြင်းနှင့် အဆိုတင်သွင်းခြင်း၊ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအဖွဲ့အစည်း၏ သဘောထားရယူခြင်းနှင့် ပြည်နယ်လွှတ်တော်၏ဆန္ဒ ရယူခြင်းတို့ကို ဆောင်ရွက်ကြကြောင်း သိရသည်။ **(သတင်းစဉ်)**



## မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးလျော့နည်းလာနိုင်

နေပြည်တော် ဩဂုတ် ၁၆

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးလျော့နည်းလာနိုင်သည်။



# တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး စာချုပ်မူကြမ်းပါ ကွဲလွဲချက်အများစု ဒုတိယနေ့အစည်းအဝေးတွင် သဘောတူညီမှုရရှိ

**ရန်ကုန် ဩဂုတ် ၁၆**

ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ( UPWC) နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့ (NCCT)တို့သည် ယနေ့တွင် ဒုတိယမြောက်အဖြစ် ဆက်လက်တွေ့ဆုံဆွေးနွေးရာ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး စာချုပ်မူကြမ်းတွင် ပါဝင်သော အဓိကကွဲလွဲချက် အများစုသဘောတူညီမှုရရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

"မနေ့က မပြီးပြတ်သေးတဲ့ အခန်း ၃၊ ၄ မှာ ပါတဲ့ တပ်ပိုင်းဆိုင်ရာကိစ္စရပ်တွေကို ဆွေးနွေးခဲ့တယ်။ အခုဆွေးနွေးပြီးတဲ့အချိန်မှာ စကားလုံးအရ အနည်းငယ်ပြင်ဆင်ဖို့လိုအပ်တဲ့အချက်တွေက လွဲရင် အားလုံးက သဘောတူပြီးဖြစ်ပါတယ်။ အရေးကြီးဆုံးအချက်တွေကို နှစ်ဖက်စလုံးက သဘောတူထားပြီးဖြစ်လို့ ကျန်တာနည်းနည်းက ညှိနှိုင်းဖို့ မခက်ခဲလောက်တော့ဘူး။ အပြီးသတ်လုနီးပါးဖြစ်နေပါပြီ"ဟု MPC ၏ အထူးအကြံပေး ဦးလှမောင်ရွှေက ပြောသည်။

**စာချုပ်မူကြမ်းတွင် ပါဝင်သည့် အဓိက အချက်များဖြစ်သည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲမှ ရရှိသည့်ရလဒ်များဖြင့် အကောင်အထည်ဖော် တည်ဆောက်သွားရန်၊ ပြည်ထောင်စုတပ်မတော်ဖွဲ့စည်းရေးကိစ္စအား နိုင်ငံရေး တွေ့ဆုံပွဲများတွင် ထည့်သွင်းဆွေးနွေးသွားရန်၊ နိုင်ငံရေးပြဿနာနှင့် လက်နက်ကိုင်ပဋိပက္ခကိစ္စများအား စစ်ရေးအရ ဖြေရှင်းခြင်းမပြုဘဲ နိုင်ငံရေးနည်းဖြင့် ဖြေရှင်း၍ နိုင်ငံရေး ယဉ်ကျေးမှုသစ်တစ်ရပ်ထူထောင်ရန်၊ လက်နက်ကိုင် ပဋိပက္ခအဆုံးသတ်နိုင်ရေး ကြိုးပမ်းလုပ်ဆောင်သွားရန်** စသည့် အချက်များအပါအဝင် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး စာချုပ်မူကြမ်းတွင် ပါဝင်သော အဓိကကွဲလွဲချက်အများစုကို နှစ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက သဘောတူညီမှုရရှိခဲ့ကြောင်း ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီမှ သိရသည်။

အပစ်အခတ် ရပ်စဲရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုများအား အခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများအား ဥပဒေနှင့်အညီ အာမခံချက်ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိသည်ဟု မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာနမှ သိရသည်။

တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်စာချုပ် အချောသပ်နိုင်ရေးအတွက် ဒုတိယနေ့ ဆွေးနွေးပွဲအဖြစ် ဆက်လက်ကျင်းပသည့် ယနေ့အစည်းအဝေးသည် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ ( NCCT) တို့ ပဥ္စမအကြိမ် တွေ့ဆုံဆွေးနွေးခြင်း ဖြစ်သည်။ အစည်းအဝေး ဒုတိယနေ့အပြီး ညနေပိုင်းတွင် မီဒီယာတွေ့ဆုံပွဲတစ်ခု ပြုလုပ်ခဲ့သည်။ **(အောက်ပုံ)**



အစည်းအဝေး တတိယနေ့ကို ဩဂုတ် ၁၇ ရက် နံနက် ၉ နာရီတွင် ဆက်လက် ကျင်းပမည်ဖြစ်ပြီး ဆွေးနွေးရန် ကျန်ရှိနေသေးသည့် အခန်း ၅၊ ၆၊ ၇ အား ဆက်လက်ဆွေးနွေးသွားမည် ဖြစ်သည်။ တစ်နိုင်ငံလုံး စောင့်မျှော်နေသော အပစ်အခတ်ရပ်စဲရေးသည် အဓိက ဆွေးနွေးရန် ကျန်ရှိသည့် အခန်း (၇) ကို ဆွေးနွေးပြီးပါက နီးကပ်လာပြီဖြစ်ကြောင်း (NCCT)အဖွဲ့ ဒုတိယခေါင်းဆောင် ပဒိုစောကွယ်ထူးဝင်းက မီဒီယာများနှင့် တွေ့ဆုံပွဲတွင် သုံးသပ်ပြောကြားခဲ့သည်။

**(ရဲခေါင်၊ နန္ဒာ)**



# ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်း အဆင့်မြင့်အရာရှိများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းပို့ချမှု ကြည့်ရှုအားပေး

**နေပြည်တော် ဩဂုတ် ၁၆**

အနာဂတ်ဆက်သွယ်ရေးကဏ္ဍများ ပြုပြင်ပြောင်းလဲရေးတွင် အထောက်အကူပြုနိုင်မည့် နိုင်ငံတော်ပြုပြင်ပြောင်းလဲရေး တတိယအဆင့်အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်၊ အဆင့်မြင့်အရာရှိကြီးများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းကို ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန စုပေါင်းခန်းမ၌ ဒုတိယနေ့အဖြစ် ဆက်လက်ပို့ချရာ ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်း၊ ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ ဦးသောင်းတင်နှင့် တာဝန်ရှိသူများက သင်တန်းပို့ချမှုများအား ကြည့်ရှု၍ ဆွေးနွေးပြောကြားသည်။ **(အပေါ်ပုံ)**

အဆိုပါသင်တန်းတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဌာနကြီးမှူးများ၊ အင်ဂျင်နီယာချုပ်များနှင့် အဆင့်မြင့်အရာရှိများအပါအဝင် KDDI Corporation နှင့် Sumitomo Corporation မှ တာဝန်ရှိသူများ၊ စုစုပေါင်း သင်တန်းသား ၅၇ ဦးတို့အား ပို့ချလျက်ရှိရာ အဆိုပါသင်တန်းအား Global Training Group(Singapore) မှ Mr.Dr.Rohi, Mr.William နှင့် Mr.Robert တို့က ပို့ချပြီး ယှဉ်ပြိုင်စီးပွားရေးဈေးကွက်အား ထိုးဖောက်ဝင်ရောက်နိုင်မည့် နည်းလမ်းများ၊ ဆက်သွယ်ရေးနှင့် ပတ်သက်သော နည်းပညာများနှင့် လက်ရှိနိုင်ငံတကာ ဆက်သွယ်ရေးကဏ္ဍအတွေ့အကြုံနှင့် ဆောင်ရွက်မှုပုံစံများပို့ချခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကော့သောင်းမြို့တွင် ထူးဆန်းသည့် ရောမမှိုပွင့်ကြီးများဖူးပွင့်

**ကော့သောင်း ဩဂုတ် ၁၆**

တနင်္သာရီတိုင်း ဒေသကြီး ကော့သောင်းမြို့ ပိတောက်ရွှေဝါရပ်ကွက် နိဗ္ဗာန်အေးပရိယတ္တိစာသင်တိုက် ဘုန်းတော်ကြီးကျောင်းဝင်း အတွင်းရှိ ပြိုဟ်ရှစ်ခွင်ဘုရားဆင်းတုတော်နှစ်ဆူအကြားရှိ အုတ်ရိုးကြားမှ ဩဂုတ် ၁၆ ရက်က ထူးဆန်းသည့် ရောမမှိုပွင့်ကြီးများ ဖူးပွင့်ခဲ့ကြောင်း သိရသည်။



အဆိုပါ အမျိုးအမည်မသိမှိုပွင့်ကြီးများသည် ဩဂုတ် ၁၃ ရက် နံနက်ပိုင်းက လက်သီးဆုပ်ခန့် ကြီးမားသည့် မှိုဖူးများစတင်ထွက်ပေါ်လာသည်ကို ကလေးငယ်များကတွေ့ရှိပြီး ဆရာတော်အား လျှောက်ထားသဖြင့် ဆရာတော်က စောင့်ကြည့်စေခဲ့ရာ ဩဂုတ် ၁၅ ရက် မွန်းလွဲပိုင်းတွင် မှိုဖူးများမှ ရိုးတံလုံးပတ် လူကြီးလက်ကောက်ဝတ် အရွယ်ခန့်၊ မှိုပွင့်မျက်နှာပြင်အချင်း တစ်ထွာကျော်ခန့်၊ မှိုပွင့်အသားမှာ သားရေတုံးကဲ့သို့ မာကျောပြီး ဆင်စွယ် ရောင်အဆင်းရှိ မှိုပွင့်ပေါင်း ၅၀ ကျော်ခန့် ဖူးပွင့်လာသည်ကို ထူးဆန်းစွာ တွေ့မြင်ရသည်။

ယင်းထူးဆန်းသည့်သတင်းကြောင့် မြို့ပေါ်မှ လူများလာရောက်ကြည့်ရှုလေ့လာခြင်း၊ မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးခြင်းအပြင် သက်ကြီးရွယ်အိုများ၏ ပြောကြားချက်အရ မှိုရသည့်မျက်နှာဆိုသည့် စကားဥပမာအလား မြို့နယ်ပြည်ရွာတစ်ခွင် စီးပွားလာဘ်လာဘတိုးပွားမည့် ကောင်းသည့် အတိတ်နိမိတ်ဖြစ်ကြောင်း ပြောဆိုစကားသံများ ကြားသိရသည်။ **ကျော်စိုး(ကော့သောင်း)**










# ဗီယက်နမ်နှင့် စစ်ဘက်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အမေရိကန်ဗိုလ်ချုပ်ကြီးမာတင်ဒမ်ဆီ ဆွေးနွေး

ဟိုချီမင်းစီတီး ဩဂုတ် ၁၆

**ဗီယက်နမ်နိုင်ငံသို့ လက်နက်ရောင်းချမှု ပိတ်ပင်ထားခြင်းကို ပြန်လည်ရုပ်သိမ်းနိုင်မည်ဆိုပါက ယင်းနိုင်ငံ၏ ရေတပ်စွမ်းအား မြှင့်တင်ရေးအတွက် အမေရိကန်ပြည်ထောင်စုက အကူအညီပေးနိုင်မည်ဖြစ်ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာ အထက်တန်းတာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးက ဩဂုတ် ၁၆ ရက်တွင် ပြောကြားသည်။**

ဗီယက်နမ်နိုင်ငံသို့ လက်နက်ရောင်းချမှု ပိတ်ပင်ထားမှုကို ပြန်လည်ရုပ်သိမ်းရန် သင့်၊ မသင့် မကြာမီ ဆွေးနွေးမှု ပြုလုပ်မည်ဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံသို့ ရောက်ရှိနေသော အမေရိကန် ပူးတွဲ စစ်ဦးစီးချုပ်များ၏ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမာတင်ဒမ်ဆီက ပြောကြားသည်။ အမေရိကန် ပြည်ထောင်စုသည် ဗီယက်နမ်နိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာ မှတ်တမ်းများ အပေါ် အကြောင်းပြု၍ လက်နက်ရောင်းချမှု မပြုရန် ပိတ်ပင်ခဲ့သည်။

**တွေ့ဆုံဆွေးနွေး**

ဗီယက်နမ်နိုင်ငံတောင်ပိုင်း ဟိုချီမင်းမြို့၌ သတင်းထောက်များနှင့် တွေ့ဆုံရာတွင် ဗိုလ်ချုပ်ကြီး ဒမ်ဆီက ယင်းသို့ ပြောကြားခြင်းဖြစ်သည်။ ဗိုလ်ချုပ်ကြီး ဒမ်ဆီသည် လေးရက်ကြာ ခရီးစဉ်အဖြစ် ဗီယက်နမ်နိုင်ငံသို့ ရောက်ရှိနေပြီး နှစ်နိုင်ငံ စစ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်နှင့် ပတ်သက်၍ အမေရိကန် စစ်အရာရှိကြီးများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ဗီယက်နမ်စစ်ပွဲကာလက ရန်သူတော်များဖြစ်ခဲ့ကြသော ဗီယက်နမ်နှင့် အမေရိကန်ပြည်ထောင်စုတို့သည် ၁၉၉၅ ခုနှစ်တွင် ဆက်ဆံရေးကဏ္ဍသစ်ပြန်လည် ဖွင့်လှစ်နိုင်ခဲ့ပြီးနောက် ကုန်သွယ်ရေး ဆက်ဆံမှုကိုတိုးမြှင့်နိုင်ခဲ့သည်။ သို့ရာတွင် စစ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိုမူ အမေရိကန်ဘက်မှ အကန့်အသတ်ဖြင့်သာ ပြုလုပ်ခဲ့သည်။

ဗီယက်နမ်နိုင်ငံသည် တရုတ်နိုင်ငံနှင့် ပင်လယ်ရေကြောင်း ပိုင်နက် နယ်မြေဆိုင်ရာ အငြင်းပွားမှုပေါ်ပေါက်နေချိန်တွင် အမေရိကန်နှင့် စစ်ရေးဆက်ဆံမှုတိုးမြှင့်ရေးကိစ္စကို ဆွေးနွေးခဲ့ခြင်းဖြစ်သည်။ **ရိုက်တာ။**



ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့ရှိ အမေရိကန်လေတပ်စခန်းဟောင်း၌ အမေရိကန်ဗိုလ်ချုပ်ကြီး ဒမ်ဆီ ကြည့်ရှုလေ့လာစဉ်။

# နီပေါတွင် ရေကြီး၊ မြေပြို၍ ၅၃ ဦးထက်မနည်း သေဆုံး

**ခတ္တမန္ဒူ ဩဂုတ် ၁၆**

သည်းထန်စွာရွာသွန်းသော မိုးကြောင့် နီပေါနိုင်ငံ၏ ဒေသအချို့တွင် ရုတ်တရက်ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများဖြစ်ပွားရာ ၅၃ ဦးထက်မနည်း သေဆုံးခဲ့ရကြောင်း၊ သုံးရက်ကြာ အပြင်းအထန် ရွာသွန်းခဲ့သော မိုးကြောင့် နီပေါနိုင်ငံ၏ ဝေလံသီခေါင်သော တောင်ပေါ်ဒေသများ၌ ဆက်သွယ်ရေး ပြတ်တောက်သွားခဲ့ရကြောင်း တာဝန်ရှိသူများက ထုတ်ပြန်ကြေညာသည်။

နှစ်စဉ် မုတ်သုံရာသီအတွင်း မိုးရွာသွန်းမှုကြောင့် မြေပြိုမှုများနှင့် ရေလျှံမှုများ ဖြစ်ပွားလေ့ရှိသည်။ ဩဂုတ် ၁၃ ရက်နောက်ပိုင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုမှုများ ဖြစ်ပွားခဲ့သည်။ ထိုစဉ်အတွင်း မြစ်ရေ မြင့်တက်မှုကြောင့် မြေနိမ့်ပိုင်းရှိ ကျေးရွာများမှ နေအိမ်များ မျောပါခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

နီပေါနိုင်ငံမှ ဆေးရုံများနှင့် ကျန်းမာရေးစောင့်ရှောက်မှု ဌာနများတွင် ၃၆ဦးခန့်ကို ဆေးဝါးကုသမှု ပေးနေရပြီး ၇၅ဦးမှာ ပျောက်ဆုံးနေကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။

ပျောက်ဆုံးနေသူများမှာ ရေစီးဖြင့် မျောပါသွားသူများ ဟုတ်၊ မဟုတ်၊ ပျက်စီးသွားသော နေအိမ်များအတွင်း ပိတ်မိနေသူများ ဟုတ်၊မဟုတ်၊ ဆက်သွယ်ရေးလိုင်းများ ပြတ်တောက်မှုကြောင့် အဆက်အသွယ်မရဘဲ ဖြစ်နေသူများ ဟုတ်၊မဟုတ် အတိအကျမသိရကြောင်း အစိုးရတာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

**ဘီဘီစီ။**

# အီရတ်မြောက်ပိုင်းတွင် ယာဇီဒီရွာသားများကို အိုင်အက်(စ်)က အစုလိုက်သတ်ဖြတ်

**ဘဂ္ဂဒက် ဩဂုတ် ၁၆**

အီရတ်နိုင်ငံ မြောက်ပိုင်းတွင် စစ်သွေးကြွများက ယာဇီဒီကျေးရွာတစ်ရွာအတွင်းမှ အနည်းဆုံး အမျိုးသား ၈၀ကို အစုအပြုံလိုက် သတ်ဖြတ်ကာ အမျိုးသမီးများနှင့် ကလေးများကို ပြန်ပေးဆွဲသွားကြောင်း စနေနေ့သတင်းများတွင် ဖော်ပြသည်။

အစ္စလာမ့်စ်နိုင်ငံ (အိုင်အက်စ်)စစ်သွေးကြွများသည် မော်တော်ယာဉ်များဖြင့် ကော်ဂျိုးကျေးရွာသို့ သောကြာနေ့တွင် ရောက်ရှိလာပြီး အမျိုးသားများကို အုပ်စုနှစ်စုခွဲကာ သတ်ဖြတ်ခဲ့ကြောင်း ကဒ်အဆင့်မြင့် တာဝန်ရှိသူ ဟို့ချ်ယာ ဇီဘာရီက ပြောသည်။

ယင်းနောက် အမေရိကန်မောင်းသူမဲ့လေယာဉ်တစ်စင်းက ၎င်းတို့၏ ယာဉ်တန်းမှ နှစ်စီးကို ဖျက်ဆီးခဲ့ကြောင်း ဇီဘာရီက ထပ်မံပြောကြားခဲ့သည်။

လွန်ခဲ့သည့် ရက်သတ္တတစ်ပတ်က သိမ်းယူခဲ့သည့် မိုဆူးဆည်အနီးရှိ အိုင်အက်(စ်)စစ်စခန်းများကို အမေရိကန်စစ်လေယာဉ်များက တိုက်ခိုက်ခဲ့ကြောင်းလည်း သတင်းများက ဖော်ပြသည်။ **အေပီ။**



တောင်ပေါ်၌ ခိုလှုံနေကြရသည့် ယာဇီဒီမျိုးနွယ် ရွာသူရွာသားများကို တွေ့ရစဉ်။

# ပါကစ္စတန်တွင် ဝန်ကြီးချုပ် နုတ်ထွက်သည်အထိ ဆန္ဒပြကြမည်ဟုဆို

အစ္စလာမ္မာဘတ် ဩဂုတ် ၁၆

**ပါကစ္စတန်ဆန္ဒပြခေါင်းဆောင် နှစ်ဦးက ဝန်ကြီးချုပ်နာဝပ်ရှရစ်ဖ် နုတ်ထွက်သည်အထိ ဆက်လက်ဆန္ဒပြသွားမည်ဖြစ်ကြောင်း စနေနေ့တွင် ကြွေးကြော်ခဲ့သည်။**

**မြို့တော်အတွင်းသို့ ထောင်ပေါင်းများစွာသော ဆန္ဒပြသူများ ဝင်ရောက်လာခြင်းသည် ၁၅လမျှသာ သက်တမ်းရှိသေးသည့် အရပ်သားအစိုးရကို အကြီးကျယ်ဆုံး စိန်ခေါ်ခြင်းပင်ဖြစ်သည်။**

အတိုက်အခံ ပါကစ္စတန်တက်ခ်ျရီ-အီ-အင်ဆော့ဖ်ပါတီ ခေါင်းဆောင် ခရစ်ကက် အကျော်အမော်ဟောင်း အီမီယာခန်က ၎င်းတို့သည် နိုင်ငံလွတ်လပ်ရေး အစစ်အမှန်မရသရွေ့ မြို့တော်မှ ထွက်ခွာသွားကြမည် မဟုတ်ကြောင်း အစ္စလာမ္မာဘတ်မြို့သို့ မဝင်မီတစ်ရက်တွင် ၎င်း၏ နောက်လိုက်များကို ပြောကြားခဲ့သည်။

မြို့တော်သို့ ချီတက်လာကြသည့် သီးခြားဆန္ဒပြအဖွဲ့ကို ခေါင်းဆောင်သည့် ထင်ရှားသော ဘာသာရေးခေါင်းဆောင် တာဟီယာအူလ်-ကာဒရီက ၎င်း၏ နောက်လိုက်များနှင့်အတူ ထိုင်ဆန္ဒပြရန် စီစဉ်ထားသည်။

လူဦးရေသန်း ၁၈၀ ရှိသည့် နျူကလီးယားလက်နက်ပိုင်ရှင်နိုင်ငံက ပါကစ္စတန်တာလီဘန်စစ်သွေးကြွများကို ထိုးစစ်ဆင်နွှဲနေချိန်နှင့် အနောက်အုပ်စုဆန့်ကျင်ရေးနှင့်ဂိုဏ်းဂဏအုပ်စုများ၏ ဩဇာအရှိန်အဝါ ကြီးထွားလာချိန်တွင် မငြိမ်မသက် ဖြစ်နေခြင်းမှာ ပါကစ္စတန်နိုင်ငံ၏ တည်ငြိမ်ရေးကို မေးခွန်းထုတ်စရာဖြစ်နေသည်။

သောကြာနေ့တွင် ဂူဂျီရမ်ဝါလာမြို့အရှေ့ပိုင်းသို့ ခန်၏ မော်တော်ယာဉ်တန်းကြီးဝင်ရောက်လာစဉ် လူအုပ်ကြီးက ခဲဖြင့် ဝိုင်းထုခဲ့ကြကြောင်း၊ သေနတ်ဖြင့် ပစ်ခတ်ခဲ့ကြောင်း၊ သို့သော်ခန်ဒဏ်ရာမရခဲ့ကြောင်း ၎င်း၏ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

**ဖမ်းဆီး**

အစိုးရက ပစ်ခတ်မှုမရှိခဲ့ကြောင်း ငြင်းဆို၍ အာဏာရပါတီမှ လှုပ်ရှားသူ ၁၆ဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း ပြောသည်။

အစ္စလာမ္မာဘတ်မြို့တွင် အာဏာပိုင်များသည် ဆန္ဒပြသူများ ချီတက်လာခြင်းကို ထိန်းချုပ်ရန် ကြိုးစားသည့် အနေဖြင့်ကုန်သေတ္တာများ၊ သံဆူးကြိုးများဖြင့်လမ်းများကို ပိတ်ဆို့ထားသည့်အပြင် အဓိကရုဏ်းနှိမ်နင်းရေး ရဲတပ်ဖွဲ့များကိုလည်း ဖြန့်ချထားသည်။

ဝန်ကြီးချုပ်နှင့်ဆက်ဆံရေး အဆင်မပြေသော စစ်ဘက်မှ အချို့သော အင်အားစုများက ဆန္ဒပြခြင်းကို လျှို့ဝှက်စွာ ထောက်ခံအားပေးလျက်ရှိသည်ဟု ရှရစ်ဖ်၏ ပါတီမှ အဖွဲ့ဝင်အချို့က ပြောသည်။ ခန်နှင့် ကာဒရီတို့၏ အစိုးရအဖွဲ့ မတည်မငြိမ်ဖြစ်အောင်လုပ်နိုင်သော အတိုင်းအတာပမာဏသည် လက်နက်ကိုင်အဖွဲ့အစည်းများ၏ သဘောထားအပေါ် တည်မှီရာရှိသည်ဟု ဆိုသည်။

ပြည်သူအနည်းငယ်က အာဏာသိမ်းမှု ဖြစ်ပွားမည်ကို စိုးရိမ်လျက်ရှိသည်။ သို့သော် တာဝန်ရှိသူ အများကမူ မတည်မငြိမ်မှု၏ ခြိမ်းခြောက်ခြင်းသည် အစိုးရအဖွဲ့ကို စစ်ဘက်က ပိုမိုချုပ်ကိုင်လာစေမည်ဟု ယူဆကြသည်။ **ရိုက်တာ။**






ဩဂုတ် ၁၆ ရက်နံနက် ၉ နာရီခန့်က ရန်ကုန်မြို့တွင်းမှ မောင်းနှင်လာသော ၁၀ ဘီးကုန်သေတ္တာတင်ယာဉ် ၈ျ/------အပြာရောင် ဟီးနိုးယာဉ်သည် ပါရမီလမ်းနှင့် ဘုရင့်နောင်လမ်းဆုံ မီးပွိုင့်အလွန် ဘုရင့်နောင် ခုံးကျော်တံတားအတက် ယာဉ်ကြောပေါ်တွင် လမ်းလယ်တုံးများအား အရှိန်လွန်တိုက်မိမှုဖြစ်ပွားစဉ်။

(မောင်စေအောင်)

# မြန်မာ-ယမ်စီကုမ္ပဏီကြေးနီသန့်စင်စက်ရုံသစ် ဒုတ္ထာမွှေကန်မှ မယ်ဇင်ရည်များဓာတ်ပြုမီးလောင်

**မုံရွာ ဩဂုတ် ၁၆**

ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနယ်မြေ ဧရိယာ မြန်မာ-ယမ်စီကုမ္ပဏီ ကြေးနီသန့်စင် စက်ရုံသစ်၌ ဩဂုတ် ၁၃ ရက်မွန်းတည့် ၁၂ နာရီခန့်က ဝန်ထမ်းများ ထမင်းစားပြန်ချိန်တွင် ဒုတ္ထာမွှေကန်မှ မယ်ဇင်အရည်များ (သစ်သားဆက်ရာတွင် သုံးသောကော်ရည်)များ ဓာတ်ပြုမီးလောင်မှုဖြစ်ပွားခဲ့ရာ အဆောက်အအုံနှင့် မယ်ဇင်ရည်ကာလတန်ဖိုး အမေရိကန်ဒေါ်လာ ရှစ်သောင်းခန့် ဆုံးရှုံးခဲ့ကြောင်း သိရသည်။

မီးလောင်လျှင်လောင်ချင်း မြန်မာ-ယမ်စီကုမ္ပဏီမှ ဝန်ထမ်းများအနေဖြင့် သက်ဆိုင်ရာသို့ ချက်ချင်းသတင်းပို့ခဲ့ရာ မြန်မာ-ယမ်စီကုမ္ပဏီမှ မီးသတ်ယာဉ် သုံးစီး၊ မြန်မာ-ဝမ်ပေါင်ကုမ္ပဏီမှ မီးသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ်နှစ်စီးတို့ဖြင့် ဝိုင်းဝန်းငြှိမ်းသတ်ရာ မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ ခန့်တွင် မီးငြိမ်းသွားကြောင်း သိရသည်။

မီးလောင်မှုနှင့် ပတ်သက်၍ တာဝန်ရှိသူ ဦးသန်းလှိုင် (၅၉)နှစ် (ဌာနမှူးကြီး၊ သတ္တုရိုင်းကြိတ်ခွဲသန့်စင်ရေးဌာန၊ မြန်မာ-ယမ်စီကုမ္ပဏီ)နှင့် ကြေးနီသန့်စင်ထုတ်လုပ်ရေးစက်ရုံ လက်ထောက်ပြုပြင်ရေးတာဝန်ခံ၊ ကြေးနီထုတ်လုပ်စက်ရုံတည်ဆောက်ပြုပြင်ရေးတာဝန်ခံ တရုတ်နိုင်ငံသားနှစ်ဦးတို့အပေါ် ဆားလင်းကြီးမြို့ မြို့မရဲစခန်းက (ပ)အမှတ်၁၁၂/၂၀၁၄၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၈၅ အရ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# စိတ်ကြွရူးသွပ်ဆေးပြားများ၊ ဆေးခြောက်များနှင့် တူမီးသေနတ်နှစ်လက် သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၁၆**

ဩဂုတ် ၁၃ ရက်က လဲချားမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် လဲချားမြို့အနောက်ဘက် လဲချား-ပင်လုံသွားလမ်းပေါ်တွင် မိုင်းကိုင်မြို့ဘက်မှ လဲချားမြို့ဘက်သို့ ဆိုင်ကယ်မောင်းနှင်လာသူအား ရပ်တန့်ရှာဖွေရာ ဆိုင်ကယ်စီးလာသူ မျိုးသိန်းကျော် (၃၃) နှစ်၏ဘောင်းဘီအိတ်အတွင်းမှ စိတ်ကြွရူး သွပ်ဆေးပြားကိုးပြား၊ တူမီးသေနတ် နှစ်လက်နှင့် လက်ကိုင်ဖုန်းတစ်လုံး သိမ်းဆည်းရမိခဲ့၍ ၎င်းအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားသည်။

ထို့ပြင် ဩဂုတ် ၁၄ ရက်တွင် စစ်တွေမြို့ ပြည်တော်သာရပ်ကွက် မြောက်စံပြရွာနေ ကျော်ဆန်းနှင့် ဇော်နိုင်ဦးတို့မှာ စစ်တွေမြို့ အရှေ့ဘက်ကမ်းခြေ၌ ငါးမျှားနေစဉ် အထုပ်တစ်ထုပ်တွေ့ရှိ၍ ပြည်တော်သာရပ်ကွက် အုပ်ချုပ်ရေးမှူးထံသို့ လာရောက်အပ်နှံသဖြင့် မူးယစ်တပ်ဖွဲ့စု(၄၇)စစ်တွေမူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ အဆိုပါအထုပ်အတွင်းမှ ဆေးခြောက် ၂ ဒသမ ၅ ကီလိုကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိသဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားသည်။

အလားတူ မူးယစ်တပ်ဖွဲ့စု(၄၁) ရန်ကုန်အရှေ့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၄ ရက်က ဒေါပုံမြို့နယ် ကြည်စုရပ်ကွက်နေ အောင်ထွန်းလင်း၏နေအိမ်အား သတင်းအရ ဝင်ရောက်ရှာဖွေရာ ၎င်း၏အကျႌအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၄ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံး သိမ်းဆည်းရမိခဲ့၍ အောင်ထွန်းလင်း (၄၃)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**



ပိုင်ရှင်မဲ့ သိမ်းဆည်းရမိသည့် ဆေးခြောက်များအား တွေ့မြင်ရစဉ်။

# ရေးမြို့တွင် ဆိုင်ကယ်မောင်းနှင်လာသူနှစ်ဦးထံမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**မော်လမြိုင် ဩဂုတ် ၁၆**

မွန်ပြည်နယ် ရေးမြို့တွင် မူးယစ်ဆေးဝါးသတင်းအရ စောင့်ဆိုင်းရှာဖွေဖမ်းဆီးရာ ဆိုင်ကယ်မောင်းနှင်လာသူနှစ်ဦးထံမှ WYစာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရေးမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ကျော်သက်ခိုင် ဦးစီးသောတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ မူးယစ်ဆေးဝါးသတင်းအရ ဩဂုတ် ၁၅ရက် ည ၈နာရီခွဲတွင် ရေးမြို့သီရိနန္ဒာ/ အဏ္ဏဝါရပ်ကွက် တနသ်ာရီလမ်းမကြီးဘီအိုစီဆိုင်ရှေ့၌ စောင့်ဆိုင်းနေစဉ် ရေးမြို့ ရန်ကြီးအောင်ရပ်ကွက် ဘုရင့်နောင်လမ်း အမှတ်(၃)နေ ဘိုဘိုဟိန်းထက် (၂၃)နှစ် မောင်းနှင်ပြီးနောက်တွင် ရေးမြို့ ရန်မျိုးအောင်ရပ်ကွက် စစ်တောင်းလမ်း အမှတ်(၄၁)နေ အောင်မိုးသူ(၁၉)နှစ် စီးနင်းလိုက်ပါလာသည့် ဝေ့ဖ် ၁၁၀ အမျိုးအစား ဖြူ/မည်းရောင် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ အောင်မိုးသူဝတ်ဆင်ထားသည့် ဘောင်းဘီအိတ်အတွင်းမှ EURO စီးကရက်ဘူးခွံအတွင်း ထည့်ထားသော Panasonic ဓာတ်ခဲသံခွံအတွင်း၌ ပလတ်စတစ်ဖြင့် ထုပ်လျက် WYစာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၈ ပြား (ကာလတန်ဖိုး ငွေကျပ် ၉၀၀၀၀) အား ရှာဖွေတွေ့ရှိခဲ့သဖြင့် သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။

အောင်မိုးသူနှင့် ဘိုဘိုဟိန်းထက်တို့အား စစ်ဆေးမေးမြန်းရာ အဆိုပါ မူးယစ်ဆေးပြားများအား ရေးမြို့နယ် ကျုံလောင်းရွာဟောင်းနေ မင်းမင်းဦး (ခ) မင်းမင်း (၂၅)နှစ်ထံမှ ဆေးပြားတစ်ပြားလျှင် ကျပ် ၃၀၀၀ နှုန်းဖြင့် ဝယ်ယူလာစဉ် ဖမ်းဆီးခြင်းခံရကြောင်း ထွက်ဆိုခဲ့သည်။

အမှုနှင့်ပတ်သက်၍ ရေးမြို့မရဲစခန်းက မယ(ပ)၅/၂၀၁၄၊ မူး/စိတ် ဥပဒေပုဒ်မ ၁၅/၁၆(ဂ)/၂၁ဖြင့် အမှုရေးဖွင့်၍ ကွင်းဆက်ဖော်ထုတ် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သိန်းလှိုင်(မော်လမြိုင်)**




## အမြန်ငှားမည်

သုဝဏ္ဏ၊ VIP၊ တောင်ထိပ်ပန်းလမ်းမကြီးပေါ်၊ ထောင့်ခြံ၊ မြေအကျယ်(၉၀×၈၀)ပေ၊ ၂ထပ်RC၊ အိပ်ခန်း(၄)ခန်း၊ ဖုန်းပါ၊ ရေ၊ မီးအစုံ၊ အဲယားကွန်း(၅)လုံး၊ ကား(၈)စီးရပ်နားနိုင်သော နေရာပါရှိ၊ ရုံးခန်းဖွင့်လိုသူများ၊ တိတ်ဆိတ်ငြိမ်သက်စွာ နေထိုင်လိုသူများအတွက် အထူးသင့်လျော်သည်။

ငွေကျပ်(၂၀)သိန်း

ဆက်သွယ်ရန်ဖုန်း။ ။ 01-560787, 01-572224, 09-5178979, 09420301091, 09-43022828။



# နောင်ရေးစိတ်အေးစေမည့် မြေယာအသုံးချမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ

မြန်မာ့သတင်းစဉ် >> သတင်းအဖွဲ့

မြို့ပြ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများအတွက် မြေအရင်းအမြစ် စီမံခန့်ခွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနအမှတ်-၂ ၌ ဩဂုတ် ၁၅ ရက်တွင် ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၏ စီးပွားရေးဆိုင်ရာ အကြံပေး ဒေါက်တာဇော်ဦးက "ကျွန်တော်တို့နိုင်ငံမှာ အရေးအကြီးဆုံးဖြစ်တဲ့ မြေအရင်းအမြစ်ကို စနစ်တကျ ဘယ်လိုစီမံခန့်ခွဲမလဲဆိုတဲ့ အခြေခံမူဘောင်တစ်ရပ် ပေါ်ထွန်းလာပြီး ဒီအခြေခံမူနဲ့ အညီ ပြည်သူအများပါဝင်တဲ့ လုပ်ငန်းစဉ်တွေဖြစ်ထွန်းလာအောင် ပညာရှင် ၁၈ ဦးကနေပြီး စာတမ်းတွေလုပ်ကြပါတယ်။ ပြီးရင်နိုင်ငံတော်အစိုးရအဖွဲ့ ဌာနအသီးသီး၊ ပုဂ္ဂလိကလုပ်ငန်းရှင်တွေ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေကိုပါ ဝိုင်းဝန်းဆွေးနွေးအကြံပြုတဲ့ ဆွေးနွေးပွဲဖြစ်ပါတယ်။

ဒီဆွေးနွေးပွဲက မြေအရင်းအမြစ်စီမံခန့်ခွဲမှုဖြစ်စဉ်မှာ ရှေးဦးပဏာမလုပ်လိုက်တဲ့ ပထမဆုံးအလုပ်ရုံဆွေးနွေးပွဲဖြစ်ပါတယ်။ ဒီအလုပ်ရုံဆွေးနွေးပွဲ အပြီးမှာ ဆက်ပြီးဆောင်ရွက်ရမယ့် ရှေ့လုပ်ငန်းစဉ်တွေကိုလည်း ချမှတ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ရှေ့လုပ်ငန်းစဉ်တွေထဲမှာဥပဒေတစ်ရပ် ခိုင်ခိုင်မာမာရှိလာရေး၊ မြေသုံးစွဲတဲ့အခါမှာလည်း တစ်မျိုးသားလုံး ဆောင်ရွက်နိုင်မယ့် မြေပုံတစ်ခုတည်းဖြစ်ရေးစတဲ့ ကောင်းမွန်သော ရည်မှန်းချက်တွေချမှတ်ပြီး ရေတို၊ ရေရှည်လုပ်ငန်းစဉ်တွေအားလုံးကို စီစဉ်ဆောင်ရွက်သွားဖို့ ရည်ရွယ်ထားပါတယ်"ဟု ပြောပြသည်။

ထို့ပြင် "အခုဆွေးနွေးပွဲမှာ ကျေးလက်ဖွံ့ဖြိုးမှုအထောက်အကူပြုအဖွဲ့က ကိုယ်စားလှယ်တွေပါသလို မြို့နယ်အထောက်အကူပြုအဖွဲ့က မြို့မိ မြို့ဖကိုယ်စားလှယ်များလည်း ပါဝင်ကြပါတယ်။ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေက ကိုယ်စားလှယ်တွေလည်း ပါဝင်ကြပါတယ်။ သူတို့ အဓိကပြောတာက မြေအရင်းအမြစ် စီမံခန့်ခွဲမှုမှာ ကျေးလက်ဒေသမှာရှိတဲ့ ပြည်သူတွေအတွက် အင်မတန်အရေးကြီးပြီး ကျေးလက်ဒေသပြည်သူများ ဖွံ့ဖြိုးမှုရှိနိုင်ရေး စိုက်ပျိုးရေးသာမက လုပ်သာကိုင်သာရှိတဲ့ မွေးမြူရေးနဲ့ တခြားလုပ်ငန်းများကို အလွယ်တကူပြောင်းလဲဆောင်ရွက်နိုင်အောင် အစိုးရဌာနအသီးသီးကလည်း ဖြေလျှော့မှုတွေလုပ်ပေးဖို့၊ အဆင့်ဆင့်ကြန့်ကြာမှုတွေကိုလည်း ပိုပြီးအချိန်မီဖြစ်လာအောင် ဆောင်ရွက်ပေးဖို့ တိုက်တွန်းပြောသွားတာရှိပါတယ်။

အထူးသဖြင့် မြေစီမံခန့်ခွဲမှုမှာ ကျေးလက်ဒေသပြည်သူတွေဟာ ထိခိုက်နစ်နာလွယ်တဲ့သူတွေဖြစ်ပါတယ်။ ဆင်းရဲမှုလျှော့ချရေးမှာလည်း ရှေ့တန်းက ဦးစားပေးစဉ်းစားရမယ့် ပြည်သူတွေဖြစ်ပါတယ်။ သို့သော် မြေအရင်းအမြစ်စီမံခန့်ခွဲမှုမှာ မြေသိမ်းဆည်းထားတဲ့ ကိစ္စတွေ၊ သိမ်းဆည်းထားတဲ့မြေတွေကို ပြန်လည်စွန့်လွှတ်တဲ့ကိစ္စ၊ ခွဲဝေတဲ့ကိစ္စနဲ့ မြေအသုံးချမှုကို ပြောင်းလဲလုပ်နိုင်မယ့်ကိစ္စတွေမှာတော့ ကြန့်ကြာမှုတွေဖြစ်နေတာကို အခုကတည်းကဦးစားပေးအနေနဲ့ စဉ်းစားဆောင်ရွက်သင့်ပါတယ်။ အရေးကြီးဆုံးက အခြားဖွံ့ဖြိုးရေးစီမံချက်တွေ မစနိုင်ရင်တောင် ကျေးလက်လူထုကိုလူမှုဒုက္ခပေးနိုင်မယ့် ဆောင်ရွက်မှုမျိုးကို နိုင်ငံတော်ပိုင်းကရော ပုဂ္ဂလိကပိုင်းကပါ မဆောင်ရွက်မိအောင်ဆိုပြီး နိုင်ငံတကာ ပြည်တ်ချက်နဲ့အညီ ဆောင်ရွက်ဖို့ တိုက်တွန်းပြောသွားတာရှိပါတယ်။ ဒါတွေဟာ ကျေးလက်နေပြည်သူတွေ ဆင်းရဲမှုလျှော့ချရေးအတွက် အင်မတန်မှ အရေးကြီးတဲ့ မူ၊ လုပ်ငန်းစဉ်ဖြစ်ပါတယ်"

"နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေအရင်းအမြစ်က ပြန်လည်ဖြည့်ဆည်းလို့မရတဲ့ အရင်းအမြစ်တစ်ခုဖြစ်ပါတယ်။ အခြားအရင်းအမြစ်တွေဖြစ်တဲ့ လူ့စွမ်းအားအရင်းအမြစ်တွေ အားနည်းနေရင်ဖြည့်ပေးလို့ရတယ်။ အဲဒါကြောင့် မြေအရင်းအမြစ်ကို သုံးစွဲတဲ့အခါမှာ မှန်မှန်ကန်ကန်သုံးစွဲဖို့ အရေးကြီးပါတယ်။ တန်ဖိုးကိုလည်း စနစ်တကျတွက်ဆသုံးစွဲနိုင်ဖို့လိုပါတယ်။ အများနဲ့ဆိုင်တဲ့ အရင်းအမြစ်ဖြစ်တဲ့အတွက် အများပါဝင်တဲ့ပုံစံနဲ့လည်း သုံးစွဲဖို့လိုပါတယ်။ ဒီလိုဆောင်ရွက်နိုင်မယ်ဆိုရင် အများအတွက်၊ ပြည်သူအတွက် ဖွံ့ဖြိုးမှုကို ဦးတည်တဲ့ မြေအရင်းအမြစ်သုံးစွဲမှု ဖြစ်လာမှာဖြစ်ပါတယ်" ဟု ပြောပြခဲ့သည်။

"မြေယာအပေါ် ပြည်သူများစိုးရိမ်ပူပန်မှုကိုလည်း မြေအရင်းအမြစ်စီမံခန့်ခွဲမှုက အငြင်းပွားနေတဲ့ ကိစ္စတစ်ရပ်လည်းဖြစ်သလို ပြည်သူအကြားမှာလည်း စိန်ခေါ်မှုတစ်ရပ် ဖြစ်ပါတယ်။ သို့သော်လည်း ဒီအလုပ်ရုံဆွေးနွေးပွဲရဲ့ ဆွေးနွေးမှုပုံစံကိုက လက်ရှိပြဿနာတွေကိုပဲ ထိုင်ပြောနေမယ့်အစား ပြဿနာတွေကို အဖြေရှာတဲ့ပွဲမျိုးဖြစ်အောင် ရေရှည်မှာ ကောင်းမွန်တဲ့ မြေအရင်းအမြစ်စီမံခန့်ခွဲမှုတစ်ရပ်ကို ဘယ်လိုတည်ဆောက်မလဲ၊ တည်ဆောက်ဖို့လိုအပ်မယ့် အခြေခံမူတွေကဘယ်လိုရှိမလဲ၊ အဲဒီလိုဆောင်ရွက်နိုင်ဖို့ စုဖွဲ့မှုတွေကို ဌာနတွေရဲ့ ပြင်ဆင်ဆောင်ရွက်နိုင်မှု ဘယ်လိုရှိမလဲ၊ အနာဂတ်အခြေခံအုတ်မြစ်ကို သိပြီဆိုရင် ဒါတွေကိုဘယ်လိုတည်ဆောက်မလဲဆိုတဲ့ လမ်းကြောင်းကို ကျွန်တော်တို့ရွေးကြပါမယ်။ အဲဒီလမ်းကြောင်းတွေမှာ အားလုံးပါဝင်လာအောင် ဘယ်လိုသွားမလဲဆိုတဲ့လုပ်ငန်းစီမံချက်တွေ ရေးဆွဲကြပါမယ်။ အဲဒါဆိုရင် ရေရှည်အမြင်၊ ဘုံအမြင်နဲ့ ဆောင်ရွက်လိုက်မယ်ဆိုရင် ရေတိုမှာဖြစ်နေတဲ့ ပြဿနာတော်တော်များများကိုလည်း ဖြေရှင်းနိုင်မယ့်လမ်းစကောင်းတွေ၊ အဖြေကောင်းတွေ ထွက်လာမယ်လို့ ယုံကြည်ထားပါတယ်။ ဒီပုံစံနဲ့ပဲ ဒီနေ့ဆွေးနွေးပွဲကို စီစဉ်ထားတာဖြစ်ပါတယ်။

အကြမ်းဖျင်းပြောရရင် မြေအရင်းအမြစ်ကို စီမံခန့်ခွဲတဲ့နေရာမှာ နိုင်ငံတော်နဲ့ အစိုးရအပိုင်းက စီမံခန့်ခွဲရမှာရှိသလို ဈေးကွက်စနစ်ဖြစ်လာရင် ဈေးကွက်က သူ့ဈေးကွက်ရဲ့ ရောင်းလိုအား၊ ဝယ်လိုအားပေါ်မူတည်ပြီး စီမံသွားမယ့် ပုံစံလည်းဖြစ်လာမှာဖြစ်ပါတယ်။ နောက်ဆုံးဆွေးနွေးတဲ့ အထဲမှာကိုက နိုင်ငံတော်ပိုင်းကစီမံခန့်ခွဲရတဲ့ ရှုထောင့်တစ်ခုတည်းက ကြည့်လို့မရဘူး၊ ဈေးကွက်က ဈေးကစားတဲ့ကိစ္စ၊ ဈေးကစားမှုဒဏ်ကို အားလုံးခံနေရတဲ့ ကိစ္စ၊ ဒါတွေကို ဈေးကွက်မှာလည်း စနစ်တကျဖြစ်လာအောင် ဘယ်လိုလုပ်မလဲဆိုတဲ့ကိစ္စကိုလည်း စဉ်းစားထားပါတယ်။ အဲဒါကြောင့် အစိုးရရော၊ ဈေးကွက်အပိုင်းကပါ မြေစီမံခန့်ခွဲမှုမှာ မှန်ကန်တဲ့ဖြစ်ပေါ်တိုးတက်မှုတွေ ရှိလာအောင် ဘယ်လိုလုပ်မလဲဆိုတာ ပြည့်ပြည့်စုံစုံစဉ်းစားဖို့ စီစဉ်ထားပါတယ်။

မြေအရင်းအမြစ်စီမံခန့်ခွဲမှုဆိုတဲ့ ကိစ္စဟာ အင်မတန်သိမ်မွေ့တယ်။ ခက်ခဲပြီး စိန်ခေါ်မှုများစွာရှိတဲ့ လုပ်ငန်းစဉ်ဖြစ်တယ်။ နိုင်ငံတကာအတွေ့အကြုံရှိတဲ့ ပညာရှင်တွေရဲ့ ထောက်ပြချက်အရဆိုရင် အခြားနိုင်ငံတွေမှာဆိုရင် နှစ်ရှည်လများ ကျားကုတ်ကျားခဲကြိုးစားပြီး ဖြေရှင်းယူရတဲ့လုပ်ငန်းစဉ်မျိုးဖြစ်ပါတယ်။ ဒါပေမယ့်လည်း ကျွန်တော်တို့နိုင်ငံက ပြုပြင်ပြောင်းလဲရေးအရှိန်တွေက မြင့်လာပြီ၊ ရေတိုမှာ လက်တွေ့အကျိုးရှိမယ့် လုပ်ငန်းစဉ်တွေကိုလည်း ကျွန်တော်တို့ချမှတ်နိုင်ဖို့ ဒီဆွေးနွေးပွဲကနေမျှော်လင့်ထားပါတယ်။ ဒီအပေါ်မှာ အတွေ့အကြုံ၊ သင်ခန်းစာယူမယ်၊ ဒါဆိုရင်ရေရှည်တည်တံ့တဲ့ မူဝါဒနဲ့ ဥပဒေတွေ ထွက်လာဖို့ အစီအစဉ်ကောင်းတွေကိုလည်း တတ်နိုင်သလောက်ကြိုးစားပြီး စဉ်းစားဆောင်ရွက်ထားတယ်ဆိုတာ တင်ပြလိုပါတယ်"ဟု ထပ်လောင်းရှင်းပြခဲ့သည်။

မြန်မာနိုင်ငံ၏ မြေယာစီမံခန့်ခွဲမှုအပေါ် ကုလသမဂ္ဂလူသားများ ပြန်လည်နေရာချထားရေးအစီအစဉ် (United NationsHumanSettlementsProgramme)မှ တာဝန်ရှိသူတစ်ဦးက "သူ့အနေနဲ့နိုင်ငံပေါင်းစုံမှာ လက်ရှိလုပ်ကိုင်ဆောင်ရွက်နေတဲ့ မြေယာပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွေအနက် မြန်မာနိုင်ငံရဲ့ မြေယာပြုပြင်ပြောင်းလဲရေးအမြန်နှုန်းရဲ့ ဖြစ်စဉ်တွေက အခြားနိုင်ငံတွေထက် လျင်လျင်မြန်မြန် တိုးတက်ဖွံ့ဖြိုးနေတာကို တွေ့ရတဲ့အတွက် အံ့ဩမိပါတယ်။

"လက်ရှိမြန်မာနိုင်ငံမှာ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ဥပဒေတွေ ထွက်ရှိနေပေမယ့် အဓိကကျတဲ့ မြေယာစီမံခန့်ခွဲမှုဆိုင်ရာဥပဒေကို တိတိကျကျထုတ်ပြန်နိုင်ခြင်းမရှိသေးတာကိုလည်း တွေ့ရပါတယ်။ ထို့အတူ မြေစီမံခန့်ခွဲမှုဆိုင်ရာ စုဖွဲ့စီမံခန့်ခွဲမှုကို ပီပီပြင်ပြင်ဖြစ်ပေါ်လာဖို့လည်း လိုအပ်နေပါတယ်။ ကုလသမဂ္ဂလူသားများ ပြန်လည်နေရာချထားရေးအစီအစဉ်အနေနဲ့ လက်ရှိရှေ့ပြေးစီမံကိန်းတွေကတစ်ဆင့် ရေရှည်တည်တံ့နိုင်တဲ့ လုပ်ငန်းများဖြစ်တဲ့အထိကို ပါဝင်ကူညီဆောင်ရွက်ပေးဖို့ ရည်ရွယ်ထားပါတယ်။

"မြန်မာနိုင်ငံမှာ လက်ရှိဖြစ်ပေါ်နေတဲ့ မြေယာစီမံခန့်ခွဲမှုတွေကို သုံးသပ်ကြည့်ရင် စိုက်ပျိုးမြေမှတစ်ဆင့် အခြားမြေများ ပြောင်းလဲမှုတွေမှာ အခက်အခဲတွေနဲ့ ကြုံနေရတယ်လို့ ထင်ပါတယ်။ ဒီဆွေးနွေးပွဲမှာအခုကိစ္စကို အဓိကထား ဆွေးနွေးဖို့လိုပါတယ်။

"ဒ့ါအပြင် ကုလသမဂ္ဂလူသားများပြန်လည်နေရာချထားရေးအစီအစဉ်အနေနဲ့ မြန်မာနိုင်ငံရဲ့ မြို့ပြဖွံ့ဖြိုးမှုမှာ လမ်းကြောင်းမှားသွားမှာကို စိုးရိမ်ပါတယ်။ မြို့ပြဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းမှားသွားရင် နောင်ပြင်ဖို့ အလွန်ခက်ခဲပြီး ပြဿနာများနဲ့ အခက်အခဲတွေကို ရင်ဆိုင်ရလေ့ရှိတာကြောင့်ပါ။ မြန်မာနိုင်ငံအနေနဲ့ ကျေးလက်ဖွံ့ဖြိုးရေးကို ဇောင်းပေးဆောင်ရွက်နေမှုက မှန်ကန်ပေမယ့် ဒေသအတွင်းမှာ မလွဲမသွေရင်ဆိုင်ရမယ့် လမ်းကြောင်းတစ်ခုက မြို့ပြတွေ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပေါ်လာနိုင်တဲ့အတွက် မြို့ပြနဲ့ ပတ်သက်တဲ့ စီမံကိန်းတွေဟာ စနစ်တကျဖြစ်ရေးဟာ အရေးကြီးပါတယ်"ဟု ၎င်း၏အမြင်ကို ပြောကြားခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့ပြ၊ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများတွင် မြေအရင်းအမြစ်ခွဲဝေသုံးစွဲမှု အလားအလာနှင့် စိန်ခေါ်မှုများ စာတမ်းတင်သွင်းသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြစီမံကိန်းများရေးဆွဲရေး ပညာရှင် အင်ဂျင်နီယာမှူးကြီး(ဗိသုကာ) ဒေါ်လှိုင်မော်ဦးက မြန်မာနိုင်ငံ၏ မြို့ပြနှင့်ကျေးလက် ပကတိအခြေအနေများကို လေ့လာဆန်းစစ်မည်ဆိုပါက လက်ရှိနိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများကြောင့် မြို့ပြနှင့် ကျေးလက်ဒေသများသည် အပြောင်းအလဲများကို ရင်ဆိုင်နေကြရကြောင်း၊ ပြောင်းလဲမှုများကြောင့် အချို့ကျေးရွာများမှာ ကြီးထွားလာပြီး အခန်းကဏ္ဍတက်လာသည်ကို တွေ့ရသည့်နည်းတူ အချို့ကျေးရွာများ၏ အခန်းကဏ္ဍမှာ မှေးမှိန်သွားပြီး ကြီးထွားမှုရပ်ဆိုင်းသွားသည့် အခြေအနေများကို တွေ့ရှိနေရကြောင်း။

အလားတူ မြို့ပြများသို့ လူရွှေ့ပြောင်းဝင်ရောက်မှု တစ်ရှိန်ထိုး တိုးတက်လာသည်ကိုလည်း တွေ့ရကြောင်း၊ ရွှေ့ပြောင်းဝင်ရောက်မှုတွင် အလုပ်အကိုင်အခွင့်အလမ်းများ၊ ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများ၊ အသိပညာနှင့် လူနေမှုဘဝအရည်အသွေး စသည့် မြို့ပြဆွဲဆောင်အားများအပြင် ချိတ်ဆက်မှုအားနည်းခြင်း၊ အခွင့်အရေးနည်းပါးခြင်း၊ ဝန်ဆောင်မှုလုပ်ငန်းများ မတိုးတက်ခြင်း၊ စီးပွားရေးအရ တွက်ခြေမကိုက်ခြင်း၊ မြေပိုင်ဆိုင်မှုနှင့် မြေကွက်များ သေးငယ်လာခြင်းတို့ကလည်း ကျေးလက်တွန်းပို့အားများ ဖြစ်ကြောင်း။

အနာဂတ် မြို့ပြဖွံ့ဖြိုးရေးအတွက် ဖွံ့ဖြိုးရေးစီမံကိန်းများ စနစ်တကျနေရာ ဖြန့်ကြက်ချထားနိုင်မည့်အမျိုးသားအဆင့်စနစ်တစ်ရပ်ထူထောင်ပြီး ဖွံ့ဖြိုးမှုအသီးအပွင့်များကို မျှတစွာခံစားနိုင်ရန် ဖွံ့ဖြိုးရေး၊ ရင်းနှီးမြှုပ်နှံမှုနဲ့ ဘဏ္ဍာရေးအရင်းအမြစ်များ ရေရှည်အသုံးပြုနိုင်မည့် နေရာချထားရေးတို့ကို ဦးတည်သည့် ရေရှည်တည်တံ့ ခံနိုင်ရည်ရှိပြီး ကဏ္ဍစုံပါဝင်သော မြို့ပြကွန်ရက်စနစ်တစ်ရပ်ကို ထူထောင်သွားဖို့လိုအပ်ကြောင်း အကြံပြုတင်ပြခဲ့သည်။



နိုင်ငံတော်သမ္မတ၏ စီးပွားရေးဆိုင်ရာ အကြံပေး ဒေါက်တာဇော်ဦး။

ယနေ့အချိန်တွင် နိုင်ငံအနေဖြင့်ဘက်စုံတိုးတက်မှုအရှိန်အဟုန်များ၏ရွေ့လျားမှုသည် ကုန်လွန်ခဲ့သော သုံးနှစ်တာကာလအတွင်း တိုးတက်လာခဲ့သည်မှာ ကဏ္ဍစုံ၌ အသီးအပွင့်များသဖွယ် တွေ့မြင်နေရသည်။ တိုးတက်မှုတိုင်းတွင် ပေးဆပ်မှုနှင့် ဆုလာဘ်များရရှိသည့် နိယာမသဘောတရားအတိုင်း အကြောင်းကြောင့် အကျိုးဖြစ်လာခဲ့သည်ကို ထိတွေ့ခံစားလာရပြီဖြစ်သည်။

ထိုပြောင်းလဲမှုအရှိန်များကြောင့် ကောင်းမွန်သည်များရှိသည့်နည်းတူ အချို့တွင် အထူးသဖြင့် မြို့ပြများတွင် လူဦးရေ ထူထပ်များပြားလာခြင်းကြောင့် မြို့နယ်နိမိတ်နှင့် အနီးဆုံးတည်ရှိသော မြေနေရာများရှိ လယ်မြေ၊ သစ်တောမြေ စသည်တို့တွင် အလိုအလျောက်ပင် လူနေဧရိယာများနှင့် မြို့ပြအခြေခံအဆောက်အအုံ မြေနေရာများအဖြစ်သို့ မြေအသုံးပြုမှု ပြောင်းလဲမှုများ ဖြစ်ပေါ်လာခဲ့သည်။

မြို့ပြတိုးချဲ့ရေး စီမံကိန်းများ၊ မြို့သစ်စီမံကိန်းများ၊ ကျေးလက်ဒေသများတွင် မြေကွက်များ တိုးချဲ့ဖော်ထုတ်ခြင်းများ၊ လယ်မြေမှလူနေမြေအဖြစ် ပြောင်းလဲအသုံးပြုမှုများ ဖြစ်ပေါ်လာပြီး မြို့ရွာများ၏ ရုပ်ပိုင်းဆိုင်ရာ သွင်ပြင်လက္ခဏာများ စနစ်တကျရှိနေရန် လိုအပ်လျက်ရှိသည်။ မြို့ရွာများစနစ်တကျ ကြီးထွားဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် တိုးပွားလာသည့် လူဦးရေအတွက် သင့်လျော်သော အိမ်ရာစီမံကိန်း အစီအမံများ၊ လိုအပ်သည့် အခြေခံအဆောက်အအုံများကို ဖြည့်ဆည်းပေးရန် မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးရေးစီမံကိန်းများ၊ မြို့ပြနှင့် ပတ်ဝန်းကျင်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းပုံစံများကို စနစ်တကျရေးဆွဲ၍ စီမံကိန်းဆိုင်ရာ နည်းလမ်းများနှင့်အညီ အကောင်အထည်ဖော်ရန် အထူးလိုအပ်လျက်ရှိပြီး သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် လက်တွေ့ကျ၍ ထိရောက်သော ပံ့ပိုးကူညီမှုများကို ဆောင်ရွက်ပေးရမည့်အပြင် ဒေသခံများ၏ ညီညွတ်မျှတစွာ ပူးပေါင်းဆောင်ရွက်မှုဖြင့် အနာဂတ်တွင် မြို့ပြနှင့် ကျေးလက်ကွာဟချက်နည်းစွာဖြင့် နေရေးအတွက်တွေးမပူရသည့် နိုင်ငံတစ်ခုအဖြစ် ကမ္ဘာ့အလယ်တွင် ပေါ်ထွန်းလာတော့မည်ဖြစ်ကြောင်းတင်ပြလိုက်ရပါသည်။ ။

■

## အရှိန်မထိန်းနိုင်သော ခရီးသည်တင်ယာဉ် လမ်းလယ်ကျွန်းကပ်တိုးနှင့် ရေပြွန်ပေါက်အား ဝင်ရောက်တိုက်မိ

**နေပြည်တော် ဩဂုတ် ၁၆**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်းမိုင်တိုင်အမှတ် (၁၀၅/၀-၁) ကြားတွင် ဩဂုတ် ၁၃ ရက်နံနက် ၂ နာရီ ၁၅ မိနစ်က ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ မြို့ချောင်းအမြန်လမ်းရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် အမြန်လမ်းမီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ ရန်ကုန်မှ နေပြည်တော်သို့ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နေ စောအောင်ဝင်းသိန်း (၂၉)နှစ် မောင်းနှင်လာသော 8J/--- "နေကြယ်မင်း" ခရီးသည်တင်မှန်လုံယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းကာရံထားသည့် ကပ်တိုးနှင့် လမ်းလယ်ကျွန်းပေါ်ရှိ ရေပြွန်ပေါက်အား ဝင်ရောက်တိုက်မိပြီး လမ်းယာဘက်မြေသားဘမ်းဘေးရှိ မြောင်းထဲသို့ ထိုးကျရပ်တန့်ခဲ့ကြောင်း၊ ထိုသို့ တိုက်မိမှုကြောင့်ယာဉ်ပေါ်တွင် လိုက်ပါလာသူများ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် ယာဉ်မှာ ပျက်စီးဆုံးရှုံးခဲ့သဖြင့် ယာဉ်မဆင်မခြင်မောင်းနှင်သူ စောအောင်ဝင်းသိန်းအား မြို့ချောင်း အမြန်လမ်းရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**

■

# ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်နှင့် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)တွေ့ဆုံဆွေးနွေး



**ရန်ကုန် ဩဂုတ် ၁၆**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်နှင့် မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ(ယာယီ) ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်လေး(ဖိုးသောကြာ)၊ အတွင်းရေးမှူး ဦးကျော်မင်းဆွေနှင့် အဖွဲ့ဝင်များသည် ယနေ့နံနက် ၁၀ နာရီတွင် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)ရုံး၌ တွေ့ဆုံဆွေးနွေးကြသည်။**(ယာပုံ)**

တွေ့ဆုံဆွေးနွေးရာတွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)တို့သည် နိုင်ငံတော်သမ္မတ၏ မီဒီယာပြုပြင်ပြောင်းလဲရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ဖော်ကိုင်ဖက်အဖွဲ့အစည်းများအဖြစ် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် တစ်လတစ်ကြိမ်တွေ့ဆုံဆွေးနွေးသွားရေး၊ ဝန်ကြီးဌာနများ၌ သတင်းမီဒီယာများက သတင်းရယူရာတွင် နှစ်ဖက်အကြားတွေ့ကြုံရသည့် အခက်အခဲများ၊ ကျင့်ဝတ်ဆိုင်ရာပြဿနာများ ပြေလည်စေရေးအတွက် ဆောင်ရွက်သင့်သည့် အချက်များကို ဆွေးနွေးညှိနှိုင်းရေး၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် နိုင်ငံတကာဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့အစည်းများနှင့် ပြုလုပ်သော ဆွေးနွေးပွဲများနှင့် တွေ့ဆုံညှိနှိုင်းသည့်အခါများတွင် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)ကို ဆွေးနွေးဖက်အနေဖြင့် ဖိတ်ကြား၍ ပူးပေါင်းဆောင်ရွက်ရေး၊ စက်တင်ဘာလကုန်တွင် ကျင်းပမည့် မဏ္ဍိုင်လေးရပ် ဆွေးနွေးပွဲအတွက် လုပ်ငန်းအကောင်အထည်ဖော်နိုင်ရေးကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးဆောင်ရွက်ရေး၊ နိုင်ငံတော်သမ္မတနှင့် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)တို့ ယခုနှစ် ဩဂုတ် ၁ ရက်က တွေ့ဆုံရာတွင် တင်ပြညှိနှိုင်းခဲ့သည့် လုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရေးနှင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေနှင့် သတင်းမီဒီယာနည်းဥပဒေများ အတည်ပြုနိုင်ရေးတို့ကို အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံတွင် အာမခံလုပ်ငန်းဖွံ့ဖြိုးရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၆**

ဘဏ္ဍာရေးဝန်ကြီးဌာန၊ ကမ္ဘာ့ဘဏ်နှင့် အမေရိကန်ပြည်ထောင်စုကုန်သည်ကြီးများအသင်းတို့ ပူးပေါင်း၍"မြန်မာနိုင်ငံတွင် အာမခံလုပ်ငန်းဖွံ့ဖြိုးရေး"အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲ၌ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက ယခုအလုပ်ရုံဆွေးနွေးပွဲသည် အာမခံလုပ်ငန်းနှင့် ပတ်သက်၍ ကမ္ဘာ့ဘဏ်နှင့် အမေရိကန်ပြည်ထောင်စုကုန်သည်ကြီးများအသင်းတို့ ပူးတွဲကျင်းပသော ပထမဆုံးအကြိမ် အလုပ်ရုံဆွေးနွေးပွဲဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ အာမခံလောကတွင် Player နှစ်မျိုးရှိကြောင်း၊ အာမခံကုမ္ပဏီများနှင့် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့တို့ဖြစ်ကြောင်း၊ ယင်း Player နှစ်မျိုးလုံးသည် Capacity building လိုအပ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတကာရှိ business model များကို လေ့လာမည်ဖြစ်သော်လည်း ယဉ်ကျေးမှု၊ လူမှုရေး၊ စီးပွားရေးတို့နှင့်ကိုက်ညီအောင် ပြုပြင်အသုံးပြုသွားမည်ဖြစ်ကြောင်း။

အာမခံလုပ်ငန်း တိုးတက်ရေးအတွက် အနာဂတ်စီမံကိန်းများတွင် အာမခံအသင်းဖွဲ့စည်းရေး၊ အာမခံ database ထူထောင်ရေး၊ အမျိုးသားအာမခံ ကောလိပ်တည်ထောင်ရေးနှင့် ပေါ်လစီအာမခံဟု ခေါ်ဆိုနိုင်သည့် ကျန်းမာရေးအာမခံ၊ ရာသီဥတုရည်ညွှန်းပြုကောက်ပဲသီးနှံအာမခံ၊ ပညာရေးအာမခံနှင့် မိုက်ခရိုအာမခံတို့ ထုတ်လုပ်ရောင်းချရေးတို့ ပါဝင်ကြောင်း၊ တတ်နိုင်သမျှ ကြိုးစားဖော်ဆောင်သွားရမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးကြသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ အာမခံကုမ္ပဏီများမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ စုစုပေါင်းအင်အား ၅၀ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုဆွေးနွေးပွဲပြုလုပ်မည်

**နေပြည်တော် ဩဂုတ် ၁၆**

အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုဆပ်ကော်မတီသည် ဂျာမနီနိုင်ငံ GIZ နှင့်ပူးပေါင်း၍ မြန်မာ SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ SME များ၏ အရေးပါသောအခန်းကဏ္ဍကို နားလည်မှုရှိစေရန်၊ SME များ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရမည့် အသိပညာများကို ဖြန့်ဝေပေးရန်၊ SME များ၏ Financing နှင့် ပတ်သက်၍ ဆွေးနွေးရန်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရမှ ချမှတ်ထားသည့်မူဝါဒနှင့် ဥပဒေဆိုင်ရာများအား ဆွေးနွေးရန်ရည်ရွယ်ချက်များဖြင့် GIZ မှ လစဉ်ပံ့ပိုး၍ Saturday SME Talk ကျင်းပမည်ဖြစ်ရာ ပထမအကြိမ်အဖြစ် ဟောပြောဆွေးနွေးပွဲကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါသည်-

| | |
|---|---|
| ဟောပြောဆွေးနွေးမည့်ခေါင်းစဉ် | - Promoting Entrepreneurship and Innovative SMEs |
| ဟောပြောဆွေးနွေးမည့်ပုဂ္ဂိုလ် | - ဒေါက်တာအောင်ထွန်းသက် |
| ဆွေးနွေးပွဲကျင်းပမည့်နေ့ရက် | - ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်၊ စနေနေ့ |
| ဆွေးနွေးပွဲကျင်းပမည့်အချိန် | - (၁၃း၀၀)နာရီမှ (၁၅း၀၀)နာရီထိ |
| ဆွေးနွေးပွဲကျင်းပမည့်နေရာ | - SMEs Development Department (Yangon) အမှတ်(၃၅-ဘီ/၁၅)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ |

အဆိုပါဟောပြောဆွေးနွေးပွဲသို့ စိတ်ပါဝင်စားသည့် SME လုပ်ငန်းရှင်များ မည်သူမဆို တက်ရောက်နိုင်ပါကြောင်း သိရသည်။ ဟောပြောဆွေးနွေးပွဲသို့ တက်ရောက်လိုသူများသည် ၂၀-၈-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား၍ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာအိရွှေစင်ထွန်း၊ ဖုန်း-၀၁-၈၆၀၃၈၂၆နှင့် ၀၁-၈၆၀၃၈၂၇၊ ဖက်စ်-၀၁-၅၄၆၀၅၁၊ E-mail;sme.talks2014@gmail.com သို့ စာရင်းပေးသွားနိုင်ကြောင်း သိရသည်။ **(ကြေးမုံ)**

## မြန်မာနိုင်ငံတွင် ကလေးငယ်များ အာဟာရချို့တဲ့မှုပြဿနာရှိနေ

**မော်လမြိုင် ဩဂုတ် ၁၆**

မြန်မာနိုင်ငံ၏ အာဟာရအခြေအနေများသည် လူမှုရေးအညွှန်းကိန်းများကို လေ့လာဆန်းစစ်မှုအရ မွေးကင်းစ ကိုယ်အလေးချိန်မပြည့်မှုသည် ၈ ဒသမ ၆ ရာခိုင်နှုန်းရှိနေသည့်အပြင် အသက်ငါးနှစ်အောက်ကလေး ၂၈ ရာခိုင်နှုန်းမှာ ကိုယ်အလေးချိန်လျော့နည်းပြီး ၇ ဒသမ ၇ ရာခိုင်နှုန်းသည် အာဟာရချို့တဲ့ကာ ၂၈ ဒသမ ၆ ရာခိုင်နှုန်းသည် ပုညက်မှုရှိကြောင်း၊ ငါးနှစ်အောက်ကလေးများ၏ ဗီတာမင်အေချို့တဲ့သည့် မျက်စိရောဂါဖြစ်ပွားမှုမှာ သုည ဒသမ ၀၃ ရာခိုင်နှုန်းနှင့် သွေးအားနည်းမှုမှာ ၇၅ ရာခိုင်နှုန်းရှိနေပြီး ကိုယ်ဝန်ဆောင်မိခင်များ သံဓာတ်ချို့တဲ့သွေးအားနည်းရောဂါမှာ ၇၅ ရာခိုင်နှုန်းခန့်နှင့် ဗီတာမင်ဘီ၀မ်းချို့တဲ့မှုမှာ ၅ ဒသမ ၆ ရာခိုင်နှုန်းရှိသောကြောင့် အာဟာရစောင့်ရှောက်မှုလုပ်ငန်းအား အလေးထားလုပ်ဆောင်ရမည်ဖြစ်ကြောင်း မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီး ဒေါက်တာလှဦးက မော်လမြိုင်အထွေထွေရောဂါကုဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သော မွန်ပြည်နယ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ(၂၀၁၄) ဖွင့်ပွဲအခမ်းအနား၌ ပြောကြားသည်။

ထို့နောက် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ သန်းထွန်းအောင်က မွန်ပြည်နယ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ (၂၀၁၄)နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဆက်လက်၍ အထိမ်းအမှတ်ပြိုင်ပွဲများဖြစ်သော စာစီစာကုံးပြိုင်ပွဲ၊ မိခင်နို့တိုက်ကျွေးမှုစံပြမိခင်ပြိုင်ပွဲနှင့် အစားအစာချက်ပြုတ်မှု သရုပ်ပြပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများချီးမြှင့်ပေးအပ်ကာ လူမှုရေးဝန်ကြီးနှင့် ဧည့်သည်တော်များက ကလေးများအား ဗီတာမင်အေဆေးလုံးတိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်ဆေးပြား၊ ဗီတာမင်ဘီ၀မ်းဆေးပြားများ ဝေငှပေးခြင်းနှင့် ဆားတွင် အိုင်အိုဒင်းပါဝင်မှု လက်တွေ့စမ်းသပ်စစ်ဆေးမှုများအား လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။ အဆိုပါ အခမ်းအနားတွင် ဝန်ကြီးက မြန်မာနိုင်ငံတွင် စိန်ခေါ်မှုအသွင်ရှိနေဆဲဖြစ်သော အာဟာရချို့တဲ့မှုပြဿနာကို ကျန်းမာရေးပြဿနာအဖြစ်မှ ဖယ်ရှားနိုင်ရန်အတွက် ပြည်သူများအနေဖြင့် လိုအပ်သောအာဟာရများ မျှမျှတတပါဝင်အောင် စားတတ်ရန်နှင့် တစ်ဦးချင်းအတွက်လိုအပ်သည့် အာဟာရဓာတ်များဖြည့်တင်းနိုင်ရန် ကျန်းမာရေးဌာနနှင့် နီးနွယ်နေသောဌာနများ၊ အသင်းအဖွဲ့များနှင့် ပြည်သူများအားလုံး တက်ကြွစွာ လှုပ်ရှားပါဝင်စေလိုကြောင်း ထပ်မံတိုက်တွန်း ပြောကြားခဲ့ကြောင်း သိရသည်။

**(ဆက်နေမင်းအောင်)**

## မိုဘိုင်း(ရွေ့လျား) စာကြည့်တိုက်လုပ်ငန်း ကျောင်းသားကျောင်းသူများအသုံးပြု

**ပေါင် ဩဂုတ် ၁၆**

အခြေခံပညာသင်ယူလျက်ရှိသော ကျောင်းသားကျောင်းသူများ အသိပညာဗဟုသုတဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပညာရေးတိုးတက်မှုကိုအထောက်အကူဖြစ်စေရန် ရည်ရွယ်ပြီး စာအုပ်စာတမ်းများအလွယ်တကူငှားရမ်း ဖတ်ရှုနိုင်ရန်အတွက် ပေါင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ပူးပေါင်း၍ ဥတ္တံတားကျေးရွာအလယ်တန်းကျောင်းတွင် မိုဘိုင်းစာကြည့်တိုက်လုပ်ငန်းကို ဩဂုတ် ၁၅ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ မိုဘိုင်းစာကြည့်တိုက်လုပ်ငန်းတွင်သုတ/ရသစာအုပ်များကို ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများအား အပတ်စဉ်သောကြာနေ့တိုင်း သွားရောက်ငှားရမ်းပေးလျက်ရှိရာ စာအုပ်ငှားသူ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ဝမ်းသာပျော်ရွှင်လျက်ရှိကြောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်နော်တင်ဦးမြင့်က ပြောသည်။

ယခုလို မိုဘိုင်းစာကြည့်တိုက်လုပ်ငန်းများကို အခြေခံပညာအလယ်တန်း၊ အထက်တန်းကျောင်းများကို လစဉ်အလှည့်ကျ ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး(Iprd)**

## နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေး

**ကလေး ဩဂုတ် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် အင်ဒိုင်းကြီးကျေးရွာအုပ်စုတွင် မိုးပွင့်စီမံချက် အဆင့်(၆)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကွင်းဆင်းဆောင်ရွက်ခဲ့ရာ ဩဂုတ် ၈ ရက်တွင် မြို့နယ်ဦးစီးဌာနမှူးရုံးမှ ဒုလဝကမှူး ဦးအောင်ကျော်မိုးက လူဦးရေ ၂၀၄ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

# မြို့မဈေးကားဝင်းထဲက မြင်ကွင်း

**ကိုပေါက် (နေပြည်တော်)**

**နေပြည်တော် ဩဂုတ် ၁၆**

နေပြည်တော် မြို့မဈေးကားဝင်း (ဂိတ်သစ်) သည် အဝေးပြေးမော်တော်ယာဉ်ကြီးများမှအပ အခြားမည်သည့်ယာဉ်မျှမဝင်ရဟု စည်းကမ်းချက်ထုတ်ပြန်ထားသည့် ကန့်သတ်နယ်မြေဖြစ်သည်။ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိဝန်ထမ်းများက ၂၄ နာရီ စောင့်ကြပ်ကြည့်ရှုကာ စည်းကမ်းထိန်းသိမ်းထားရှိသည့် နေရာတစ်ခုလည်းဖြစ်သည်။

စည်းကမ်းကို တင်းပြည့်ကျပ်ပြည့် လိုက်နာဆောင်ရွက်တတ်သည့် ဝန်ထမ်းများပင်ဖြစ်လင့်ကစား တစ်ခါတစ်ရံတွင်လည်း လူသားပီသစွာဖြင့် ဝတ္တရားဘောင်အတွင်းမှ ကူညီဆောင်ရွက်ပေးတတ်သည့် မြင်ကွင်းမျိုးကိုလည်း တွေ့ရှိရတတ်သည်။ ဥပမာအားဖြင့် ခရီးသွားလာကြမည့် ခရီးသွားပြည်သူများ သယ်ယူသွားမည့် ဝန်စည်စလယ်များ၊ အထုပ်အပိုးများ မနိုင်မနင်းပါရှိလာပါက အငှားလိုက်လာသည့် မော်တော်ယာဉ်ကို ဝင်းတံခါး ခေတ္တဖွင့်ပေးကာ ကားဂိတ်ရှေ့အရောက် ပို့ပေးခွင့်ပြုခြင်း၊ မနိုင်မနင်းဖြစ်နေသည့် ခရီးသွားများ၏ လက်ဆွဲအိတ်များကို ဝိုင်းဝန်းကူညီသယ်ပို့ခြင်းများကို နားလည်မှုစေတနာသက်သက်ဖြင့် ပြုလုပ်ပေးသည်ကိုလည်း တွေ့ရှိခဲ့ဖူးသည်။

သို့ရာတွင် ညအချိန် အနယ်နယ်အရပ်ရပ်မှ နေပြည်တော်သို့ ဝင်ရောက်လာကြသည့် မော်တော်ယာဉ်လိုင်းများအနေဖြင့် နေပြည်တော်မြို့မဈေး ကားဝင်းအတွင်းသို့ ခရီးသည်များ အတင်အချပြုလုပ်ရန် ဝင်ရောက်သည့်အခါတိုင်း ယာဉ်မောင်းများနှင့် ခရီးသည်များ စိတ်အနှောင့်အယှက်ဖြစ်ရသည့် မြင်ကွင်းနှစ်ခုကို တွေ့ရပါသည်။

ပထမတစ်ခုမှာ ကားဝင်းအတွင်း စည်းကမ်းမဲ့စွာဖြင့် ကြုံသည့်နေရာတွင် ဖြစ်သလိုရပ်နားထားရှိသည့် အငှားယာဉ်ငယ် (တက္ကစီ)များနှင့် ဟိုမှသည်သို့ ဥဒဟို ကူးလူးမောင်းနှင်သွားလာနေသည့် မော်တော်ဆိုင်ကယ်များက အဝေးပြေးကားကြီး ယာဉ်မောင်းများအတွက် ကြီးစွာသော စိတ်အနှောင့်အယှက်ဖြစ်နေပါသည်။

အလားတူပင် ခရီးသည်များ ကားပေါ်မှ မဆင်းရသေးမီမှာပင် ဖရုသဝါစာ စကားသံမျိုးစုံဖြင့် ခရီးသည်အပြိုင်လုတင်လိုကြသည့် အချို့သော မော်တော်ဆိုင်ကယ် အငှားမောင်းနှင်သူများ၊ အငှားကားမောင်းနှင်သူများ၏ အပြုအမူ၊ အပြောအဆိုများက ခရီးသွားပြည်သူများအတွက် များစွာ စိတ်မသက်မသာဖြစ်စေပါသည်။

ယာဉ်မရပ်သေးမီအချိန်တွင် ယာဉ်နှင့်အပြိုင် အပြေးလိုက်ကာ ကားပေါ်မှ မဆင်းသေးသည့် ခရီးသည်ကို နံပါတ်စဉ်တပ်၍ သူ့ထက်ငါ အပြိုင်လုယက်ကာ ဆွဲခေါ်မတတ် အော်ဟစ်ခေါ်ငင်နေကြသည့် မြင်ကွင်းများမှာလည်း ခရီးသည်များအဖို့ များစွာစိတ်ညစ်ညူးစရာမြင်ကွင်းပင်။

ယခင်က ရဲတပ်ဖွဲ့ဝင်များနှင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ အလှည့်ကျတာဝန်ယူဆောင်ရွက်ခဲ့စဉ်က မည်သည့်ဆိုင်ကယ် အမောင်းသမား၊ မည်သည့်အငှား ယာဉ်မောင်းများမှ ကားဝင်းအတွင်း၌ အထက်ပါအတိုင်း ခရီးသည်ကို လုယက်ခေါ်ငင်ခွင့်မရှိခဲ့သည့်ကာလကိုလည်း ပြန်လည်သတိရမိပါကြောင်း။ ။



# တိုင်းရင်းသားသွေးစည်းညီညွတ်မှုကို ဖော်ဆောင်သည့် ပဒေသာကပွဲ မိတ္ထီလာတက္ကသိုလ်၌ ကျင်းပ

**မိတ္ထီလာ ဩဂုတ် ၁၆**

တိုင်းရင်းသားသွေးစည်းညီညွတ်မှုကို ဖော်ဆောင်သည့် ပဒေသာကပွဲနှင့် အဆိုပြိုင်ပွဲကို ဩဂုတ် ၁၂ ရက် မွန်းတည့် ၁၂ နာရီက မိတ္ထီလာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပကြောင်း သိရသည်။**(အပေါ်ပုံ)**

၎င်းပြိုင်ပွဲကို ကျောင်းသား ကျောင်းသူများအကြားတွင် တိုင်းရင်းသားအချင်းချင်း သွေးစည်းညီညွတ်မှု၊ ငြိမ်းချမ်းစွာဖြင့် ဥမကွဲ သိုက်မပျက်နေထိုင်မှု၊ တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီမှု၊ တစ်ဦး၏ ယဉ်ကျေးမှုကို တစ်ဦးက တန်ဖိုးထားမှု စသည့် ပြည်ထောင်စုစိတ်ဓာတ်အခြေခံများ ရရှိခံစားတတ်စေရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခြင်းဖြစ်ကြောင်း ပြိုင်ပွဲအခမ်းအနားတွင် တက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာကိုကိုကျော်စိုးက ထည့်သွင်းပြောကြားသည်။

ပဒေသာကပွဲနှင့် အဆိုပြိုင်ပွဲတွင် ဘာသာရပ်ပေါင်းစုံမှ ကျောင်းသား ကျောင်းသူများက တပင်တိုင်မင်းသားအက၊ သွေးချင်းတို့ဌာနေ မြန်မာပြည်၊ လက်ပံပွင့်ကောက် အရောက်လာမယ် (တေးသရုပ်ဖော်များ)၊ ရှမ်းအက၊ ပုဂံအက၊ ကချင်အက၊ မြနန္ဒာအက၊ ဦးရွှေရိုး ဒေါ်မိုးအကနှင့် ပြဇာတ်များ၊ လူရွှင်တော်ကဏ္ဍများကို ဖျော်ဖြေကြပြီး ကျောင်းသား ကျောင်းသူ ၁၅ ဦးက အဆိုပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြသည်။ ယင်းနောက် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုရရှိသည့် ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူများအား တာဝန်ခံပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များဖြစ်ကြသည့် ဒေါက်တာခင်မောင်ဌေး၊ ဒေါက်တာခင်ဖြူဖြူအေး၊ ပဒေသာကပွဲ ဦးဆောင်ကျင်းပသည့် တက္ကသိုလ်အနုပညာအသင်း ဥက္ကဋ္ဌ ဒေါက်တာလှလှတင်၊ သချာင်္ဌာန ပါမောက္ခ(ဌာနမှူး)နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# မီးကြွင်းမီးကျန်မှ နေအိမ်မီးလောင်မှုဖြစ်ပွား

**ပုသိမ် ဩဂုတ် ၁၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၂)ရပ်ကွက် လယ်တီ(၃)လမ်းနေ ဦးစိုးနိုင် (၄၈)နှစ် စစ်မှုထမ်းဟောင်း(ငြိမ်း)၏ နေအိမ်နောက်ဖေးဘက်ရှိ မီးဖိုချောင် မီးသွေးမီးဖို မီးကြွင်းမီးကျန်မှတစ်ဆင့် ဩဂုတ် ၁၂ ရက် နံနက် ၁၀ နာရီ ၂၀ မိနစ်တွင် မီးလောင်မှုဖြစ်ပွားရာ မီးဖိုချောင်ကာရံထားသော ပျဉ်နှစ်ချပ်အား မီးကူးစက်လောင်ကျွမ်းပြီး ပတ်ဝန်းကျင်ရှိ ပြည်သူများမှ ဝိုင်းဝန်းငြိမ်းသတ်သဖြင့် နံနက် ၁၀ နာရီ ၂၂ မိနစ်တွင် မီးငြိမ်းသွားခဲ့ပြီး လူနှင့် တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

# ထိုင်းနိုင်ငံမှ နားရောဂါအထူးကုအဖွဲ့ ဘားအံမြို့၌ လာရောက်ကုသ

**ဘားအံ ဩဂုတ် ၁၆**

ထိုင်းနိုင်ငံမှ Volunteer Service ကို အဓိကထားလုပ်ဆောင်လျက်ရှိသော Dr. Soontorn Antarasena ဦးဆောင်သည့်အဖွဲ့သည် ကရင်ပြည်နယ် ဘားအံမြို့ရှိ ဘားအံပြည်သူ့ဆေးရုံကြီး၌ ဩဂုတ် ၁၃ ရက်နံနက်ပိုင်းမှစတင်ကာ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်းရှိ နားနှင့်ပတ်သက်သည့်ရောဂါဝေဒနာရှင်များကို သုံးရက်ကြာ အခမဲ့လာရောက်ကုသပေးလျက်ရှိကြောင်း သိရသည်။**(ယာပုံ)**



အဆိုပါအဖွဲ့တွင် ဆရာဝန် ၁၄ ဦးနှင့် ကျွမ်းကျင်ဝန်ထမ်း ခုနစ်ဦးတို့ ပါဝင်ပြီး နားစည်ပြင်ပေါက်ဖာခြင်း၊ နားလေးရောဂါအတွက် နားရိုးအသေးများ ခွဲထုတ်ခြင်းနှင့် နားပြည်ယိုရောဂါတို့ကို ခွဲစိတ်ကုသပေးမည်ဖြစ်သည်။ ထိုအဖွဲ့သည် ဘားအံမြို့၌ ကုသပေးပြီးပါက ရန်ကုန်မြို့ရှိ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံကြီးနှင့် ဇီဝိတဒါနသံဃာ့ဆေးရုံတို့သို့ သွားရောက်ကုသမည်ဟု သိရသည်။ ယခုကဲ့သို့ နားရောဂါများ အခမဲ့ခွဲစိတ်ကုသပေးမှုကို ကရင်ပြည်နယ်အစိုးရအဖွဲ့မှ လိုအပ်သည်များကို ပြည့်ပြည့်စုံစုံကူညီထောက်ပံ့မှု ပေးထားသကဲ့သို့ ဘားအံပြည်သူ့ဆေးရုံကြီးမှလည်း နေရာထိုင်ခင်းနှင့် လိုအပ်သည့်ဆေးဝါးအချို့ကို ဖြည့်ဆည်းပေးထားကြောင်း သိရသည်။

ကရင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက "ကျွန်တော်တို့ထွေ/အုပ်ကနေ ဝေးလံခေါင်သီတဲ့နေရာတွေအထိ နားရောဂါဝေဒနာရှင်တွေ သိရှိအောင် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွေကနေတစ်ဆင့် အကြောင်းကြားပေးပါတယ်၊ သယ်ယူပို့ဆောင်ရေးကိုလဲ ကျေးရွာမှ ဆေးရုံအရောက် အသွား/အပြန် တာဝန်ယူပေးပါတယ်"ဟု ပြောပြသည်။

ဘားအံပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ထွန်းတင်က "အခုလာတဲ့ ထိုင်းနိုင်ငံက ကျွမ်းကျင်ဆရာဝန်များအဖွဲ့ဟာ ကုသခွဲစိတ်ရာမှာ လိုအပ်တဲ့ပစ္စည်း ဆေးဝါးများကို အကုန်ယူလာပါတယ်၊ ဒီလိုဆရာဝန်ကြီးတွေနဲ့ ပြသဖို့ဆိုရင် ငွေများစွာကုန်မှ ပြသနိုင်တာပါ၊ အခုက ကိုယ့်ပြည်နယ်အတွင်းမှာ အစစအရာရာ ပြည့်ပြည့်စုံစုံနဲ့ ဘာတစ်ခုမှ ကုန်ကျစရာမရှိဘဲ ခွဲစိတ်ကုသမှုရရှိတဲ့အတွက် ပြည်နယ်သူ ပြည်နယ်သားများအတွက် အမှန်တကယ်အကျိုးရှိပါတယ်၊ သူတို့အတွက် ကောင်းမွန်တဲ့ကုသမှု ရရှိသွားတဲ့အတွက်လည်း ဝမ်းသာပါတယ်"ဟု စိတ်အားထက်သန်စွာဖြင့် ပြောပြသည်။

"တကယ့်ကို ခွဲစိတ်ကုသရာမှာ ထူးချွန်တဲ့ ဆရာဝန်တွေဖြစ်တဲ့အတွက် လူထုအတွက် အကျိုးအများကြီး ရှိပါတယ်၊ ကျွန်မတို့က အခုလို လူနာများများကို တစ်ပြိုင်တည်း ခွဲစိတ်ကုသပေးဖို့ အားနည်းပေမယ့် တတ်နိုင်သလောက် ဒေသခံပြည်သူများကို ကြည့်ရှုစောင့်ရှောက်ပေးနေပါတယ်၊ အခုလာရောက်ကုသမှုခံယူတဲ့ ဝေဒနာရှင်များအတွက် စားသောက်ရေးကိုပါ ဖြည့်ဆည်းပေးထားပါတယ်" ဟု နား၊ နှာခေါင်း၊လည်ချောင်း အထူးကုဆရာဝန်ကြီး ဒေါက်တာနေနွယ်သန်းက ဆိုသည်။

အသံကို ကြည်လင်စွာ မကြားရတာ နှစ် ၂၀ လောက်ရှိနေသူ ကရင်ပြည်နယ် နောင်လုံမှ မီးငယ်ဆိုသူက "အသံကြည်လင်စွာ ကြားခွင့်ရနိုင်တော့မှာဖြစ်တဲ့အတွက် ရင်ခုန်နေသလို ဝမ်းလဲသာကြောင်း၊ အခုလို ခွဲစိတ်ကုသပေးတဲ့ ဆရာဝန်များနဲ့ စီစဉ်ဆောင်ရွက်ပေးသူအားလုံးကိုလည်း ကျေးဇူးတင်ကြောင်း" ဝမ်းသာပီတိ မျက်ရည်များဖြင့် ပြောပြသည်။

ဘားအံမြို့၌ ယနေ့ခွဲစိတ်ကုသပေးသည့် နားရောဂါကု ဆရာဝန်အဖွဲ့သည် မြန်မာနိုင်ငံ၌ (၁၅)ကြိမ်ခန့် လာရောက်ကုသပြီးဖြစ်သည်ဟု သိရသည်။ မြန်မာနိုင်ငံလူဦးရေ၏ ၁၁ ရာခိုင်နှုန်းသည် နားလေးရောဂါ (သို့မဟုတ်) နားရောဂါတစ်ခုခုကို ခံစားနေရကြောင်း ၂၀၀၅-၂၀၁၁ စစ်တမ်းများအရ သိရသည်။ နားနှင့် ပတ်သက်သည့် ရောဂါများသည် နားလေးမှုမှတစ်ဆင့် နားပင်းခြင်းအပြင် အသက်အန္တရာယ်ဆုံးရှုံးသည်အထိ ဖြစ်ပွားနိုင်သည့်အတွက် ယခုကဲ့သို့ ပြည်ပပညာရှင်များ၏ အခမဲ့လာရောက်ကုသမှုများသည် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းစဉ်တွင် တစ်ဖက်တစ်လမ်းက ထိရောက်စွာပံ့ပိုးပေးနိုင်မှုအပေါ် ကရင်ပြည်နယ်သူ ပြည်နယ်သားများက ဝမ်းသာပီတိဖြစ်လျက်ရှိနေကြသည်။

**သတင်းနှင့် ဓာတ်ပုံ-ဇေယျာ(မိုင်ရာ)**

# တာမွေ-ကျောက်တန်း မီနီဘတ်စ်များ ယာဉ်စီးခများ ပိုမိုတောင်းခံ

**ရန်ကုန် ဩဂုတ် ၁၆**

ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ ပြည်သူများ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ဟိုင်းလပ်ယာဉ်ငယ်များအား မီနီဘတ်စ်များဖြင့် အစားထိုးပြေးဆွဲစေသဖြင့် ရန်ကုန်မြို့ တစ်ဖက်ကမ်း သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွမြို့များသို့ သွားလာကြသည့် ခရီးသွားများ အန္တရာယ်ကင်းစွာ သွားလာနိုင်ကြပြီဖြစ်ကြောင်း သိရသည်။

သို့ရာတွင် နေ့စဉ်နှင့်အမျှ ညနေစောင်းပြီဆိုပါက ယာဉ်စီးခများကို ပိုမိုကောက်ခံလျက်ရှိသည်ကို ကျောက်တန်းမှ ရန်ကုန်သို့ နေ့စဉ်ရုံးတက်ရသူ ဝန်ထမ်းတစ်ဦးက ပြောပြသည်။

"ကျွန်တော်က ကျောက်တန်းကနေပြီး တာမွေမှာ ရုံးတက်ရတာပါ။ ရုံးဆင်းချိန် ညနေပိုင်းတွေမှာ သမိန်ဗရမ်းလမ်းနဲ့ ကျိုက္ကဆံလမ်းထောင့်က ဗလီထိပ် မီးပွိုင့်အနီးမှာ မီနီဘတ်စ်တွေ ဂိတ်ထိုးတယ်။ ခရီးသွားတွေ တိုးကြိတ်တက်ရတယ်။ ထိုင်ခုံရတဲ့အခါရှိသလို မရတဲ့အခါကများပါတယ်။ လူများတာကို အခွင့်ကောင်းယူပြီး တချို့ကားစပယ်ယာတွေက မထသက ထုတ်ပြန်ထားတဲ့ ယာဉ်စီးခနှုန်းထားအတိုင်း မကောက်တော့ဘဲ ဟိုနားဒီနား ကျပ်၂၀၀၊ ခရီးဝေးသွားတယ်ဆိုရင် ရပ်စီးတဲ့သူကို ကျပ် ၃၀၀ ထိုင်ခုံတွေမှာ ထိုင်စီးရင် ကျပ် ၅၀၀ နဲ့ ခေါင်းခန်းဆိုရင် ကျပ်၇၀၀၊ ၈၀၀ တောင်းနေကြတယ်။ ထိုင်ခုံရပြီး ပြန်မဆင်းချင်တော့လည်း အောင့်သက်သက်နဲ့ ပေးလိုက်ရတော့တာပေါ့"ဟု ကုမ္ပဏီဝန်ထမ်းတစ်ဦးက ဆိုသည်။

မထသ(ဗဟို)မှလည်း စည်းကမ်းနှင့်အညီ ပြေးဆွဲစေရန်နှင့် စည်းကမ်းဖောက်ဖျက်ယာဉ်များကို ဒဏ်ငွေဖြင့်သော်လည်းကောင်း၊ လိုင်းပိတ်သိမ်းမှုဖြင့်သော်လည်းကောင်း အရေးယူမည်ဟု သတင်းထုတ်ပြန်ထားသော်လည်း လိုက်နာမှုအားနည်းသည့်အတွက် ခရီးသွားလာမှုအဆင်ပြေစေရန်နှင့် သတ်မှတ်နှုန်းထားအတိုင်း ယာဉ်စီးခများပေးပြီး လိုရာခရီးကို သွားလာနိုင်ကြရန် တာဝန်ရှိသူများမှ ကြပ်မတ်ပေးစေလိုကြောင်း ခရီးသွားများက ပြောဆိုလျက်ရှိကြောင်း သိရှိရသည်။ **(၁၉၇)**



## မြန်မာနိုင်ငံသီးခြားဟဂျ်ဗီဇာခွဲတမ်း ၂၈၀ အား ဈေးနှုန်းသက်သာစွာ ဟဂျ်ဘုရားဖူးသွားရောက်နိုင်

**ရန်ကုန်   ဩဂုတ်   ၁၆**

မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး ငါးဖွဲ့က ရွေးချယ်တင်မြှောက်ပြီး အဖွဲ့ဝင် ၁၀ ဦးပါဝင်သော ၂၀၁၄ ခုနှစ် ဟဂျ်စေလွှတ်ရေးကြီးကြပ်မှုကော်မတီသည် ၂၀၁၄ ခုနှစ် ဟဂျ်ဘုရားဖူးရာသီတွင် မြန်မာနိုင်ငံသား အစ္စလာမ်ဘာသာဝင်များ ဆော်ဒီအာရေးဗီးယားနိုင်ငံ မက္ကာမြို့သို့ စိတ်ချမ်းမြေ့စွာ ဟဂျ်ဘုရားဖူးသွားရောက်နိုင်ရန် သီးခြားဟဂျ်ဗီဇာခွဲတမ်း ၂၈၀ အား ဩဂုတ် ၅ ရက်တွင် အိတ်ဖွင့်တင်ဒါခေါ်ယူခဲ့ရာ GREAT DESERT TRAVELS& TOURS နှင့် A PLESANT HOUSE TRAVELS& TOURS ကုမ္ပဏီတို့က ၁၄၀ စီတင်ဒါအောင်မြင်ခဲ့ကြောင်း သိရသည်။

ယင်းကုမ္ပဏီနှစ်ခုတို့က ဟဂျ်ဘုရားဖူးတစ်ဦးလျှင် ကျပ်နှစ်ဆယ့်နှစ်သိန်းငါးသောင်းကျပ်ဖြင့် ဘုရားဖူးပို့ဆောင်မည်ဖြစ်ကြောင်းနှင့် ပြင်ပကုမ္ပဏီများဖြင့် သွားရောက်ပါက ကျပ်သိန်းငါးဆယ်ခန့် ကုန်ကျမည်ဖြစ်ကြောင်း၊ အဆိုပါကိစ္စရပ်များကို သာသနာရေးဝန်ကြီးဌာနအနေဖြင့် ယခင်နှစ်မှစ၍ ဝင်ရောက်စီမံဆောင်ရွက်ခြင်းမပြုဘဲ လွတ်လပ်စွာ စီမံဆောင်ရွက်စေခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ရပ်ထားသောယာဉ်ကို နောက်မှတိုက်မိရာမှ ယာဉ်လေးစီးဆင့်တိုက်

**ရန်ကုန်   ဩဂုတ်   ၁၆**

ကျောက်တံတားမြို့နယ် တွင် ဩဂုတ် ၁၄ ရက် နံနက် ၉ နာရီ ၃၅ မိနစ်က ဆူးလေဘုရားလမ်းအတိုင်း မြောက်မှ တောင်သို့ ယာဉ်မောင်း(စုံစမ်းဆဲ)မောင်းနှင်လာသော BM ယာဉ် အ/. . . (၁၉၂) ယာဉ်လိုင်းခရီးသည်တင်ယာဉ်သည် ဗိုလ်ချုပ်လမ်းဆုံမီးပွိုင့်အရောက် ၎င်း၏ရှေ့မှ မီးနီ၍ရပ်ထားသော 8A/. . . လိုက်ထရပ်ယာဉ်ကို နောက်မှ ဝင်ရောက်တိုက်မိခဲ့ကြောင်း သိရသည်။

ယင်းကဲ့သို့ တိုက်မိခဲ့ပြီးနောက် မီးစိမ်းသဖြင့် ဗိုလ်ချုပ်လမ်းမှ ဝဲဘက်သို့ ချိုးကွေ့မောင်းနှင်နေကြသော ၇ယ/. . . ဟိုင်းလပ်ဆက်ဖ်ကိုယ်ပိုင်ယာဉ်အား 8A/. . . ယာဉ်မှလည်းကောင်း၊ AA/. . . အေဒီဗင် အငှားယာဉ်အား အ/. . . BM ယာဉ်မှလည်းကောင်း ဆက်လက်တိုက်မိခဲ့ကြသည်။

ထိုသို့ ယာဉ်တိုက်မှုဖြစ်ပွားပြီး BM ယာဉ်မောင်းဖြစ်သူမှာလည်း ယာဉ်ကိုထားကာ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြောင်း သိရသည်။ **(၀၄၀)**



## အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် စံပြမိခင်ပြိုင်

**ရန်ကုန်   ဩဂုတ်   ၁၆**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဩဂုတ် ၉ ရက် နံနက် ၉ နာရီက ၂၀၁၄ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် အထိမ်းအမှတ် မိခင်နို့တိုက်ကျွေးမှု စံပြမိခင်ပြိုင်ပွဲကို ခရိုင်အဆင့်ကျင်းပရာ မြောက်ပိုင်းခရိုင် မြို့နယ် (၈)မြို့နယ်မှ ကလေးရင်သွေးငယ်များကို မိခင်နို့တိုက်ကျွေးခဲ့ကြသော မိခင်များအတွက် မိခင်နို့တိုက်ကျွေးမှု စံပြမိခင်ပြိုင်ပွဲနှင့် ခရိုင်အဆင့်မိခင်နို့တိုက်ကျွေးမှု စံပြမိခင်ပြိုင်ပွဲတို့ကို ကျင်းပခဲ့သည်။ **(အပေါ်ပုံ) (၆၈၄)**

## ကျောက်တံခါးမြို့နယ်တွင် ရေနစ်မြုပ်လယ်ဧကများ ရေများပြန်လည်ကျဆင်း

**ကျောက်တံခါး   ဩဂုတ်   ၁၆**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်တွင် လွန်ခဲ့သောအပတ်က မိုးများ အဆက်မပြတ်ရွာသွန်းသည့်အတွက် ကျေးရွာအုပ်စု ၁၂ စုမှ လယ်ဧက ၄၆၀၀ ကျော် ရေများဖုံးလွှမ်းသွားကြောင်း သိရသည်။

ယခုအခါ ရေများပြန်လည်ကျဆင်းသွားသည့်အတွက် ဩဂုတ် ၁၅ ရက်နေ့စာရင်းများအရ လယ်ဧက ၃၅၀၀ ကျော် ပြန်လည်ပေါ်လာပြီး ဧက ၁၂၀၀ ကျော် ထိခိုက်ပျက်စီးသွားကြောင်း သိရသည်။ **မျိုးဦး(ကျောက်တံခါး)**

## မှတ်သုံးရန့် အဆိုပြိုင်ပွဲနှင့် ဖျော်ဖြေပွဲကျင်းပ

**ဟသ်ာတ   ဩဂုတ်   ၁၆**

ဟသ်ာတတက္ကသိုလ်၏ အဆင့်မြင့်ပညာကဏ္ဍ ပညာရေးပြုပြင်ပြောင်းလဲမှု အရှိန်မြှင့်တင်ဆောင်ရွက်ရာတွင် တတိယအဆင့် အရှိန်မြှင့်တင်မှု (Third Wave) အကောင်အထည်ဖော်သည့်အနေဖြင့် အနုပညာရပ်ဆိုင်ရာ ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် မှတ်သုံးရန့် အဆိုပြိုင်ပွဲနှင့်ဖျော်ဖြေပွဲကို ဩဂုတ် ၈ ရက် နံနက် ၉ နာရီက အားကစားရုံခန်းမ၌ကျင်းပရာ တာဝန်ခံပါမောက္ခချုပ် ဒေါက်တာစံလင်းက အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ မှတ်သုံးရန့် အဆိုပြိုင်ပွဲနှင့်ဖျော်ဖြေပွဲကို ဩဂုတ် ၈ ရက်မှ ၁၀ ရက်အထိ ကျင်းပခဲ့ပြီး ယင်းအဆိုပြိုင်ပွဲတွင် ဖျော်ဖြေသည့်အဖွဲ့များအား ဂုဏ်ပြုလက်ဆောင်များပေးအပ်ပြီး ပြိုင်ပွဲတွင် ဆုရရှိသော ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု ၁၀ ဆုတို့ကို တာဝန်ခံပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခများနှင့် ဧည့်သည်တော်များက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။ **(ခရိုင်ပြန်/ဆက်)**

## နိုင်ငံသားစိစစ်ဆေးရေးကတ်ပြားနေ့ချင်းပြီးပြုလုပ်

**ကွတ်ခိုင်   ဩဂုတ်   ၁၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန နိုင်ငံသားဖြေလျော့သည့် လုပ်ငန်းစနစ်နှင့် မိုးပွင့်အဆင့် (၆) စီမံကိန်းကို ကွတ်ခိုင်မြို့နယ် နားဝိုင်ကျေးရွာအုပ်စုသို့ ကွင်းဆင်း၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီး ဆောင်ရွက်ပေးရာမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းမြင့်နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးအရာရှိ ဦးမင်းမင်းဇော်တို့က မိုးပွင့်အဆင့် (၆) စီမံချက်လုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဦးစီးဌာန ကွတ်ခိုင်မြို့နယ်ဦးစီးဌာနမှူး ဦးမင်းမင်းဇော်နှင့် ဝန်ထမ်းများသည် အသက် (၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားမပြုလုပ်ရသေးသူ ၁၅၁ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြား နေ့ချင်းပြီးဆောင်ရွက်ပေးကာ နားဝိုင်ကျေးရွာအုပ်ချုပ်ရေးမှူးအား ပေးအပ်ခဲ့သည်။

ယခုကဲ့သို့ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနအနေဖြင့် ကျေးရွာအရောက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ လာရောက်ပြုလုပ်ပေးသဖြင့် ဒေသခံကျေးလက်ပြည်သူများက ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။ **ဇော်လွင်(လားရှိုး)**






# ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ ၂၀၁၄ ပညာသင်နှစ် အတန်းတင်စာမေးပွဲများအစီအစဉ်ကြေညာ

## ပထမအသုတ်

**ရန်ကုန် ဩဂုတ် ၁၆။** ။ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ ၂၀၁၄ ပညာသင်နှစ် ပထမအသုတ် အတန်းတင်စာမေးပွဲများကို အောက်တိုဘာ ၆ ရက်မှ ၁၃ ရက်အထိ ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ ဌာနခွဲများ၌ ကျင်းပမည်ဖြစ်သည်။

ဌာနခွဲအသီးသီးတွင် မှတ်ပုံတင်ထားသည့် ပထမနှစ်(သိပ္ပံအထူးပြု)၊ ဒုတိယနှစ်(သိပ္ပံအထူးပြု)နှင့် တတိယနှစ်(သိပ္ပံအထူးပြု) ကျောင်းသား ကျောင်းသူအားလုံးသည် မိမိတို့နှင့်သက်ဆိုင်ရာ ဌာနခွဲများတည်ရှိသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် စာမေးပွဲဖြေဆိုကြရမည်ဖြစ်သည်။

အသေးစိတ်အစီအစဉ်ကြေညာချက်ကို ရန်ကုန်အဝေးသင်တက္ကသိုလ်၊ မန္တလေးအဝေးသင်တက္ကသိုလ်နှင့် သက်ဆိုင်ရာဌာနခွဲများတည်ရှိရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် ကြေညာထားမည်ဖြစ်သည်။ **(သတင်းစဉ်)**

## ဒုတိယအသုတ်

ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင် တက္ကသိုလ်တို့၏ ၂၀၁၄ ပညာသင်နှစ် ဒုတိယအသုတ် အနီးကပ်ပို့ချသင်တန်းများကို အောက်တိုဘာ ၁၆ ရက်မှ ၂၅ ရက်အထိလည်းကောင်း၊ အတန်းတင်စာမေးပွဲများကို အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၄ ရက်အထိလည်းကောင်း ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ ဌာနခွဲများ၌ ကျင်းပမည်ဖြစ်သည်။

ဌာနခွဲအသီးသီးတွင် မှတ်ပုံတင်ထားသည့် အင်္ဂလိပ်စာ၊ ပထဝီဝင်၊ ဒဿနိကဗေဒ၊ စိတ်ပညာ၊ ဥပဒေပညာ၊ အရှေ့တိုင်းပညာအထူးပြုများ၏ ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်သင်တန်းများနှင့် စတုတ္ထနှစ် ဥပဒေပညာ အထူးပြုကျောင်းသား ကျောင်းသူများသည် မိမိတို့နှင့်သက်ဆိုင်ရာ ဌာနခွဲများ တည်ရှိသည့် တက္ကသိုလ်၊ ဒီဂရီ ကောလိပ်၊ ကောလိပ်များတွင် အနီးကပ်ပို့ချသင်တန်းများတက်ရောက်ပြီး အဆိုပါဌာနခွဲများတွင် စာမေးပွဲဖြေဆိုကြရမည် ဖြစ်သည်။

အသေးစိတ်အစီအစဉ် ကြေညာချက်ကို ရန်ကုန်အဝေးသင်တက္ကသိုလ်၊ မန္တလေးအဝေးသင်တက္ကသိုလ်နှင့် သက်ဆိုင်ရာဌာနခွဲများတည်ရှိရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် ကြေညာထားမည်ဖြစ်သည်။ **(သတင်းစဉ်)**

## တတိယအသုတ်

ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင် တက္ကသိုလ်တို့၏ ၂၀၁၄ ပညာသင်နှစ် တတိယအသုတ် အနီးကပ်ပို့ချသင်တန်းများကို နိုဝင်ဘာ ၈ ရက်မှ ၁၈ ရက်အထိလည်းကောင်း၊ အတန်းတင်စာမေးပွဲများကို နိုဝင်ဘာ ၂၁ ရက်မှ ၂၈ ရက်အထိလည်းကောင်း ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ ဌာနခွဲများ၌ ကျင်းပမည်ဖြစ်သည်။

ဌာနခွဲအသီးသီးတွင် မှတ်ပုံတင်ထားသည့် မြန်မာစာ၊ မြန်မာမှု၊ ရသစာပေ၊ သမိုင်း၊ စီးပွားရေး၊ ပြည်သူ့ရေးရာ၊ အိမ်တွင်းစီးပွား၊ စီးပွားစီမံအထူးပြုများ၏ ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ်ကျောင်းသား ကျောင်းသူများသည် မိမိတို့နှင့် သက်ဆိုင်ရာဌာနခွဲများတည်ရှိသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် အနီးကပ်ပို့ချသင်တန်းများ တက်ရောက်ပြီး အဆိုပါဌာနခွဲများတွင် စာမေးပွဲဖြေဆိုကြရမည်ဖြစ်သည်။

အသေးစိတ်အစီအစဉ်ကြေညာချက်ကို ရန်ကုန်အဝေးသင်တက္ကသိုလ်၊ မန္တလေးအဝေးသင်တက္ကသိုလ်နှင့် သက်ဆိုင်ရာဌာနခွဲများတည်ရှိရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင်ကြေညာထားမည်ဖြစ်သည်။ **(သတင်းစဉ်)**

# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၁၆**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး၊ ဓာတ်အားပျောက်ဆုံးမှုလျော့နည်းကျဆင်းရေးအတွက် စီမံချက်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ်အုပ်ချုပ်ရေးမှူးရုံးကလည်း လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ၄၀၀ ဗို့ဓာတ်အားလိုင်းကြိုးများအား Insulated Wire များဖြင့် လဲလှယ်တပ်ဆင်ခြင်း၊ လူစည်ကားသော နေရာများရှိ ဓာတ်အားလိုင်းကြိုးများ၏အောက်တွင် Cradle Guard များ တပ်ဆင်ခြင်း၊ အသိပညာပေးဟောပြောပွဲများ ကျင်းပခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် ဓာတ်အားပျောက်ဆုံးမှုလျော့နည်းကျဆင်းရေးအတွက် ဓာတ်အားလိုင်းနှင့်မလွတ်ကင်းသည့် သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင် ရှင်းလင်းခြင်းလုပ်ငန်းတို့အား စီမံချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ကြေးမုံ)**

# ဝန်ထမ်းသားသမီးများအား ပထမအကြိမ် ဂုဏ်ပြုဆုချီးမြှင့်

**ပခုက္ကူ ဩဂုတ် ၁၆**

၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်သည့် ပခုက္ကူတက္ကသိုလ်ဆရာ ဆရာမ ဝန်ထမ်းများ၏ သားသမီးများအား ပထမအကြိမ် ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ဩဂုတ် ၁၄ ရက် နံနက် ၉ နာရီတွင် ပခုက္ကူတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အဆိုပါ ဂုဏ်ပြုချီးမြှင့်ပွဲတွင် ဂုဏ်ပြုခြင်းခံရသူများအား ပခုက္ကူတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်တို့က ဂုဏ်ပြုလက်မှတ်များဖြင့် ချီးမြှင့်ပေးအပ်သည်။

ဂုဏ်ပြုချီးမြှင့်ခံရသူများအနက် ငါးဘာသာဂုဏ်ထူးရှင်တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင်တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင်တစ်ဦးနှင့် ရိုးရိုးအောင်မြင်သူ သုံးဦး စုစုပေါင်း ဂုဏ်ပြုချီးမြှင့်ခံရသူ ခြောက်ဦးရှိကြောင်း သိရသည်။

**အောင်(မန်းတက္ကသိုလ်)**

သစ်ပင်စိုက်ပါ
ဒို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ














# ရွှေသန်လျင်အပျော်တမ်းခြင်းလုံးရုံ၌ ခြင်းအလှခတ်မည်

**ရန်ကုန် ဩဂုတ် ၁၆**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ ရွှေသန်လျင်အပျော်တမ်းခြင်းလုံးရုံ၏ တတိယအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ရိုးရာခြင်းအလှခတ်ပွဲကို ဩဂုတ် ၃၀ ရက်တွင် စတင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

၁၉၅၃ ခုနှစ်ကတည်းက စတင်ဖွဲ့စည်းခဲ့သဖြင့် ယခုဆိုလျှင် သက်တမ်း (၆၁)နှစ်ရှိခဲ့ပေပြီ။ ရိုးရာခြင်းလုံးခတ်ကစားခြင်းကို ခုံမင်နှစ်သက်ကြသဖြင့် ဆက်ကစားလာခဲ့သည့် သက်တမ်းမနည်းခဲ့သလို ခြင်းလုံးနှင့် ပတ်သက်၍တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများအထိ ခြင်းလုံးသမားများ ပေါ်ထွက်လာခဲ့ပေသည်။ ယခင်က သန်လျင်မြို့သည် ပဲခူးတိုင်းဒေသကြီး ဟံသာဝတီခရိုင်အဖြစ် တည်ရှိခဲ့၍ ခြင်းလုံး ပြိုင်ပွဲဝင် ခရိုင်လက်ရွေးစင်အများစုကို သန်လျင်မှ ပေါ်ထွက်ခဲ့သည်။

ယခုသက်တမ်း (၆၁)နှစ်ရှိ ရွှေသန်လျင် အပျော်တမ်းခြင်းလုံးရုံ၏ တတိယအကြိမ်မြောက် ဝါဆိုခြင်းပွဲတော်ကို မကြာမီ ရွှေသန်လျင်ခြင်းလုံးရုံကြီး၌ ကျင်းပတော့မည်ဖြစ်ရာ သန်လျင် မြို့သူမြို့သားများအတွက် ခြင်းအလှခတ်စွမ်းရည်များကို ရင်သပ်ရှုမောဖွယ်ကြည့်ရှုရတော့မည်ဖြစ်သည်။

ဝါသနာရှင်များပေါင်းစု၍ စိတ်တူကိုယ်တူ ကိုယ်ထူကိုယ်ထ ခြင်းရုံကြီးအဖြစ် ထူထောင်ပြီး ဝိုင်းခတ် နှစ်ဝိုင်းစာအထိ ခတ်ကစားနိုင်အောင် စီစဉ်ထားရှိသည်။ ပေ ၅၀ × ပေ ၄၀ အကျယ်အဝန်းတွင် အားရပါးရ စိတ်ကြိုက်ကစားနိုင်အောင် စီစဉ်ထားသည်။ ဒေသခံခြင်းလုံးသမားများ များပြားလာမှုနှင့် ဧည့်သည်ဝိုင်းများခတ်ကစားနိုင်အောင် အမှုဆောင်အဖွဲ့မှ ခြင်းဝိုင်းနှစ်ဝိုင်းနေရာပေး စီစဉ်ထားရှိသည်။

သန်လျင် ဝါဆိုခြင်းပွဲတော်သို့ ရန်ကုန်မြို့မှ ခြင်းလုံးအကျော်အမော်များနှင့်အတူ ခြင်းလုံးရုံများမှ ဝါသနာရှင်များ အပတ်စဉ် (စနေ၊ တနင်္ဂနွေ)နေ့များတွင် လာရောက်၍ ပျော်ရွှင်စွာခတ်ကစားခြင်းမှ ရင်းနှီးခဲ့သော ချစ်ခင်မှုသည် ထာဝရမိတ်ဆွေများအဖြစ်သို့ ရောက်ရှိခဲ့ကြပေသည်။ ခြင်းခတ်ခြင်းဖြင့် ကျန်းမာသည်၊ မိတ်ဆွေတိုးသည် ဆိုသည့်အတိုင်း မကြာမီ ကျင်းပမည့် ရွှေသန်လျင်အပျော်တမ်းခြင်းလုံးရုံ၏ တတိယအကြိမ်မြောက် ဝါဆိုခြင်းပွဲတော်သို့ ခြင်းလုံးဝါသနာရှင်များ လာရောက်ခတ်ကစားပေးကြပါရန် ဖိတ်ခေါ်ပန်ကြားလိုက်ရပါသည်။ **(ကြေးမုံ)**

# ကာဆီးယက်စ်မှာ ကမ္ဘာ့အဆင့်ရှိနေဆဲဖြစ်ကြောင်း စီရိုနယ်လ်ဒိုပြောကြား

မကြာသေးမီက ယှဉ်ပြိုင်ကစားခဲ့သည့် ကမ္ဘာ့ဖလားပွဲစဉ်တွင် နိုင်ငံအသင်းအတွက် အကောင်းမွန်ဆုံးလက်စွမ်းမပြသနိုင်ခဲ့ခြင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းတွင်လည်း ပုံမှန်ပွဲထွက်ခွင့် ပျောက်ဆုံးဖွယ်ရှိနေခြင်း စသည်ဖြင့် ဝေဖန်ခြင်းခံနေရသော ရီးယဲလ်မက်ဒရစ်ကစားဖော် အသင်းခေါင်းဆောင် ကာဆီးယက်စ်အား ပေါ်တူဂီစူပါစတား စီရိုနယ်လ်ဒိုအနေဖြင့် အားပေးထောက်ခံခဲ့သည်။

ယင်းမှာ ကာဆီးယက်စ်၏ ခေတ်မှာ ကုန်ခဲ့ပြီဆိုသည့် အကြံပြုချက်များကို စီရိုနယ်လ်ဒိုအနေဖြင့် ငြင်းပယ်ခဲ့ပြီး စပိန်အသင်းခေါင်းဆောင်ကာဆီးယက်စ်သည် လက်ရှိအချိန်အထိ ကမ္ဘာ့အဆင့်ရှိ ဂိုးသမားတစ်ဦးအဖြစ် ရပ်တည်နေဆဲဖြစ်ကြောင်း အခိုင်အမာ ပြောကြားခဲ့သည်။

အသက်(၃၃)နှစ်အရွယ်ရှိ ဂိုးသမား ကာဆီးယက်စ်သည် ချန်ပီယံလိဂ်ဖလားသုံးကြိမ်၊ ဥရောပချန်ပီယံရှစ် တစ်ကြိမ်နှင့် ကမ္ဘာ့ဖလားတစ်ကြိမ် စသည်ဖြင့် ဆုဖလားများ ရယူပေးနိုင်ခဲ့သည့် ဂိုးသမားတစ်ဦးဖြစ်ပြီး ကမ္ဘာ့အကောင်းဆုံး ဂိုးသမားများအဖြစ်မှ ရပ်တန့်သွားမည်မဟုတ်ကြောင်းနှင့် ကာဆီးယက်စ်မှာ ကမ္ဘာ့အဆင့်ရှိ ဂိုးသမားတစ်ဦးအဖြစ် အမြဲတမ်း ရပ်တည်နေမည်ဖြစ်ကြောင်း ရီးယဲလ်မက်ဒရစ်ကစားဖော် စီရိုနယ်လ်ဒိုက သတင်းထောက်များကို ပြောကြားခဲ့သည်။ **(နိုင်လင်းကြည်)**



# ဘောလုံးပြိုင်ပွဲနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်း

**ရန်ကုန် ဩဂုတ် ၁၆**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် (MFF) နှင့် 100 PLUS တို့၏ စပွန်ဆာစာချုပ်ချုပ်ဆိုပွဲနှင့် MFF 100 PLUS U-15 Super Cup 2014 ဘောလုံးပြိုင်ပွဲနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ယမန်နေ့ နံနက်ပိုင်းက MFF ရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းက အဖွင့်အမှာစကားပြောကြားပြီး 100 PLUS Myanmar မှ Country Manager Mr.Graham က စပွန်ဆာပေးရခြင်းနှင့်ပတ်သက်၍ ပြောကြားသည်။ ဆက်လက်၍တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းနှင့် Mr.Graham တို့က စပွန်ဆာစာချုပ်၌ လက်မှတ်ထိုးပြီး အသိသက်သေအဖြစ် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ညွှန်ကြားရေးမှူး (စီမံ) ဦးစိုးမိုးကျော်နှင့် F&N Foods Pte.,Ltd. မှ Brand Manager ဒေါ်သင်းသင်းထွန်းတို့က လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းနှင့် ညွှန်ကြားရေးမှူး (စီမံ) ဦးစိုးမိုးကျော်တို့က Mr.Graham အား အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

စာချုပ်ချုပ်ဆိုပွဲအပြီးတွင် ပြိုင်ပွဲနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ပြုလုပ်ခဲ့ပြီး ပြိုင်ပွဲကျင်းပရန် စီစဉ်ထားမှုများအား ရှင်းလင်းပြောကြားသည်။ MFF 100 PLUS U-15 Super Cup 2014 ဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၁၀ ရက်မှ ၁၇ ရက်အထိ မန္တလေးမြို့၌ ကျင်းပသွားမည်ဖြစ်ပြီး အသင်း ၁၀ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ **(ရှိုင်းထက်ဇော်)**

# ဂျာမနီနောက်တန်းကစားသမား မာတီဆက်ကာ နိုင်ငံလက်ရွေးစင်အဖြစ်မှ အနားယူပြီ

အာဆင်နယ်အသင်းနှင့် ဂျာမနီအသင်းတို့၏ နောက်တန်းကစားသမား မာတီဆက်ကာသည် နိုင်ငံလက်ရွေးစင် ကစားသမားဘဝမှ အနားယူလိုက်ပြီဖြစ်ကြောင်း လူသိရှင်ကြား ကြေညာလိုက်ပြီဖြစ်သည်။

အသက်(၂၉)နှစ်အရွယ် မာတီဆက်ကာသည် ယခုနှစ်နွေရာသီတွင် ယှဉ်ပြိုင်ကစားခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲအပါအဝင် နိုင်ငံအသင်းအတွက် ပွဲပေါင်း ၁၀၀ ပါဝင်ကစားပေးနိုင်ခဲ့သူဖြစ်သည်။

မာတီဆက်ကာသည် ၎င်း၏ ဂျာမနီလက်ရွေးစင် ကစားသမားဘဝကို နည်းပြ ဂျာဂန်ကလင်းစမန်း ကိုင်တွယ်ခဲ့သည့် ၂၀၀၄ ခုနှစ်က စတင်ခဲ့သူဖြစ်ပြီး နိုင်ငံလက်ရွေးစင်ကစားသမားဘဝကို ၁၀ နှစ်ကြာဖြတ်သန်းခဲ့ပြီးနောက် လက်ရွေးစင်ကစားသမားဘဝမှ အနားယူလိုက်ကြောင်း ကြေညာခဲ့ခြင်းဖြစ်သည်။ **(ငွေကြယ်)**

# ကင်မရွန်းတိုက်စစ်မှူး အီတူးအားခေါ်ယူရန် လီဗာပူးပစ်မှတ်ထား

အင်္ဂလန်ပရီမီယာလိဂ်ကလပ် လီဗာပူးအသင်းသည် လာမည့် ဘောလုံးရာသီတွင် အသင်း၏တိုက်စစ်ကို အားဖြည့်ရန်အတွက် အသင်းလက်မဲ့ဖြစ်နေသည့် ကင်မရွန်းတိုက်စစ်မှူး အီတူးအားခေါ်ယူရန်ပစ်မှတ်ထားနေကြောင်းသိရသည်။ လီဗာပူးအသင်းမှာ ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလအတွင်း ပေါင်သန်း ၈၀ ကျော်သုံးစွဲကာ ကစားသမားသစ်များကို ခေါ်ယူထားခဲ့သော်လည်း အသင်း၏ တိုက်စစ်ပိုင်းတွင် ဆောက်သမ်တန် တိုက်စစ်မှူး ရစ်ကီလမ်းဘတ် တစ်ဦးတည်းကိုသာခေါ်ယူနိုင်ခဲ့သောကြောင့် ယခုကဲ့သို့ အီတူးအား စိတ်ဝင်စားလာခဲ့ခြင်းလည်းဖြစ်သည်။ လက်ရှိအချိန်တွင် လီဗာပူးအသင်းမှာ အဓိကတိုက်စစ်မှူးတစ်ဦးဖြစ်သည့် ဆွာရက်ဇ်အား ဆုံးရှုံးထားခဲ့ရသလို ဘော်ရီနီကိုပါ ထပ်မံလက်လွှတ်ရဖွယ်ရှိနေသည့်အတွက် တိုက်စစ်မှူးတစ်ဦးကို မဖြစ်မနေခေါ်ယူရန် ပြင်ဆင်နေခြင်းဖြစ်သည်။ ထို့ပြင် လီဗာပူးအသင်းမှာ ပြီးခဲ့သည့် ဇူလိုင်လလယ်ခန့်က QPR တိုက်စစ်မှူး ရီမီအားကြိုးပမ်းခဲ့သော်လည်း ၎င်းမှာဆေးစစ်မှုမအောင်မြင်သောကြောင့် အပြောင်းအရွှေ့ ပျက်ပြယ်ခဲ့ရသည်။ သို့သော် လီဗာပူးအသင်းမှာ ဖီအိုရင်တီးနား တိုက်စစ်မှူးရော့စီကိုလည်း ပစ်မှတ်ထားနေကြောင်း ဗြိတိန်သတင်းစာ Daily Mail ကဖော်ပြခဲ့သော်လည်း ၎င်း၏ပြောင်းရွှေ့ကြေးမှာ မြင့်မားလွန်းနေသဖြင့် အီတူးကိုသာ ကမ်းလှမ်းသွားဖွယ်ရှိနေကြောင်း သိရသည်။ **(ကိုရဲ)**




## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

### အကြီးစားမွမ်းမံခြင်းလုပ်ငန်းများအတွက် Open Tender တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ အောက်ပါတက္ကသိုလ်နှင့်သိပ္ပံများတွင် ဆောင်ရွက်မည့်အကြီးစားမွမ်းမံခြင်း လုပ်ငန်းများအတွက် Open Tender တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

၁။ အစိုးရစက်မှုလက်မှုသိပ္ပံ(မော်လမြိုင်)
- (က) Office (Building No1)ပြုပြင်ခြင်းလုပ်ငန်း
- (ခ) 3200Gal Ground Tank
- (ဂ) Teacher's Hostel(Building No6)ပြုပြင်ခြင်းလုပ်ငန်း
- (ဃ) Box Culvert(5)Nos ပြုပြင်ခြင်းလုပ်ငန်း
- (င) Pump House ပြုပြင်ခြင်းလုပ်ငန်း
- (စ) Classroom (Building No 2) ပြုပြင်ခြင်းလုပ်ငန်း
- (ဆ) Classroom (BuildingNo3) ပြုပြင်ခြင်းလုပ်ငန်း
- (ဇ) Classroom (Building No 4)ပြုပြင်ခြင်းလုပ်ငန်း
- (ဈ) Classroom(Building No 5)ပြုပြင်ခြင်းလုပ်ငန်း
- (ည) Teacher's Hostel (Building No 7)ပြုပြင်ခြင်းလုပ်ငန်း
- (ဋ) Steel Trestel (2Nos)
- (ဌ) Drain, Water Supply work
- (ဍ) Over Head Power Line
- (ဎ) Internal Electrical လုပ်ငန်း

၂။ အစိုးရစက်မှုလက်မှုသိပ္ပံ(လက်ပံတန်း)
- (က) (၁၆၀'×၃၀')နှစ်ထပ်စာသင်ဆောင်မွမ်းမံခြင်း
- (ခ) (၁၄၅'×၅၅')တစ်ထပ်စာသင်ဆောင်မွမ်းမံခြင်း
- (ဂ) (၁၀၀'×၄၇')တစ်ထပ်စာသင်ဆောင်မွမ်းမံခြင်း
- (ဃ) (၁၀၀'×၄၇')တစ်ထပ်စာသင်ဆောင်မွမ်းမံခြင်း
- (င) (၈၀'×၂၂')ဧည့်ရိပ်သာမွမ်းမံခြင်း
- (စ) (၄၂'×၂၂')ကျောင်းအုပ်ကြီးနေအိမ်မွမ်းမံခြင်း
- (ဆ) (၆၃'×၂၂')ဆရာမဆောင်မွမ်းမံခြင်း
- (ဇ) (17'x17'x40')Overhead Tank
- (ဈ) (17'x7'x3')Ground Tank
- (ည) Transformer ပြုပြင်ခြင်းလုပ်ငန်း
- (ဋ) Overhead Tank

၃။ သက်မွေးပညာသင်ကျောင်း(ရွှေပြည်သာ)
- (က) Renovation of Two Storeyed (230'x150')Building
- (ခ) ရေ၊ မီး ရရှိရေးလုပ်ငန်း

၄။ အစိုးရစက်မှုလက်မှုသိပ္ပံ(မကွေး)
- (က) Computer & Library Department ပြုပြင်ခြင်းလုပ်ငန်း
- (ခ) EP Department ပြုပြင်ခြင်းလုပ်ငန်း
- (ဂ) EC Department ပြုပြင်ခြင်းလုပ်ငန်း
- (ဃ) Civil Department ပြုပြင်ခြင်းလုပ်ငန်း
- (င) Mechanical Department ပြုပြင်ခြင်းလုပ်ငန်း
- (စ) Science Laboratory Department ပြုပြင်ခြင်းလုပ်ငန်း
- (ဆ) Staff Hostel (8 Unit)ပြုပြင်ခြင်းလုပ်ငန်း
- (ဇ) 2 storeyed (6Unit)ပြုပြင်ခြင်းလုပ်ငန်း
- (ဈ) W.C & Spetic Tank
- (ည) White Board (12'x4') & Stage (12'x4'x1'6")

၂။ Open Tender တင်ဒါပုံစံများကိုရုံးချိန်အတွင်းသိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပြီး ၂၅-၈-၂၀၁၄ ရက် ၁၆း၃၀ နာရီနောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဖုန်းအမှတ်-၀၆၇-၄၀၄၁၈၁နှင့်၀၆၇-၄၀၄၀၀၇တို့တွင် စုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန



**အမည်ပြောင်း**

ပေါင်းတည်မြို့နယ်၊ မှတ္တိုင် အထက-၈တန်း CA နေ အဖ ဦးဝင်းနိုင်၏သား မောင်ခန့်ညားနိုင်အား မောင်ကျော်ဇင်ဟိန်းဟု ပြောင်းလဲခေါ်ပါရန်။

မောင်ကျော်ဇင်ဟိန်း



**ပျောက်ဆုံးကြောင်း**

မောင်ဘုန်းမြတ်ကေဇာ(ခ) မောင်ကေဇာ မင်းဘုန်းမြတ်၏ နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ မောင်ဘုန်းမြတ်ကေဇာ

ဖုန်း-၀၉-၄၃၁၈၂၉၂၉



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
## ရှမ်းပြည်နယ်
## ပြည်နယ်ဦးစီးမှူးရုံး-တောင်ကြီးမြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စိုက်ပျိုးရေးဦးစီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ စိုက်ပျိုးရေးသိပ္ပံဌာနခွဲအောက်ရှိ ဟဲဟိုးစိုက်ပျိုးရေးသိပ္ပံကျောင်းတွင် ဆောက်လုပ်ရန် လိုအပ်လျက်ရှိသော (၁၂၀'×၄၃'×၁၄') အရွယ်ရှိ RC စာသင်ဆောင် (၁)ထပ်ဆောင်(၁)လုံး၊ (၁၇၀'×၃၄'×၁၂') RC(ကျား) အိပ်ဆောင် (၁)လုံးနှင့် (၈၀'×၄၆'×၁၂') RC ထမင်းစားဆောင်+မီးဖိုဆောင် အဆောက်အအုံများ ဆောက်လုပ်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစတင်ရောင်းချမည့်ရက် - ၁၅-၈-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက်/အချိန် - ၂၉-၈-၂၀၁၄ ရက်၊ ၁၆း၀၀ နာရီ
တင်ဒါဖွင့်ရက် - ၄-၉-၂၀၁၄ ရက်၊ ၁၀း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့် အချက်အလက်များအသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ရုံးဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

(က) ၀၈၁-၂၁၂၅၅၀၁ - ပြည်နယ်ဦးစီးမှူးရုံး
၀၈၁-၂၁၂၅၅၀၂ - ပြည်နယ်ဦးစီးမှူးရုံး
၀၈၁-၂၁၂၅၅၀၄ - ပြည်နယ်ဦးစီးမှူးရုံး
Fax-081-2124164
09-49361181 - ဟဲဟိုးစိုက်သိပ္ပံကျောင်း

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ရှမ်းပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန
တောင်ကြီးမြို့။


ရွှေနန်းတော် စိန်ရွှေရတနာလုပ်ငန်းစု၏ ပထမဦးဆုံးခြေလှမ်းသစ်
68 RESIDENCE CONDOMINIUM
ကံစမ်းမဲအထူးအစီအစဉ်
၂၀၁၅ခုနှစ် ဇန်နဝါရီလ(၃၁)ရက်နေ့ထိ ဝယ်ယူအားပေးကြမည့် ဧည့်သည်တော်ကြီးများအားလုံးအတွက်အထူးအစီအစဉ်
အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးနေပါသည်။
ကံစမ်းမဲ ဖွင့်လှစ်ပေးမည့်နေ့ - ၂၀၁၅ခုနှစ် ဖေဖော်ဝါရီလ (၁၂)ရက်နေ့
1st Prize
FIRST PRIZE
68 RESIDENCE
(၂၅)ထပ်ရှိ အိပ်ခန်းနှစ်ခန်းပါ
CONDOMINIUM တစ်ခန်း
2nd Prize
SECOND PRIZE
BMW 528
BRAND NEW ကားတစ်စီး
3rd Prize
THIRD PRIZE
GIA CERTIFICATE
(3)ကာရက်ရှိ
စိန်လက်စွပ်တစ်ကွင်း
ROOM TYPES
SQFT
စိတ်ပါဝင်စားသည့် ဧည့်သည်တော်များအားလုံးကိုလာရောက် လေ့လာကြည့်ရှုရန် ဖိတ်ခေါ်အပ်ပါသည်။
DAILY OPENING HOURS - 9:30AM - 7:00PM
SHOWROOM
44-A, SAYAR SAN ROAD, BAHAN TOWNSHIP,
YANGON, MYANMAR
09 4202 88025, 09 4253 10993,
09 730 40513, 09 4500 21758,
09 540 7541, 09 2501 41060

## မြင်းခြံမြို့၌မိုးပွင့်အဆင့်(၆)စီမံချက် ဆောင်ရွက်ပေး

**မြင်းခြံ၊ ဩဂုတ် ၁၆**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့ အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်( ၂ )တွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ ဦးစီးမှူး ဦးအောင်စိုးနှင့် ဝန်ထမ်းများသည် မိုးပွင့်အဆင့်(၆) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကွင်းဆင်း၍ ကျောင်းသား၊ ကျောင်းသူများအား One Stop Service ဖြင့် (အခမဲ့)ဆောင်ရွက်ပေးခဲ့သည်။

မြင်းခြံမြို့အခြေခံပညာ အထက်တန်းကျောင်း အမှတ်(၂)တွင် မိုးပွင့်အဆင့်(၆)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီး (အခမဲ့) ဆောင်ရွက်ပေးနေမှုကို မြို့နယ်အုပ်ချုပ်ရေးမှူးဦးထွန်းသိန်းအောင်၊ မြို့နယ်ပညာရေးမှူးဦးဘသစ်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်သန်းတို့မှ ကြည့်ရှု၍ ပြုလုပ်ပြီးစီးသော နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျောင်းသား၊ ကျောင်းသူများသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

## အာဟာရ ဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု မလှိုင်မြို့၌ ကျင်းပ

**မလှိုင်၊ ဩဂုတ် ၁၆**

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှု အဖြစ် ဩဂုတ် ၁၃ ရက်က မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ကျင်းပရာ မြို့နယ်ကျန်းမာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်ဆရာဝန်ကြီးနှင့် သူနာပြုဆရာမများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့ပေါ်ရပ်ကွက်များမှ နို့တိုက်မိခင်များနှင့် ကိုယ်ဝန်ဆောင် အမျိုးသမီးများ တက်ရောက်ခဲ့ကြသည်။

အဆိုပါနေ့က အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှု ပြုလုပ်ရခြင်း ရည်ရွယ်ချက်များကို မြို့နယ်ဆရာဝန်ကြီးဒေါက်တာမြတ်မိုးဆန်းက ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော ကိုယ်ဝန်ဆောင်အမျိုးသမီးများအား မြို့နယ်ကျန်းမာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်သိန်းလှိုင်က သံဓာတ်အားဆေးများ ပေးဝေသည်။

ထို့နောက် တက်ရောက်လာသော နို့တိုက်မိခင်များအား အာဟာရနှင့် ပတ်သက်သည့်မေးခွန်းများကို မေးမြန်းပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ထားမူနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးသည်။ ဆက်လက်၍ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ငါးနှစ်အောက် ကလေးများ အာဟာရဖွံ့ဖြိုးရေးအတွက် မုန့်ဟင်းခါးကျွေးခဲ့ကြောင်းသိရသည်။

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်အဖြစ် ဩဂုတ် ပထမပတ်တွင် မိခင်နို့တိုက်ကျွေးရေး၊ ဒုတိယပတ်တွင် ငါးနှစ်အောက်ကလေးများ အာဟာရဖွံ့ဖြိုးရေး၊ တတိယပတ်တွင် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး၊ စတုတ္ထပတ်တွင် အိုင်အိုဒင်းချို့တဲ့ရောဂါပပျောက်ရေး ရက်သတ္တပတ်အဖြစ် ဆောင်ရွက်ကြမည်ဖြစ်သည်။ **အောင်ဌေး(မလှိုင်)**

# ဆင်ချောင်း–ကုန်းတလင်း–ဇီးကုန်း ကျေးရွာချင်းဆက်လမ်း ကတ္တရာခင်း



**ရေစကြို၊ ဩဂုတ် ၁၆**

ဆင်ချောင်း-ကုန်းတလင်း-ဇီးကုန်း ကျေးရွာချင်းဆက် မြေသားလမ်းကို ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ၏ ခွင့်ပြုရန်ပုံငွေ ၂၄၂ ဒသမ ၅၇၅၆ သန်းဖြင့် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ မကြာမီ ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။ ၎င်းလမ်းသည် ရေစကြိုမြို့နယ်အတွင်း ရှိကျေးရွာချင်းဆက် လမ်းများအနက် ပထမဆုံးသော ကတ္တရာလမ်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ဆင်ချောင်း-ကုန်းတလင်း-ဇီးကုန်း ကျေးရွာချင်းဆက် ကတ္တရာလမ်းကို ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေ ၂၄၂ ဒသမ ၅၇၅၆ သန်းနဲ့ လမ်းဖြစ်မြောက်ရေးကော်မတီက တာဝန်ယူခင်းနေပါတယ်။ လမ်းအရှည် နှစ်မိုင်၊ လမ်းအကျယ် ၁၂ ပေ ဖြစ်ပါတယ်။ အခု လုပ်ငန်း တစ်ဝက်ပြီးစီးနေပါပြီ။ မကြာမီ အားလုံးပြီးစီးတော့မှာ ဖြစ်ပါတယ်"ဟု လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သင်းက ပြောသည်။

"ကျွန်တော့အသက် ၈၆ နှစ်ရှိပါပြီ ကျွန်တော်တို့ ငယ်ငယ်ကတော့ လှည်းသွားတဲ့ လမ်းပေါ့ဗျာ။ နောက်တော့ ကိုယ့်အားကိုယ်ကိုး တတ်နိုင်သလောက် ခင်းတာပေါ့။ ပြီးခဲ့တဲ့ နှစ်နှစ်လောက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကျောက်ကြီးစီ မြေနီကျောက်စရစ် လမ်းခင်းပေးတယ်ဗျ။ ဒီနှစ်မှာတော့ ကတ္တရာလမ်းခင်းနေပြီ၊ ကျွန်တော်တို့ ရွာသူ၊ ရွာသားတွေကတော့ ဒီလမ်း ကတ္တရာလမ်းဖြစ်လာလိမ့်မယ်လို့ အိပ်မက်တောင် မမက်ခဲ့ပါဘူးဗျာ။ အခုလို ကတ္တရာလမ်းဖြစ်သွားတော့ ဆိုင်ကယ်တွေ တဝီဝီနဲ့ နေ့ရောညပါ သွားလာနေကြတာ ဝမ်းသာစရာပါပဲ။ ဆင်ချောင်း၊ ကုန်းတလင်း၊ ဇီးကုန်း၊ အလယ်သောင်၊ သူဌေးကုန်း စတဲ့ရွာတွေကလည်း သုံးဘီးဆိုင်ကယ်တွေ ထော်လာဂျီ တွေ လိုက်ထရပ်ကားတွေများလာတော့ ဒေသတစ်ခုလုံး သွားလာရေးနဲ့ ကုန်စည်ပို့ဆောင် ကူးသန်းရောင်းဝယ်ရေးတွေပါ အဆင်ပြေနေကြပါတယ်။ ဒါ့အပြင် ချင်းတွင်းမြစ်တစ်ကြောက ကျေးရွာပေါင်း ၃၀ ကျော်ကဆိုရင် ဟိုတုန်းက သီးနှံရောင်းဖို့အတွက် လှေခေတ်၊ လှည်းခေတ်ကတည်းက ဆင်ချောင်းကို လာရတယ်။ ပြီးမှ ပခုက္ကူ-ရေစကြို-မုံရွာ-မန္တလေးကို ပို့ဆောင်ရောင်းဝယ်ကြရတယ်။ အခု ကတ္တရာလမ်းဆိုတော့ အချိန်ကုန်လည်း သက်သာသွားသလို ကုန်စည်ကူးသန်းရောင်းဝယ်ရေးမှာလည်း သွက်လက်မြန်ဆန်လာတဲ့အတွက် ဈေးကွက်မှာ ဈေးကောင်းရတဲ့အကျိုးတွေ ဖြစ်ထွန်းလာတာပေါ့။ မကြာမီကာလမှာ အခုလို လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှု အကျိုးတွေကြောင့် ကျေးလက်ဒေသ လူမှုစီးပွားဘဝတွေ ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ လူနေမှုအဆင့်အတန်းတွေလည်း တစ်နေ့တခြား မြင့်မားတိုးတက်လာတော့မှာ ဖြစ်ပါတယ်" ဟု အဘိုးဦးနှောက ပြောသည်။

ယခုဆောင်ရွက်လျက်ရှိသော ဆင်ချောင်း-ကုန်းတလင်း-ဇီးကုန်း ကျေးရွာချင်းဆက်လမ်း ကတ္တရာလမ်းမှာ ကျေးလက်ဒေသတွင် ပထမဦးဆုံးသော ကျေးရွာချင်းဆက် ကတ္တရာလမ်းဖြစ်ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်ကို ရပ်ကွက် (၈) ခု၊ ကျေးရွာပေါင်း ၂၄၅ ဖြင့် ဖွဲ့စည်းထားပြီး အစိုးရအဆက်ဆက်တွင် ကျေးရွာချင်းဆက် လမ်းများကို ဖောက်လုပ်ခဲ့ကြပြီး ထို့အပြင် WFP နှင့် OISCA တို့ပူးပေါင်း၍လည်း ကျေးရွာချင်းဆက်လမ်းများကို ဆောက်လုပ်ခဲ့ကြသည်။

ယခုအခါမွေးမြူရေး၊ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်ရှိမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျေးရွာချင်းဆက်လမ်းများကို ဘဏ္ဍာရေးနှစ်အလိုက် ဖောက်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**


### အများသိစေရန်ကြေညာခြင်း

ဒေါ်သန္တာဦး[၁၂/သဃက(နိုင်) ၁၅၁၅၀၈] (ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး တရားမဇာရီမှုအမှတ်-၆၀/၂၀၁၂ တွင် တရားနိုင်- ဦးရှားခန်၏ တရားဝင်ကိုယ်စားလှယ်)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး ၂၀၁၂ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၆၀၊ မသန္တာဦး ပါ-၄ (တရားနိုင်-ရှားခန်၏ တရားဝင်ကိုယ်စားများ)နှင့် ဦးချစ်မောင်(ခ)ရရှစ်ခန် ပါ -၃၈အမှုတွင် ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၈/က၊ မြေကွက်အမှတ်-၂/က၊ ၂/ခ၊ ၃ နှင့် မီးလောင်သောမြေကွက် ၄၊ ၅၊ ၆ တို့မှာ အမွေဆိုင်များအား ခွဲဝေပေးရန် ကျန်ရှိကြောင်း အမိန့်ချမှတ်ခဲ့ပါသည်။x x x စဉ်-၇ ပါ မြေကွက်များစပ်လျဉ်း၍ တရားနိုင်နှင့် တရားရုံးအုပ်စုများမှ အမွေဆိုင်အသီးသီးတို့က ၎င်းတို့ရရှိမည့် အမွေဝေစုများကို ၎င်းတို့ဆန္ဒအလျောက် ဦးသိန်းထွေးဆိုသူထံ အရောင်းအဝယ်စာချုပ်များ ချုပ်ဆိုကာ ရောင်းချထားကြောင်း စာချုပ်များကို ရုံးတော်သို့ တင်ပြထားသည်ကို တွေ့ရသည်ဟု တရားရုံးအမိန့်တွင် ပါရှိပါသည်။

သို့ပါ၍ အထက်ပါ မြေကွက်များသည် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး တရားမဇာရီမှုအမှတ်-၆၀/၂၀၁၂ အမှုတွင် အမွေဆိုင်များအကြား မခွဲဝေရသေးသော အမွေဆိုင်မြေကွက်များဖြစ်သည့်အတွက် တရားရုံး၏ ခွင့်ပြုချက်မရဘဲ မည်သူမျှ ရောင်းဝယ်ခြင်း၊ အဆောက်အအုံအသစ်ဆောက်လုပ်ခြင်း မပြုကြပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမောင်မောင်သန်း

တရားလွှတ်တော်ရှေ့နေ

(စဉ်-၈၀၈၂)

အမှတ်-၉/၁၁၊ အခန်း(၁၀၁)၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉-၇၃၁၁၂၁၁၈၊ ၀၉-၇၃၁၅၁၂၈၅

### ကန့်ကွက်နိုင်ပါသည်

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၈)၊ မြေတိုင်းရပ်ကွက်(၂၃-A)၊ ဦးပိုင်အမှတ်(၁၆၁၁)၊ မြေကွက်အကျယ် ပေ(၈၀×၁၀၀)နှင့်(၁၆၁၂)၊ မြေကွက်အကျယ် ပေ(၈၀×၁၀၀)ရှိမြေကွက်နှစ်ကွက်အတွက် ဦးကျော်ဆန်းဦးအား စရန်ငွေအချို့ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားဖြင့် ကြေညာသည့်နေ့မှ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးဇော်ရဲနိုင်[၁၂/ကတတ(နိုင်)၀၂၇၇၈၁]

**Ph 01-710615, 09-73143953**

### အထွေထွေကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစိန်မြင့်[၁၂/လကန(နိုင်)၀၀၇၅၈၁]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစိန်မြင့်[၁၂/လကန(နိုင်)၀၀၇၅၈၁]ကိုင်ဆောင်သူမှ ဒေါက်တာရဲအောင်[၁၂/လမတ(နိုင်)၀၂၉၉၁၁]ကိုင်ဆောင်သူအား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၁-၈-၂၀၁၄ရက်နေ့စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်-၂၀၇၉၈/၂၀၁၄ အထွေထွေကိုယ်စားလှယ်လွှဲစာအား လွှဲအပ်ခဲ့ရာ အဆိုပါ အထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ချမ်းငြိမ်း

(**LL.B**)

အထက်တန်းရှေ့နေ(စဉ်-၂၉၀၁၉)

အမှတ်(၁၇)၊ ကနုကမာလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊

ဖုန်း-၀၉-၄၂၀၂၅၇၈၇၇

### ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဘားလားကျေးရွာ၊ ကွင်းအမှတ်-၄၉၇ (ကျောက်တန်းကွင်း)နှင့် မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာကျေးရွာ၊ ကွင်းအမှတ်(၅၃၀ᶜ) (ကုန်းတလဘောင်ကွင်း)၊ သစ်ခွအထူးဇုန် ရေိယာအတွင်းရှိ မြေကွက်အမှတ်(၁၆၃)၊ ဧရိယာ ဧကအားဖြင့် (၂)ဧက မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါသည်

အထက်ဖော်ပြပါ မြေကွက်အား အမည်ပေါက်ပိုင်ရှင်ရောင်းချသူ ဦးကျော်သိန်း[၅/မရန(နိုင်)၀၁၃၄၄၄]ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသ (စရန်) ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း အရောင်းအဝယ်ကိစ္စအား ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ရောင်းချခြင်းအား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဒေါ်မိတင်ဇာလင်း(စဉ်-၃၀၄၉၁) | ဒေါ်အေးနန္ဒာဝင်း(စဉ်-၁၀၁၂၆) |
| **LL.B, D.B.L, D.M.L, D.I.L** | **LL.B, D.B.L, D.M.L** |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

အမှတ်(၉/၁၁)၊ အခန်း (၁၀၂/ဘီ)၊ ၃၆-လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၁၃၅၂၆၄

### သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တောင်ပိုင်းခရိုင်၊ ခရမ်းမြို့နယ်၊ ကွင်းလျားရှည်ကျေးရွာနေ ဦးချစ်လား (ကေဝိုင်အန် ၀၂၈၈၀၁)၊ ဒေါ်စော[၁၂/ခရန(နိုင်)၀၄၅၃၄၀]တို့၏ သားဖြစ်သူ ဦးကျော်ထွန်း[၁၂/ခရန(နိုင်)၀၈၃၁၀၅]သည် အသက်(၈၀)ကျော်အရွယ် မိခင်မုဆိုးမကြီးအား အမြဲတစေ ဆဲရေးတိုင်းထွာခြင်း၊ ကြိမ်းမောင်းခြင်း၊ လယ်မြေများကို အပြိုင်လုယူလုပ်ကိုင်ခြင်း၊ လယ်ထွက်ပဲစပါးများ မပေးဘဲ ကိုယ်ကျိုးသုံးစွဲခြင်း စသည်တို့ကြောင့် မိခင် ဒေါ်စော၏ ကိုယ်စိတ်နှစ်ပါး ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်ခဲ့သောသားဖြစ်၍ ယနေ့မှစပြီး သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးဝင်းထွန်း | ဒေါ်နီလာဝင်း |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၃၉၀၀) | အထက်တန်းရှေ့နေ (စဉ်-၃၈၂၆၃) |
| အမှတ်(၁၂၇)၊ (၂)လမ်း။ | အမှတ် (၁၂၈)၊ (၂)လမ်း၊ |
| (၃)ရပ်ကွက်၊ ခရမ်းမြို့။ | (၃)ရပ်ကွက်၊ ခရမ်းမြို့။ |

# မိုးတွင်းအလုပ်ပါးချိန်၌ ကြိမ်သီးများမှ ကြိမ်စေ့ထုတ် လုပ်ငန်းဖြင့် မကွေးဒေသခံများ ဝင်ငွေရရှိ



**မကွေး၊ ဩဂုတ် ၁၆**

အအေးပိုင်းဒေသ၊ ရှမ်းရိုးမ၊ ပဲခူးရိုးမနှင့် ဘားအံဒေသများရှိ တောတောင်များတွင် ကြိမ်သီးပင်များ အလေ့ကျပေါက်ရောက်လေ့ရှိရာ ၎င်းဒေသမှ ကြိမ်သီးများမှာယူ၍ အစေ့ထုတ် အခြောက်လှန်းကာ တင်ပို့ရောင်းချခြင်းဖြင့် မကွေးမြို့ဒေသခံများ ဝင်ငွေရရှိနေကြောင်း သိရသည်။

မကွေးမြို့ ကန်သာရပ် ၁၂ လမ်းရှိ ကြိမ်သီးအစေ့ထုတ်လုပ်ငန်းတွင် ဒေသခံလုပ်သား ၅၀ ဦးမှ ၇၀ ဦးခန့်အထိ အလုပ်အကိုင်အခွင့်အလမ်း ရရှိကာ မိုးတွင်းကာလအခြားလုပ်ငန်းများရပ်နားချိန်တွင်ဒေသခံများ အဆိုပါလုပ်ငန်းမှ ဝင်ငွေရရှိနေကြသည်။

ကြိမ်သီးများကို အစေးပေါက်သည်အထိထုရိုက်၍ အစေ့အိမ်ကိုထုတ်ယူရကြောင်း၊ အစေ့အိမ်များကို မိုးကာစများခင်းကျင်း၍ နှစ်ရက်သုံးရက် အခြောက်လှန်းရကြောင်း သိရသည်။

"ကျွန်မတို့မိသားတစ်စုလုံး ကြိမ်စေ့ထုတ်လုပ်ငန်းကို လာရောက်လုပ်ကိုင်ကြတာပါ။ ကြိမ်သီးတစ်ပြည်ကို ကျပ်ငွေ ၄၀၀ အထိ လုပ်အားခရတယ်။ လူတစ်ဦးကို ၁၀ ပြည်ကနေ ပြည် ၂၀ အထိ အစေ့ထုတ်နိုင်တယ်။ လုပ်နိုင်ရင်လုပ်နိုင်သလောက် ရကြတော့ တချို့လုပ်ငန်းကျွမ်းကျင်သူတွေဆိုရင် တစ်ရက်ကို လုပ်အားခ ငွေကျပ် ၈၀၀၀ ကနေ ၁၀၀၀၀ ကျပ်အထိ ရတယ်"ဟု ဒေသခံလုပ်သားတစ်ဦးက ပြောသည်။

ကြိမ်စေ့များကို မန္တလေးဘက်မှ ဝယ်လက်များက ဆင်း၍ဝယ်ယူလေ့ရှိပြီး တရုတ်ပြည်မှ တိုင်းရင်းဆေးဝါးဖော်စပ်ရန် ဝယ်ယူခြင်းဖြစ်ကြောင်း၊ ကြိမ်သီးအမျိုးအစားနှင့် အရည်အသွေးပေါ်မူတည်၍ ဈေးနှုန်းကွဲပြားမှုရှိကာ အနည်းဆုံး ကြိမ်စေ့တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ ဝန်းကျင်ဈေးပေါက်ကြောင်း သိရသည်။

"မိုးတွင်းကာလတွေမှာ ကြိမ်သီးသီးပြီး ဈေးကွက်လှုပ်ရှားတယ်။ ကျွန်မတို့က ရာသီအလိုက် အခြားဆေးဖက်ဝင်ပစ္စည်းတွေအဖြစ် မြစ်အနောက်ဘက်တစ်ကြောကထွက်တဲ့ တောထန်းမြစ်၊ လိပ်ပြာဥတွေကိုလည်း မှာယူတင်သွင်းတယ်။ အခု ကြိမ်စေ့ထုတ်လုပ်ငန်းက ပိုပြီးတွက်ခြေကိုက်တဲ့အပြင် လုပ်အားခအဖြစ် တစ်နေ့ကို ငါးသိန်းကနေ ခြောက်သိန်းခန့်အထိ ရှင်းပေးနေနိုင်တယ်" ဟု ကြိမ်စေ့ထုတ်လုပ်ငန်းရှင် ဒေါ်အေးအေးစန်းက ပြောသည်။ **ဖူးပွင့်နေခြည်(မကွေး)**

# ပုသိမ်ခရိုင်၊ ရေကြည်မြို့၌ ကျောင်းတွင်းကျန်းမာရေး အသိပညာပေး ဟောပြော

**ရေကြည်၊ ဩဂုတ် ၁၆**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ရေကြည်မြို့နယ် အ. ထ. က (၂) မြို့မကျောင်း၌ ကျောင်းတွင်းကျန်းမာရေး စစ်ဆေးပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၄ ရက် နံနက် ၁၀ နာရီက အ. ထ. က (၂) တော်ဝင်ခန်းမတွင် ကျင်းပခဲ့သည်။

ယင်းအခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ဖောလောအယ်က အဖွင့်အမှာစကားပြောကြားပြီး ရေကြည်မြို့နယ်ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူးအဆင့်(၁) ဒေါ်စမ်းက အနာကြီးရောဂါကူးစက်မှု ကာကွယ်ရေးလုပ်ငန်းများနှင့် စနစ်တကျကုသရန်နည်းများ၊ ဝမ်းလျှောဝမ်းပျက်ရောဂါကာကွယ်ခြင်း ဖြစ်ပွားလာလျှင် ကုသခြင်းနှင့် ပြန်လည်နလန်ထူလာအောင် ပြုစုပျိုးထောင်ပြီး ယင်လုံအိမ်သာ စနစ်တကျ သုံးစွဲခြင်းများကို အသိပညာပေးဟောပြောသည်။

ထို့ပြင် အိမ်သာဆင်းဆပ်ပြာနှင့် လက်ဆေးခြင်းများ ပညာပေးဟောပြောခြင်း၊ လက်စနစ်တကျဆေးကြောခြင်းဖြင့် ကူးစက်မြန်ရောဂါများကို ကာကွယ်နိုင်ကြောင်းနှင့် စနစ်တကျလက်ဆေးနည်းကိုပါ သင်ကြားပေးခြင်း၊ မိုးရာသီအဖြစ်များသော သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး၊ (ဖုံး၊ သွန်၊ ခပ်၊ စစ်၊ လောင်း၊ ထောင်၊ လဲ၊ ဖွင့်၊ မြှုပ်၊ ရှင်း၊ မှုတ်) စသည့် ပိုးလောက်လန်းနှိမ်နင်းရေးနည်းစနစ်များကို အ. ထ. က (၂) မြို့မ ကျောင်းသား၊ ကျောင်းသူများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **မင်းဇော်ဦး(ရေကြည်)**

# လမ်းဘေးရေမြောင်းထဲတွင် လူတစ်ဦး ရေနစ်သေဆုံး

**ကျောက်တန်း၊ ဩဂုတ် ၁၆**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် တံတားမြိုင်အပိုင် တံတားမြိုင်နှင့် စင်မကော်ကျေးရွာသို့သွားသော လမ်းဘေးရေမြောင်းထဲတွင် လူတစ်ဦး ရေနစ်သေဆုံးနေကြောင်း ဩဂုတ် ၁၄ ရက် နံနက် ၉ နာရီခွဲက တံတားရဲစခန်းသို့ သတင်းပေးတိုင်တန်းချက်အရ သိရသည်။

ယင်းသတင်းပေးတိုင်တန်းချက်အရ စခန်းမှူးရဲအုပ် ထွန်းထွန်းဝေ၊ ဒုရဲအုပ် သန်းအောင်ထွေးနှင့် တံတားမြို့ အမှတ် (၄) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသန်းရွှေတို့က အခင်းဖြစ်နေရာသို့ သွားရောက်စုံစမ်းစစ်ဆေးခဲ့ရာ သေဆုံးသူမှာ စင်မကော်ကျေးရွာနေ ဝင်းထွေး (၄၁) နှစ်ဖြစ်ပြီး လွန်ခဲ့သော ၁၂ ရက်ကတည်းက အိမ်သို့ပြန်ရောက်မလာဘဲ ရေနစ်သေဆုံးနေခြင်းဖြစ်ကြောင်း သိရသည်။

၎င်းသေဆုံးမှုနှင့်ပတ်သက်၍ ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ်၊ မဟုတ် သိရှိနိုင်ရန် တံတားဆေးရုံသို့ ပို့ဆောင်စစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။ **အောင်ဆွေ(ရွှေတံတား)**

# တဲရွာ အ.မ.က သို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးမှ စာအုပ်လှူဒါန်း

**မြင်းခြံ၊ ဩဂုတ် ၁၆**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ တဲရွာကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ ကျောင်းသုံးဗလာစာအုပ်များနှင့် ဦးထုပ်များကို မြင်းခြံခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့မှ ဩဂုတ် ၁၃ ရက် နံနက် ၁၁ နာရီက သွားရောက်လှူဒါန်းခဲ့ကြသည်။

တဲရွာကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ပညာသင်ကြားနေကြသော ကျောင်းသား၊ ကျောင်းသူကလေးများကို မြင်းခြံခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းဝင်းနှင့်အဖွဲ့ဝင်များက ကျောင်းသုံးဗလာစာအုပ် ၁၂၉ အုပ်၊ ဦးထုပ်များနှင့် ချိုချဉ်များလှူဒါန်းခဲ့ကြသည်။

၎င်းအပြင် လှူဒါန်းပွဲသို့ လိုက်ပါလာသော မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်ကလည်း ရေလောင်းအိမ်သာတစ်လုံး ဆောက်လုပ်လှူဒါန်းပေးသွားမည်ဖြစ်ပြီး အတူလိုက်ပါလာသော မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့မှ ဦးတင့်လွင်နှင့်ဇနီး ဒေါ်ခင်မေအုန်း (အောင်ကမ္ဘာသစ်စက်နှင့်ရေခဲစက်) မှလည်း ကျောင်းအတွက်လိုအပ်သော စားပွဲကြီးသုံးလုံးကို လှူဒါန်းသည်။

တဲရွာကျေးရွာ အခြေပညာမူလတန်းကျောင်းသို့ ကျောင်းသုံးဗလာစာအုပ်များနှင့် ဦးထုပ်များ လှူဒါန်းပွဲသို့ မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

# စာဖတ်ရှိန်မြှင့်တင်ရန်စာဖတ်ဝိုင်းနှင့်စာအုပ်လှူဒါန်း

**မိုးနဲ၊ ဩဂုတ် ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မိုးနဲမြို့နယ်၊ ကွန်နားကျေးရွာအုပ်စု၊ လွိုင်လင်းကျေးရွာ၊ အခြေခံပညာမူလတန်းလွန်ကျောင်းခန်းမတွင် စာဖတ်ဝိုင်းနှင့် စာအုပ်လှူဒါန်းခြင်း အခမ်းအနားကို ဩဂုတ် ၁၄ ရက် နံနက်ပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။ အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးညွန့်ရွှေက အာဆီယံအကြောင်းသိကောင်းစရာကိုလည်းကောင်း၊ စာထောက်-၃ ဒေါ်နန်းရွှေကြည်က စာဖတ်ခြင်းမှရရှိသော အသိအလိမ္မာစာတမ်းကိုလည်းကောင်း ရှင်းလင်းဖတ်ကြားဆွေးနွေးခဲ့သည်။ ထို့နောက် ကျေးရွာစာကြည့်တိုက်အတွက် ဝတ္ထု၊ ရုပ်ပြ၊ ဂျာနယ်၊ မဂ္ဂဇင်းစာအုပ်များ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မော်လီဆွေက လက်ခံရယူခဲ့ကြောင်း သိရသည်။ **(မမ၁)**


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနည်းပညာ မြှင့်တင်ရေးသင်တန်းဌာန (ဘယ်လင်း) တွင် အောက်ပါဆောက်လုပ်ရေးလုပ်ငန်းများကို ၂၀၁၄ ခုနှစ်၊ ဩဂုတ်လအတွင်း စတင်ဆောင်ရွက်ရမည်ဖြစ်၍ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ခေါ်ယူပါသည်။

(က) Foundry ဌာနတွင် သံကူကွန်ကရစ် Slab မိုး QC Room (၃၀' ×၁၅' . ၆" ×၁၂' ) (Contilever Slab, Walling, Instrument တင်ရန် High 2' .6" Counter Slab, Lighting နှင့် မီးပလပ်ခုံများ အပါအဝင်) — (၁) လုံး

(ခ) ဝင်းအတွင်း ပျက်စီးနေသော လမ်းအတွက် Slab Culvert ပြုလုပ်ခြင်း (၂၀' ×၇' ×၁၂' တစ်ခုနှင့် ၁၂' ×၇' ×၁၀' တစ်ခု) — (၂) ခု

(ဂ) ပျက်စီးသွားသောခြံစည်းရိုး အောက်ခြေနှင့်မြောင်းအတွက် Slab Culvert ပြုလုပ်ခြင်း။ ပျက်စီးနေသော ခြံစည်းရိုးပြန်လည်တည်ဆောက်ခြင်း အပါအဝင် (၆' ×၇' ×၁၁' တစ်ခုနှင့် ၆' ×၇' ×၁၂' တစ်ခု) — (၂) ခု

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက် (၁)စောင်လျှင် ကျပ် ၂၀၀၀/- (ကျပ်နှစ်ထောင်တိတိ) ဖြစ်ပါသည်။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အတူ အာမခံစပေါ်ငွေ (Earnest Money) %အား (က) အတွက် ကျပ် ၁၂၅၀၀၀/- (ခ)အတွက် ကျပ် ၁၃၀၀၀၀/- (ဂ)အတွက် ကျပ် ၇၅၀၀၀/- ကို P.O ချက်ဖြင့် ဘဏ္ဍာရေးဌာနသို့ ပေးသွင်းရမည်။

၃။ တင်ဒါပုံစံများကို ၁၈-၈-၂၀၁၄ရက်မှ ၂၂-၈-၂၀၁၄ ရက်အထိ ရုံးချိန်အတွင်းစက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ ရုံးအမှတ်(၂၁)၊ နေပြည်တော်တွင် ဝယ်ယူနိုင်ပြီး၊ ၂၅-၈-၂၀၁၄ ရက်နေ့ ရုံးချိန်အတွင်း အိတ်ဖွင့်တင်ဒါဖွင့် ဖောက်မည်ဖြစ်ပါသည်။ (ဖုန်းအမှတ်၊ ၀၆၇-၄၀၄၄၄၈၊ ၄၀၄၅၁၀၊ ၄၀၄၅၁၁၊ ၄၀၄၄၅၅)

အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့



## လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ပထမနှစ်ဝင်ခွင့် နှုတ်မေးစာမေးပွဲအတွက် လေ့လာရန်

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်၊ စိုက်ပျိုးရေးသိပ္ပံဘွဲ့ (B.A gr.Sc) (၅) နှစ်သင်တန်း တက်ရောက်ရန်အတွက် ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီး ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သို့ ဝင်ခွင့်လျှောက်ထားသောသူများသည် နှုတ်မေးစာမေးပွဲ ဖြေဆိုရန် တက္ကသိုလ်ဝင်တန်း ပြဋ္ဌာန်းစာအုပ်များမှ (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ) ဘာသာရပ်တို့ကို လေ့လာထားရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။






## ရောင်းရန်ရှိသည်

**Sqft 1525', MB-1, B-2, AC-4, Shower Room Furnitures, Power Meter-1, Single Meter-1, Basement Car Parking.**ဝရန်တာပါ၊ (အဆင့်မြင့်ပြင်ဆင်ပြီး၊ ရုံးခန်းဖွင့်လိုသူများ အထူးသင့်လျော်) **Ocean East Point Shopping Centre** အပေါ်ထပ် (၅)လွှာ၊ မဟာဗန္ဓုလလမ်းမကြီး၊ မျက်နှာစာတန်း။

**Ph-01-397990-1, 09-73042223**

ရောင်းဈေး ကျပ်သိန်း (၃၂၀၀)







# လေးရွာအ.လ.ကတွင် ကျောင်းကျန်းမာရေး လှုပ်ရှားမှုများဆောင်ရွက်

**ကျောက်ပန်းတောင်း၊ ဩဂုတ် ၁၆**

မူလတန်းအရွယ်မှစ၍ ကျောင်းသားများ တစ်ကိုယ်ရေ ကျန်းမာရေးအလေ့အထား တတ်စေရန်နှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအသိများ တတ်သိနားလည်စေရန်အတွက် ပညာပေးဟောပြောခြင်းနှင့် တစ်ကိုယ်ရေကျန်းမာရေး စစ်ဆေးခြင်းများကို ကျောင်းကျန်းမာရေးလှုပ်ရှားမှုအဖြစ် ဩဂုတ် ၁၄ ရက် နံနက် ၉ နာရီခွဲက မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ် လေးရွာအခြေခံပညာ အလယ်တန်းကျောင်းတွင် ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ထိုလှုပ်ရှားမှုတွင်ကျောင်းကျန်းမာရေး ဌာန တာဝန်ခံ ဒေါက်တာဥမ္မာဆွေနှင့် လေးရွာအခြေခံပညာအလယ်တန်းကျောင်းအုပ်ဆရာမကြီးဒေါ်နိုင်နိုင်ဝင်းတို့က ကျန်းမာရေး ဆိုင်ရာလိုက်နာရမည့် အခြေခံအချက်များကို ရှင်းလင်းဟောပြောကြသည်။

ယင်းနောက် သူနာပြုဆရာမဒေါ်တင်ဌေးနှင့်အဖွဲ့ဝင်များ၊ အတန်းပိုင်ဆရာမများက သူငယ်တန်းမှ စတုတ္ထတန်းအထိကျောင်းသားကျောင်းသူ ၆၁၇ ဦးတို့အား တစ်ကိုယ်ရေသန့်ရှင်းမှုစစ်ဆေးခြင်း၊ သံချဆေးတိုက်ကျွေးခြင်းများဆောင်ရွက်ခဲ့ကြပြီး၊ ကျောင်းကျန်းမာရေး လှုပ်ရှားမှုအဖြစ် နံရံကပ်စာစောင်ပြသခြင်း၊ အာဟာရကျွေးမွေးခြင်းများ ဆောင်ရွက်ခဲ့သည်။**ကိုနေ(ကျောက်ပန်းတောင်း)**



**ပဲခူးမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့မှ ရှေ့တန်းရောက်တပ်မတော်သားများအား ဂုဏ်ပြုသောအားဖြင့် ငွေကျပ်ငါးသိန်းဖိုးရှိ အင်အားရိက္ခာပစ္စည်းများအား မြို့နယ်စစ်မှုထမ်းဟောင်းဥက္ကဋ္ဌဗိုလ်ကြီးမင်းသော်တာ(ငြိမ်း)နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များမှ အမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ်မှ ကိုယ်စားလှယ်ထံသို့ ဩဂုတ် ၇ ရက်တွင် မြို့နယ်စစ်မှုထမ်းဟောင်းရုံးခန်း၌ ပေးအပ်လှူဒါန်းခဲ့ကြောင်းသိရသည်။** သတင်းနှင့် ဓာတ်ပုံ - (၄၀၁)

ဖတ်စရာ

# ပညာအမွေအစဉ်ရှာဖွေ

**à aomfvmat;**

"နတ္ထိဝိဇ္ဇာ သမံမိတ္တ" ဟူသော၊ 'အတတ်ပညာနှင့်တူသည့် မိတ်ဆွေမရှိ' ဟုဆိုစကားနှင့်အညီ ယနေ့ခေတ် လူငယ် လူရွယ်တို့သည် ပညာကို တန်ဖိုးထားကာလေ့လာသင်ယူရင်းဖြင့် ပညာရေးကို မြှင့်တင်ပြီး ပညာခေတ် Age of Knowledge ကို ထူထောင်နေကြပြီဖြစ်သည်ကို တွေ့ရပေမည်။

ကျောင်းနေအရွယ် လူငယ်တိုင်း ပညာသင်ကြားနိုင်ရန်အတွက် အခြေခံပညာကဏ္ဍတွင် မူလတန်း၊ အလယ်တန်း အခမဲ့ ပညာသင်ကြားရေးစနစ်နှင့်အတူ အဆင့်မြင့်ပညာကဏ္ဍတွင် တက္ကသိုလ်များ၊ နိုင်ငံတကာအဆင့်မီရေးနှင့် သုတေသနအခြေပြု တက္ကသိုလ်များ ဖြစ်လာစေရန်အတွက် နိုင်ငံတော်မှလည်း အဖက်ဖက်မှ တိုးတက်အောင် ဆောင်ရွက်လျက်ရှိသည်။

"လက်ဦးဆရာမည်ထိုက်စွာ၊ ပုဗ္ဗစရိယ မိနှင့်ဖ" ဟူ၍ မိဘနှင့် ဆရာသမားတို့၏ သွန်သင်ညွှန်ပြမှုမှာလည်း အရေးပါလှသည်။ ယနေ့လူငယ်တိုင်းသည် EQ (Emotional Quotient) စိတ်ထားတည်ငြိမ်ရင့်ကျက်မှုနှင့် IQ(Inteligence Quotient) စွမ်းရည်မြင့်မားမှုတို့ ပြည့်ဝရန်လိုပေသည်။ သို့အတွက် မိဘ၊ ဆရာများနှင့်အတူ ပညာရေးမိသားစုဝင်များအားလုံး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်အပြည့်ဖြင့် ပညာရေးပန်းတိုင်သို့ တူညီစွာလက်တွဲသွားနိုင်ရန်လိုအပ်လှသည်။

ပညာရေးပန်းတိုင်သို့ တက်လှမ်းရင်းဖြင့် လူငယ်လူရွယ်တိုင်း မိမိကိုယ်ကိုယုံကြည်မှု ပိုလာပြီးနောက် အချင်းချင်း ချစ်ကြည် ကူညီရိုင်းပင်းစိတ်ထားဖြင့် စံနမူနာပြကာ နိုင်ငံအကျိုး သယ်ပိုးရွက်ဆောင်လိုစိတ်ထားနှင့် ပြည်ထောင်စုစိတ်ဓာတ်များ ခိုင်မာလာပေမည်။

နိုင်ငံစီးပွားရေးမှ ပြည်သူတစ်ရပ်လုံးစီးပွားရေး တိုးတက်မြင့်မားရန်အတွက် ပညာရေးကဏ္ဍမှာ အခြေခံအုတ်မြစ်ပမာဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ လူ့အဖွဲ့အစည်းတစ်ခုအတွင်း အရေးအကြီးဆုံးမှာ ပြည်သူ့စွမ်းအားဖြစ်သည်။ ထိုပြည်သူအားလုံး ပညာရေးမြင့်မားမှုမှာလည်း အဖွဲ့အစည်းတစ်ခု နိုင်ငံတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါဆုံးကဏ္ဍ၌တည်ရှိနေပေသည်။

> **အခမဲ့ ပညာရေးစနစ်နှင့်အတူ . . .**

လူငယ်လူရွယ်တို့၏ ပညာရှာမှီးစဉ် အသိကိုဖြစ်ပေါ်စေသည့်ဉာဏ်ကို အကြမ်းအားဖြင့် ခွဲခြမ်းစိတ်ဖြာလျှင် ပထမအချက်မှာ မျက်မြင်ကိုယ်တွေ့ကို အခြေခံ၍ဖြစ်ထွန်းလာသော "သုတဉာဏ်" ဒုတိယမှာအကြောင်းနှင့်အကျိုးကိုဆက်စပ်၍ ယုတ္တိသဘောမှဖြစ်ထွန်းလာသော "အနုမိတ္တဉာဏ်" တတိယမှာ ကိုယ်တိုင်နားလည် ခံစားခြင်းဖြင့်ဖြစ်ထွန်းလာသော "သစ္စိကတဉာဏ်" ဟူ၍သုံးမျိုးခွဲခြားနိုင်ပေသည်။

ထိုသို့ဖြစ်ပေါ်လာသော ဉာဏ်တို့ကိုအသုံးချ၍ လူငယ်လူရွယ်တို့သည် ပညာသင်ဘဝတွင် ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့်ကြိုးစားအားထုတ်ကြရမည်ဖြစ်ပေသည်။ သို့မှသာအသိပညာနှင့် အတတ်ပညာပြည့်စုံသောလူတော်လူကောင်းများပေါ်ထွန်းပြီး နိုင်ငံတော်၏ပညာရေးအဆင့်အတန်း မြင့်မားလာနိုင်ပေသည်။ ပညာကို ရှေ့တန်းတင်လာသော ယနေ့ပညာခေတ်တွင် ပညာကိုမိတ်ဆွေရင်းပမာတန်ဖိုးထားကာ ကြိုးစားလေ့လာသင်ယူခြင်းဖြင့် မိမိအတွက်ရောနိုင်ငံနှင့်လူမျိုးအကျိုးစီးပွားအတွက်ပါ တန်ဖိုးမြင့်မားလာနိုင်မည် ဖြစ်သည်။

အနာဂတ်ကို ဦးဆောင်မည့် မျိုးဆက်သစ်လူငယ်လူရွယ်တို့ ပညာရည်တိုးတက်၊ ဘက်စုံထူးချွန် ထက်မြက်စေခြင်းဖြင့် နိုင်ငံတော်၏အနာဂတ်အလားအလာမှာ တိုးတက်ဖွယ်ရာဖြစ်သဖြင့် ပညာအမွေအစဉ်ရှာဖွေသင့်ပါသတည်း။

# တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်အတွင်းရှိ အခြေခံပညာ ကျောင်းများ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဟောပြော

**တနင်္သာရီ၊ ဩဂုတ် ၁၆**

ယာဉ်မတော်တဆမှုများ လျော့နည်းပပျောက်ရေးနှင့် ကျောင်းသားလူငယ်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာစေရန်ရည်ရွယ်လျက် ယာဉ်စည်းကမ်း လမ်းစည်းကမ်း ပညာပေး ဟောပြောပွဲများကိုဩဂုတ် ၁၄ ရက် နံနက် ၉ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ အမှတ် (၃) အခြေခံပညာ အထက်တန်း ကျောင်းတွင်လည်းကောင်း၊ မွန်းလွဲ ၁ နာရီတွင် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းတွင်လည်းကောင်း ကျင်းပပြုလုပ်ခဲ့သည်။

ပညာပေးဟောပြောပွဲတွင် အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းဌေးနှင့် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးမြင့်ဦးတို့က အမှာစကားပြောကြားကြပြီး အမှတ် (၈) ယာဉ်ထိန်းရဲ ဒုတိယတပ်ဖွဲ့ခွဲမှူး ရဲမှူးစိုးဝင်းက နိုင်ငံတော်အတွင်း ယာဉ်မတော်တဆဖြစ်မှုများ အခြေအနေ၊ တနင်္သာရီတိုင်းဒေသကြီး ခရိုင်မြို့ကြီးများတွင် ယာဉ်မတော်တဆဖြစ်ပွားမှု အခြေအနေဖြစ်စဉ်များ၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ် စီးနင်းသူများလိုက်နာရမည့် စည်းကမ်းများကို ပညာပေးဘုတ်ချပ်များ၊ ပရိုဂျက်တာ ပါဝါပွိုင့်များဖြင့် ပညာပေးဆွေးနွေးပြီး ယာဉ်ထိန်းရဲတပ်ဖွဲ့ တပ်ကြပ်ကြီး ကြည်မြင့်ဇော်က လက်အချက်ပြနည်းစနစ်ဖြင့် ယာဉ်ကြောထိန်းသိမ်းခြင်းအား လက်တွေ့သရုပ်ပြ ရှင်းလင်းပညာပေးသည်။

အခမ်းအနားသို့ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ၊ ဆရာမ ၂၀ ဦး၊ အဌမတန်းနှင့် နဝမတန်း ကျောင်းသား၊ကျောင်းသူ ၃၇၉ ဦး၊ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ၊ ဆရာမ ၁၀ ဦး၊ ကျောင်းသား၊ ကျောင်းသူ ၃၉၁ ဦး တက်ရောက်ကြသည်။ **ဖိုးရွှေသွန်း(ထားဝယ်)**

ဒဂုံမြို့သစ်
အရှေ့ပိုင်း(တောင်ပိုင်း)၊ ဆိပ်ကမ်းမြေကွက်များ ဈေးကောင်းပေးဝယ်သည်။
ဖုန်း-၀၉-၅၀၅၄၀၅၁၊ ၀၉-၄၃၀၁၇၀၀၀၊ ၀၉-၅၀၈၉၇၆၄

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ မဟော်သဓာလမ်း၊ မြေကွက်အမှတ်(၁၁၈၂)၊ ပေ(၄၀×၆၀) PTရေ၊ မီးစုံ ဒေါ်ခင်ချိုအမည်ပေါက် နှစ်(၆၀)ဂရန်မြေအား စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူခဲ့သူ ဦးကျော်ညွန့်[၁၁/မပန(နိုင်)၀၅၇၂၈၁]ထံမှ ကျွန်မ ဒေါ်ဌေးဌေးဝင်း [၁၂/ဥကတ(နိုင်)၀၁၇၆၇၁]က ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောစာချုပ်စာတမ်း မူရင်းများဖြင့် (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိ ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။
ဒေါ်ဌေးဌေးဝင်း ဖုန်း -၀၉၇၃၀၉၇၉၄၈

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင် စိုက်ပျိုးရေးဇုန်(၂)၊ မြေကွက်အမှတ်(၈၈/ ၈၉)၊ C 18 လမ်းပေါ် M1 နှင့်M0 လမ်းကြား၊ အကျယ်အဝန်း(၂)ယူနစ်(၁၀)ဧက စိုက်ပျိုးရေးမြေနှင့် ပတ်သက်၍ လက်ရှိအမည်ပေါက် ပိုင်ဆိုင်လျက်ရှိသော ဦးကျော်ကျော်[၉/မနမ(နိုင်)၀၃၅၀၈၆] နှင့် ဒေါ်ခင်စန္ဒာဖုန်း[၉/မနမ(နိုင်)၀၈၁၆၅၄]တို့ထံမှ ဝယ်ယူခဲ့ပြီး ယခုလက်ရှိ ပြန်လည် ရောင်းချပိုင်ခွင့်ရှိသည်ဟု မြွက်ဟကြေညာသူ ဦးရတနာထွန်းထွန်းထံမှ ကျွန်ုပ်၏အမှုသည်ဖြစ်သူမှ အရောင်းအဝယ်ပြုလုပ်ရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းနှင့်တကွ ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပြီး ညောင်နှစ်ပင် အထူးဇုန်(၂)ကြီးကြပ်ရေးကော်မတီထံတွင် အမည်ပြောင်းလဲခြင်းလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ဦးအောင်မြတ်(စဉ်-၇၆၃၂)
အထက်တန်းရှေ့နေ
ဖုန်း-၀၉၄၉၃၂၇၃၈၈၊ ၂၅၄၀၆၃၈၇၈

ဝင်ငွေကြေညာလွှာတင်သွင်းရန် ကျန်ရှိသူများအတွက် နှိုးဆော်ချက်
၂၀၁၃-၂၀၁၄ ဝင်ငွေနှစ်အတွက် ဝင်ငွေကြေညာလွှာကို ၃၀-၆-၂၀၁၄ရက် နောက်ဆုံးထားတင်သွင်းကြရန် ကြေညာထားပြီးဖြစ်ပါသည်။
ထိုကြေညာချက်အတိုင်း ကုမ္ပဏီ/သမဝါယမအသင်း/လူပုဂ္ဂိုလ်အများစုက ဝင်ငွေကြေညာလွှာ တင်သွင်းခဲ့ကြသော်လည်း အချို့မှာ ယခုတိုင် မတင်သွင်းသေးကြောင်း တွေ့ရှိရသဖြင့် အမြန်တင်သွင်းကြရန် နှိုးဆော်ပါသည်။
အခွန်ကောက်ခံမှု စိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့

## ကျေးဇူးအထူးတင်ရှိခြင်း
### ဒေါ်အကြိုင်(ဇာသပြင်၊မော်လမြိုင်)
**အသက်(၈၅)နှစ်**

၉-၈-၂၀၁၄ရက်တွင် ကွယ်လွန်သွားသော ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အမှတ်(၄၆)၊ ရေဝတီလမ်းနေ ဒေါ်အကြိုင် အသက်(၈၅)နှစ်အတွက် မကွယ်လွန်မီ အာရှတော်ဝင်ဆေးရုံ၌ တက်ရောက်ကုသစဉ် တရားဓမ္မ ကြွရောက်ချီးမြှင့်ကြသော ဆရာတော် သံဃာတော်များ၊ အစစအရာရာ မိသားစုစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းပြုစု၊ ကုသ၊ စောင့်ရှောက်၊ ကူညီပေးခဲ့ကြသော အထူးကုဆရာဝန်ကြီးများ၊ အာရှတော်ဝင် ဆေးရုံအုပ်ချုပ်မှု ဒါရိုက်တာအဖွဲ့၊ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကွယ်လွန်ပြီးသည့်နောက် နာရေးကိစ္စတွင် အဘက်ဘက်မှ လိုလေသေးမရှိ အဆင်ပြေချောမွေ့အောင် ဝိုင်းဝန်းကူညီခဲ့ကြသူများနှင့် လိုက်ပါပို့ဆောင်ခဲ့ကြသူများ၊ တရားရေအေးတိုက်ကျွေးခဲ့ကြသော ဆရာတော် သံဃာတော်များ၊ ရပ်ဝေးရပ်နီးမှ သက်န်း လှူဖွယ်ပစ္စည်းများပေးပို့ခဲ့ကြသော၊ မေတ္တာဖြင့် သတင်းမေးမြန်းခဲ့ကြသော ဆရာသမား၊ မိတ်ဆွေသင်္ဂဟများအားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယိကာမကြီး**
### ဒေါ်အကြိုင်(ဇာသပြင်၊ မော်လမြိုင်)
**အသက်(၈၅)နှစ်**

လူငယ်(ရေကြောင်း) ကျောင်းသား/သူဟောင်းများနှင့် ဆရာ/ဆရာမများ၏ ကျန်းမာရေးကိစ္စအဝဝကို စေတနာရှေ့ထား အမြဲတာဝန်ယူ ကူညီဆောင်ရွက်လျက်ရှိသည့် ပါမောက္ခဒေါက်တာဇော်သန်းထွန်း၊ ဒေါ်ကြည်ကြည်ညွန့်တို့၏မိခင်သည် ၉-၈-၂၀၁၄(စနေနေ့) နံနက်၆း၄၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်မှူးချုပ်မော်သိမ်း (တပ်မတော်ရေ-ငြိမ်း)နှင့်**
**လူငယ်(ရေကြောင်း) ကျောင်းသား/သူဟောင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးစောလင်း
**1971, BE(Civil) RIT**
**အသက်(၆၉)နှစ်**

ဦးစောလင်း (အထွေထွေမန်နေဂျာ-ငြိမ်း)ကြေးနီစီမံကိန်း၊ မုံရွာသည် ၂၁-၇-၂၀၁၄ရက် ညနေ ၆း၀၇နာရီတွင် ကွယ်လွန်ကြောင်းသိရပါ၍ မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**နှစ်ပေါင်းစုံမြို့ပြအင်ဂျင်နီယာများ၏**
**မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**

## ဝမ်းနည်းကြေကွဲခြင်း
### ဦးအောင်သူ
**အသက်(၆၆)နှစ်**
**အထပြ(ငြိမ်း)-အထက(ပေါင်)**
**လ/ထ ပညာရေးမှူး(ငြိမ်း)၊ ပေါင်မြို့၊ မွန်ပြည်နယ်**

တပည့်များအပေါ် သားသမီးရင်းနှင့်မခြား နွေးထွေးကြင်နာစွာ ပညာသင်ကြားပေးခဲ့သော အနန္တဂိုဏ်းဝင် ကျေးဇူးရှင်မြတ်ဆရာ ဦးအောင်သူ သည် ၁၂-၈-၂၀၁၄ရက်တွင် ကွယ်လွန်ကြောင်းကြားသိရတဲ့အတွက် ဆရာ့ တပည့်များအားလုံးကလည်း ဆရာ့မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါတယ်။ ဆရာ ကောင်းရာသုဂတိလားပါစေ----

**(၁၉၇၇-၇၈) မှ (၁၉၈၀-၈၁)မြတ်ဆရာပူဇော်ရေးစုဘူးအဖွဲ့**
**(၁၉၈၁/၈၂/၈၃/၈၄)န၀မတန်း တပည့်ဟောင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ဒေလီယာမြတ်စံ(တောင်ငူ)
**အသက်(၉၆)နှစ်**

ဦးစောဘလာထူး(MD.MDILနှင့်CMP)-ဒေါက်တာမြင့်မြင့်စန်း(Kembangan Group of Medical Centres)တို့၏မိခင် ဒေါ်ဒေလီယာမြတ်စံသည် ၁၁-၈-၂၀၁၄ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးစိုးလင်း-ဒေါ်အေးအေးကြိုင်မိသားစု**
**၆၈လမ်း×၂၇လမ်းထောင့်၊ မန္တလေး**

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး၊ တံတား ဒါယကာကြီး**
### ဦးဟိုးကြီး(ခ)ယူဟုန်ခိုင်(ခ)ဦးမောင်ခိုင်
**အသက်(၈၇)နှစ်**

အန်ကယ် ဦးသန်းမြင့် (Laser Plus Photo)-အန်တီ ဒေါ်မြင့်မြင့်ကြည်(Laser Media) တို့၏ဖခင်ကြီး ဦးဟိုးကြီးသည် ၁၃-၈-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉း၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Laser Media မှဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

ပါမောက္ခဒေါက်တာဦးခင်မောင်မြင့် (လက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုပညာဌာန၊ အရိုးအထူးကုဆေးရုံ)-ဒေါ်မေထားအောင်တို့၏မိခင်ကြီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်ညွန့်ညွန့် (ပေါက်တပင်) (၇၉)နှစ်သည် ၇-၈-၂၀၁၄ (ကြာသပတေးနေ့)တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးဇော်မိုးခိုင်-ဒေါက်တာစောနေနွယ်**
**AA Medical Products Limited.**
**(Pacific AA Group)**
**ဝန်ထမ်းမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာဥမ္မာထွန်း၊ ပါမောက္ခဒေါက်တာခင်ဇော်-ပါမောက္ခဗိုလ်မှူးကြီး ကေသီထွန်း၊ ဆေးတက္ကသိုလ်(၁)ဆေးပညာဌာနမှ ပါမောက္ခ ဒေါက်တာဦးဇော်သန်းထွန်း (ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဆေးကုသဆောင် ၁၁-၁၂)-ဒေါ်ကြည်ကြည်ညွန့် တို့၏မိခင်ကြီး ဒေါ်အကြိုင်၊ အသက်(၈၅)နှစ်သည် ၉-၈-၂၀၁၄(စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးဇော်မိုးခိုင်-ဒေါက်တာစောနေနွယ်**
**AA Medical Products Limited. (Pacific AA Group)**
**ဝန်ထမ်းမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်စောကြည်(တောင်ကြီး)
**အသက်(၈၇)နှစ်**

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ နယ်မြေ(၁၀)၊ ရွှေတောင်ရပ်၊ နေကြာလမ်း၊ အမှတ် (ရ/၂၁၄)နေ ဦးတင်လှိုင်၏ဇနီး၊ ဦးထွန်းဇော် (Operations Manager, Paramount Inle Resort)-ဒေါ်ခင်ပို (Front Office Manager, Paramount Inle Resort)တို့၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်စောကြည် အသက်(၈၇)နှစ်သည် ၁၃-၈-၂၀၁၄(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Amazing Holidays Hotels & Resorts**
**CEO, MD, GM နှင့် ဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### မောင်ရဲနိုင်(ခ)ကိုရဲ(ပတ်မတီး)
**အသက်(၃၆)နှစ်**

ရန်ကုန်တိုင်းဒေသကြီး သဘင်အစည်းအရုံးဝင် (ရွှေတံဆိပ်ဆုများရှင်) ကိုရဲသည် ၁၂-၈-၂၀၁၄ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရန်ကုန်တိုင်းဒေသကြီးသဘင်အစည်းအရုံး**
**အလုပ်အမှုဆောင်အဖွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်အကြိုင်
**အသက်(၈၅)နှစ်**

ပါမောက္ခ ဒေါက်တာဇော်သန်းထွန်း-ဒေါ်ကြည်ကြည်ညွန့်တို့၏ မိခင်ကြီး ဒေါ်အကြိုင် အသက်(၈၅)နှစ်သည် ၉-၈-၂၁၀၁၄ရက် နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကိုအေးမြင့်၊ ကိုခင်ငွေ၊ ကိုအောင်ခိုင်**

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ကန် ဒါယိကာမကြီး**
### ဒေါ်စောမြိုင်
**အသက်(၈၆)နှစ်**
**ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်**

ဗိုလ်မှူးချုပ်ဝင်းမောင်(ငြိမ်း)၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး-ဒေါ်မြင့်မြင့်ကြည် တို့၏မိခင် ဒေါ်စောမြိုင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အထက(၃) သာကေတ**
**ကျောင်းသား/ကျောင်းသူဟောင်းများ**
**(အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးအဖွဲ့)**

**ပျောက်ဆုံးကြောင်း**

ဒေါပုံမြို့နယ်နေ ဦးစိုးဝင်း[၁၂/မရက(နိုင်)၀၂၉၁၄၈]၏ DSD သဘော်သားလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၃၂၃၇၈၀၁၅**

## အထူးကျေးဇူးတင်ရှိခြင်း
### ဒေါက်တာဒေါ်နော်ရီတာမြ(ဗိုလ်မှူး-ငြိမ်း)
**အသက်(၈၅)နှစ်**
**(ကြည်း ၃၄၁၄)၊ မဆရ(၁၃၁)**

၂-၈-၂၀၁၄(စနေနေ့)တွင် ခရစ်တော်၌အိပ်ပျော်သွားခဲ့ပြီး ၄-၈-၂၀၁၄ (တနင်္လာနေ့)တွင် နေပြည်တော်ရှိသုသာန်၌ မီးသဂြိုဟ်ပြီးစီးခဲ့သည့် မိခင်ကြီး ဒေါက်တာဒေါ်နော်ရီတာမြ(ဗိုလ်မှူး-ငြိမ်း)အား နာမကျန်းစဖြစ်သည်မှ ကွယ်လွန်ချိန်အထိ အထူးဂရုစိုက် ကုသပေးခဲ့ကြသည့် အမှတ်(၂)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ တပ်မှူးကြီးနှင့် ပါရဂူများ၊ လူနာကို စိတ်ရော ကိုယ်ပါပြုစုပေးခဲ့ကြသည့် အမှတ်(၂)တပ်မတော်သားဖွားမီးယပ်နှင့်ကလေးဆေးရုံ(ခုတင် ၃၀၀) မှ အရာရှိ စစ်သည်နှင့် ဝန်ထမ်းများ၊ မိခင်ကြီး၏နောက်ဆုံးခရီးအား လိုက်ပါ ပို့ဆောင်ပေးခဲ့ပါသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ စစ်ဘက်/ နယ်ဘက်မှ ပုဂ္ဂိုလ်များ၊ သက်န်းနှင့် လှူဖွယ်ပစ္စည်းများ၊ လွမ်းသူ့ပန်းခွေ၊ ပန်းခြင်းများပေးပို့ကြသူများ၊ ဝမ်းနည်းကြေကွဲကြောင်း သတင်းစာနှင့် e-Mail တို့မှ ဖော်ပြပေးကြသူများ၊ လူကိုယ်တိုင်နှင့် တယ်လီဖုန်းတို့မှတစ်ဆင့် ဆက်သွယ်မေးမြန်း၍ အားပေးနှစ်သိမ့်ကြသူများ၊ နာရေးကိစ္စများ အောက်မေ့ဖွယ် ဝတ်ပြုဆုတောင်းပွဲနှင့် ရက်လည်ဆွမ်းကျွေး ပရိတ်တရားတော်နာယူပွဲများတွင် အစမှအဆုံးတိုင် ပြီးပြည့်စုံအောင် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးခဲ့ကြသည့် သမက(၂/၃၀၀)မှ တပ်မိသားစုများနှင့် စစ်ဘက်/ နယ်ဘက်တို့မှ ပုဂ္ဂိုလ်များ၊ ပြင်ဦးလွင်၊ ဘားအံ၊ နေပြည်တော်၊ ပျဉ်းမနားတို့မှ သင်းအုပ်ဆရာ တော်များနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ် ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်မြတင် (MEIC-ငြိမ်း)
**အသက်(၉၄)နှစ်**

ဒေါ်ကြည်ကြည်တင်၊ ဒေါက်တာတင်တင်အေးတို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်မြတင်သည် ၂-၈-၂၀၁၄ရက်တွင် ထိုင်းနိုင်ငံ၊ Bangkok မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာဒေါ်လှငွေ၊ ဒေါက်တာအေးအေးမြင့်၊ ဒေါက်တာနီနီစိန်၊**
**ဒေါက်တာလှလှသန်း၊ဒေါက်တာခင်ခင်ရီ၊ ဒေါက်တာခင်ခင်သန်း၊**
**ဒေါက်တာရီရီလေး၊ ဒေါက်တာခင်လေးကြည်၊ ဒေါက်တာနှင်းနှင်းအေး၊**
**ဒေါက်တာနီနီသန်း၊ ဒေါက်တာမြင့်မြင့်ခိုင်၊ ဦးတင်လတ်-ဒေါ်သီဂီလှ၊**
**ဦးတင့်ဆွေဦး-ဒေါ်ခင်ရွှေသိန်း၊ ဒေါ်ကြည်ကြည်ဆွေ**

## အထူးဝမ်းနည်းကြေကွဲခြင်း
**အလှူ့ဒါယကာကြီး**
### ဦးဟိုးကြီး(ခ)ဦးမောင်ခိုင်(သုံးခွမြို့)
**အသက်(၈၇)နှစ်**

ချစ်ခင်လေးစားရပါသော အဒေါ်ဒေါ်ညွန့်တင်၏ ချစ်လှစွာသော ချစ်ခင်ပွန်း ဦးဟိုးကြီး(ခ) ဦးမောင်ခိုင် အသက်(၈၇)နှစ်သည် ၁၃-၈-၂၀၁၄ရက် နံနက် ၉း၄၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးပင်ဝမ်းနည်းကြေကွဲရပါသည်။

**ကျွန်းသာယာ-စက်သုံးဆီအရောင်းဆိုင်(ပဲခူးမြို့)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1H/5506 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်နုနု
**အသက်(၉၃)နှစ်**

ဒေါက်တာ ဦးကျော်မင်း(ဒု-ဥက္ကဋ္ဌ၊ ဦးဆောင်အဖွဲ့၊ အသည်းဖောင်ဒေးရှင်း) (ဒု-ညွှန်ကြားရေးမှူးချုပ်-ငြိမ်း) ဆေးသုတေသန ဦးစီးဌာန(အောက်မြန်မာပြည်)၏ ချစ်လှစွာသောမိခင် ဒေါ်နုနုသည် ၁၅-၈-၂၀၁၄ (သောကြာနေ့) နံနက် ၂း၀၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အသည်းဖောင်ဒေးရှင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
### ပါမောက္ခဒေါက်တာထင်အောင်(ငြိမ်း)အသက်(၆၃)နှစ်
**သတ္တဗေဒဌာန၊ ပုသိမ်တက္ကသိုလ်**

ရန်ကုန်တက္ကသိုလ်၊ သတ္တဗေဒကျောင်းသား/သူဟောင်းကန်တော့ခံ ဆရာကြီး ပါမောက္ခ ဒေါက်တာထင်အောင် သတ္တဗေဒဌာနသည် ၁၃-၈-၂၀၁၄ရက်တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရန်ကုန်တက္ကသိုလ်၊ သတ္တဗေဒကျောင်းသား/သူ**
**ဟောင်းများ၏ လူမှုကူညီစောင့်ရှောက်မှုအသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်တင်ထွေး
**အသက်(၈၆)နှစ်**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း-ဒေါ်ဆွေဆွေချစ်တို့၏ မိခင်ဖြစ်သူ ဒေါ်တင်ထွေးသည် ၅-၈-၂၀၁၄ရက် ညနေ ၅း၄၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

**United Wood Industries Co.,Ltd.**

# သမ္မတကြီးကိုယ်တိုင် ကင်းထောက်ဝတ်စုံဖြင့် ကတိပြုခဲ့သည်မှာ မြန်မာ့သမိုင်းအောင်မြင်မှုမှတ်တိုင်တစ်ခုဖြစ်

**ရန်ကုန်  ဩဂုတ်  ၁၆**

မြန်မာနိုင်ငံကင်းထောက်အဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ တက္ကသိုလ်စိန်ရတု အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားကင်းထောက်အဖွဲ့ဝင်များနှင့် အမျိုးသမီးကင်းထောက်အဖွဲ့ဝင်များ တက်ရောက်ကြပြီး ညှိနှိုင်းဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ဝင်များက ဆွေးနွေးကြရာတွင် ကင်းထောက်အဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် နှစ်နှစ်ကျော်ကာလတွင်း နိုင်ငံတကာနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံ အမျိုးသမီးကင်းထောက်အဖွဲ့အား ကမ္ဘာ့အမျိုးသမီးကင်းထောက်အဖွဲ့က အသိအမှတ်ပြုမှု၊ ကင်းထောက် အခြေခံဥပဒေမူကြမ်းရေးဆွဲနေမှုနှင့် ကင်းထောက်အဖွဲ့ဝင်ဦးရေ တိုးတက်လာမှုများသည် အရှိန်အဟုန်ကောင်းမွန်ခဲ့ပါကြောင်း၊ ၂၀၁၄ ခုနှစ် မေလအတွင်း မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ သဘာဝပန်းဥယျာဉ်ထင်းရှူးတောတွင် ကင်းထောက်မောင်မယ်များ တွေ့ဆုံပွဲ၌ သမ္မတကြီးကိုယ်တိုင် ကင်းထောက်ဝတ်စုံဖြင့်ကတိပြုခဲ့သည်မှာ မြန်မာနိုင်ငံသမိုင်း၏ အောင်မြင်မှုမှတ်တိုင်တစ်ခုဖြစ်ခဲ့ပါကြောင်း။

ကင်းထောက်လှုပ်ရှားမှုလုပ်ငန်းများ အရှိန်အဟုန်မရပ်တန့်စေဘဲ အရှိန်နှင့် အမြန်ရွေ့စေချင်ကြောင်း၊ အခြေခံပညာကျောင်းများသာမက အဆင့်မြင့်ပညာသင်တက္ကသိုလ်များမှာပါ ကင်းထောက်အဖွဲ့များဖွဲ့စည်းဆောင်ရွက်နိုင်ရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်ပါ ကင်းထောက်အဖွဲ့ဝင်များ တိုးချဲ့ဖွဲ့စည်းနိုင်ရေး၊ ကင်းထောက်ရုံးချုပ်ကို ရန်ကုန်မြို့တွင် ဖွင့်လှစ်နိုင်ရေးနှင့် ကင်းထောက်ပစ္စည်းအရောင်းဆိုင် ဖွင့်လှစ်ရေးတို့ကို ညှိနှိုင်းဆွေးနွေးကြသည်။

ယနေ့မြန်မာနိုင်ငံကင်းထောက်အဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးပွဲသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးစိုးသိန်းနှင့် ဦးတင်နိုင်သိန်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်း၊ အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးနှင့် အမှတ်(၁) အခြေခံပညာဦးစီးဌာန(အောက်မြန်မာပြည်)တို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ စေတနာရှင်၊ အလှူရှင်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



မြန်မာနိုင်ငံကင်းထောက်အဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

## မာ တိ ကာ


**တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး စာချုပ်မူကြမ်းပါ ကွဲလွဲချက်အများစု သဘောတူညီမှုရရှိ**
သတင်း စာမျက်နှာ - ၃

**နောင်ရေးစိတ်အေးစေမည့် မြေယာအသုံးချမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ**
စာမျက်နှာ - ၆

**လူတိုင်းအတွက် သင့်တော်သော အလုပ်အကိုင်များရရှိရေး အလုပ်အကိုင်အခွင့်အလမ်းပြပွဲ ဖွင့်ပွဲကျင်းပ**
သတင်း စာမျက်နှာ - ၈


# ၂၀၁၄-၂၀၁၅ ဘောလုံးရာသီ ပရီမီယာလိဂ်အဖွင့်ပွဲစဉ် မန်ယူအသင်း ရှုံးပွဲကြုံ

**နိုင်လင်းကြည်**



မန်ယူတိုက်စစ်မှူး ရွန်းနီ ချေပဂိုးသွင်းယူစဉ်။

**လန်ဒန်  ဩဂုတ်  ၁၆**

၂၀၁၄-၂၀၁၅ ဘောလုံးရာသီ၏ ပရီမီယာလိဂ်အဖွင့်ပွဲစဉ်တစ်ပွဲဖြစ်သည့် မန်ယူအသင်းနှင့် ဆွမ်ဆီးအသင်းတို့၏ ပွဲစဉ်တွင် မန်ယူအသင်းသည် အိမ်ကွင်းအိုးထရက်ဖို့ဒ်၌ ယှဉ်ပြိုင်ကစားခဲ့ရသော်လည်း ရာသီသစ်ကို အရှုံးနှင့် ဖွင့်ခဲ့ရပြီး အဝေးကွင်းသို့ လာရောက်ကစားခဲ့ရသည့် ဆွမ်ဆီးအသင်းမှာမူ မန်ယူအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ရာသီသစ်ကို အနိုင်ရလဒ်ဖြင့် ဖွင့်နိုင်ခဲ့သည်။

ယင်းပွဲစဉ်တွင် မန်ယူအသင်းနည်းပြသစ် လူးဝစ်ဗန်ဟားလ်သည် ရွန်းနီ၊ မာတာ၊ လင်းဂတ်၊ အက်ရှ်လေယန်း၊ ဖလက်ချာ၊ ဖီးဂျုံးစ်၊ စမောလင်း၊ ဘလက်ကက်၊ ဟာရီရာစသည့် ကစားသမားများကို ၃-၄-၁-၂ အခင်းအကျင်းဖြင့် ပွဲထွက်ကစားစေခဲ့ပြီး ဆွမ်ဆီးအသင်းနည်းပြ ဂယ်ရီမွန့်မှာမူ ဘိုနီ၊ ကီဆောင်ယန်၊ ရှက်ဗေး၊ အက်ရှ်လေဝီလီယံ၊ ဆင်းဂတ်ဆန်၊ ဒိုင်ယာ၊ အာမက်၊ ရောက်လက်၊ တေလာစသည့်ကစားသမားများကို ၄-၂-၃-၁ ကစားကွက်ဖြင့် ပွဲထွက်ကစားစေခဲ့သည်။

အဆိုပါပွဲစဉ်၌ ပွဲကစားချိန် ၂၈ မိနစ်တွင် ဆင်းဂတ်ဆန်၏ ဖြတ်တင်ပေးပို့မှုကို ကီဆောင်ယန်က ကိုက် ၂၀ အကွာမှ အပြင်းကန်သွင်းခဲ့ရာ ဆွမ်ဆီးအသင်း ဦးဆောင်ဂိုးစတင်ရရှိခဲ့ပြီး ပထမပိုင်းတွင် ဆွမ်ဆီးအသင်းက မန်ယူအသင်းကို **စာမျက်နှာ ၉ ကော်လံ ၃ သို့ ❖**



ဇေယျာရွှေမြေနှင့်ချင်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

## ဇေယျာရွှေမြေအသင်း ချင်းယူနိုက်တက်ကိုအနိုင်ယူပြီး ပထမအကျော့ရှုံးကြွေးဆပ်

သတင်း၊ စာမျက်နှာ ›› ၉



ကြေးမုံ
Mirror
တနင်္ဂနွေ အထူးထုတ်
SUNDAY SPECIAL
2014 AUGUST 17, SUNDAY

STI MYANMAR UNIVERSITY
MBA BBA MED BE
www.stiedu.net
TEL : 507151/52, 377988
09250064451, 0931702299
09420254872

စီးပွားရေး

# အရည်အသွေးကောင်း ပြည်ပပို့ကုန်လျှော်ဖြူပင်

လျှော်ဖြူပင်သည် မြန်မာနိုင်ငံ အနှံ့အပြား တောတောင်များတွင် သဘာဝအလျောက် ပေါက်ရောက်လေ့ရှိသည့် နှစ်ရှည်ပင်ဖြစ်ပါသည်။ အသားပွအပင်ကြီးမျိုးဖြစ်ပြီး ပင်စည်မှ တန်ဖိုးရှိသော လျှော်ဖြူစေး (ခေါ်) ဆေးကုလားမကို ထုတ်ယူရရှိပါသည်။

ကမ္ဘာပေါ်၌ လျှော်ဖြူစေးကို အလှကုန်လုပ်ငန်းများ၊ အစားအသောက်နှင့် သရေစာမုန့်လုပ်ငန်းများ၊ ဆေးဝါး၊ စက္ကူ၊ ရက်ကန်းနှင့် အထည်အလိပ်လုပ်ငန်းများ၊ ရေနံဓာတုလုပ်ငန်းများ၊ မှန်ထည်လုပ်ငန်းများ စသည့် စက်မှုလုပ်ငန်းမျိုးစုံတွင် သုံးစွဲကြသဖြင့် နှစ်စဉ် ပြည်ပဝယ်လိုအားရှိနေသော အပင်ထွက် စက်မှုကုန်ကြမ်းပစ္စည်းတစ်ခု ဖြစ်သည်။

မြန်မာနိုင်ငံထွက် လျှော်ဖြူစေးသည် ဖြူဖွေးလျက် အရည်အသွေးကောင်းပြီး ပြည်ပဈေးကွက် နှစ်သက်သည်။ လျှော်ဖြူစေးကို ပြည်တွင်း၌ အအေးစာဖျော်ရည်မုန့်လုပ်ငန်းများတွင် ဆေးကုလားမအဖြစ် အများအပြားသုံးစွဲကြပြီး ထွက်ကုန်အများစုကို ပြည်ပသို့ တင်ပို့ကြသည်။ လက်ရှိပြည်တွင်းဈေးကွက်တွင် အရည်အသွေးအတန်းအစားပေါ် မူတည်လျက် လျှော်ဖြူစေးတစ်ပိဿာလျှင် ကျပ် ၇၀၀၀ မှ ကျပ် ၁၂၀၀၀ အတွင်း ရောင်းဝယ်ကြသည်။ အစဉ်အလာအရနှစ်စဉ်ဈေးနှုန်း တည်ငြိမ်မှုရှိသည်။ မြန်မာ့လျှော်ဖြူစေးကို ပြည်ပစက်မှုနိုင်ငံများမှ ကုန်ပစ္စည်းအမှာများမှု နှစ်စဉ်ရှိနေသော်လည်း ၎င်းလိုအပ်ချက်ကို ဖြည့်ဆည်းတင်ပို့ပေးနိုင်ခြင်း မရှိပေ။ ရန်ကုန်၊ မန္တလေးမြို့များရှိ အဝယ်ဒိုင်များက ပြည်တွင်းမှ ဝယ်ယူရရှိသလောက်ကိုသာ (ခန့်မှန်း တန်ချိန် - ၅၀ ခန့်) နယ်စပ် ကုန်သွယ်ရေး လမ်းကြောင်းများမှတစ်ဆင့် တရုတ်၊ ထိုင်း စသည့် ပြည်ပနိုင်ငံများသို့ နှစ်စဉ်တင်ပို့ရောင်းချလေ့ရှိသည်။ အိန္ဒိယနိုင်ငံတွင် လျှော်ဖြူပင်နှင့် မျိုးနွယ်တူအပင်များမှ ထွက်သည့် Gum Karaya ခေါ် အပင်ထွက် အစေးများကို နှစ်စဉ်တန်ချိန် ၃၀၀၀ ခန့် တင်ပို့လျက်ရှိကြောင်း သိရှိရသည်။ မြန်မာနိုင်ငံ၏ လျှော်ဖြူစေးထုတ်လုပ်တင်ပို့မှု နည်းပါးရခြင်းမှာ သဘာဝလျှော်ဖြူတောများသည် လူ့ပယောဂ အကြောင်းအမျိုးမျိုးကြောင့် တဖြည်းဖြည်း ပြုန်းတီးလျော့နည်းလာ၍ အစေးထုတ်လုပ်ရရှိမှု ကျဆင်းလာခြင်းအပြင် အများပြည်သူ သိရှိလုပ်ကိုင်မှု နည်းပါးနေခြင်းကြောင့် ဖြစ်ပါသည်။

သို့ရာတွင် သဘာဝတောတောင်များ၌ လျှော်ဖြူစေးလုပ်ငန်း လုပ်ကိုင်သူကျေးလက်ဒေသခံအချို့သည် လွန်ခဲ့သော ဆယ်စုနှစ်ကျော်က သဘာဝ လျှော်ဖြူပင်ပေါက်များကို စမ်းသပ်စိုက်ပျိုးကြည့်ရာမှ သဘာဝအပင်များနည်းတူ အစေးကောင်းစွာရရှိပြီး များစွာအကျိုးရှိကြောင်း သိရှိလာကြသဖြင့် ယခုအခါ တစ်နိုင်တစ်ပိုင် စိုက်ခင်းများသာမက စီးပွားဖြစ် လျှော်ဖြူပင်စိုက်ခင်းများပါ တည်ထောင်လုပ်ကိုင်နေကြပြီ ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွက် အလားအလာကောင်းသော စိုက်ပျိုးရေးလုပ်ငန်း တစ်ရပ် ဖြစ်ပါသည်။

လျှော်ဖြူပင်ကို စိုက်ပျိုးလျှင် အပင်သက်(၄-၅)နှစ်သားမှစ၍ အစေးထုတ်ယူရရှိနိုင်ပြီး နှစ်ပေါင်း(၃၀)ခန့်အထိ ကာလတာရှည် အစေးထုတ်ယူနိုင်ကြောင်း တွေ့ရှိရပါသည်။ လျှော်ဖြူပင်မှ အစေးထုတ်လုပ်ရရှိမှုပမာဏသည် အချိန်ရာသီကာလနှင့် အခြား အခြေအနေများပေါ် မူတည်လျက် အစေးထွက်နှုန်းထား အနည်းအများ ကွာခြားပြောင်းလဲမှုရှိသော်လည်း သာမန်စိုက်လျှော်ဖြူတစ်ပင်လျှင်

စာမျက်နှာ ၂ သို့ » »




မြန်မာနိုင်ငံအနှံ့အပြား တောတောင်များတွင် သဘာဝအလျောက် ပေါက်ရောက်လေ့ရှိသည့် လျှော်ဖြူပင်။

PUN HLAING HOSPITAL
အရိုးအကြော၊ တင်ပါးဆုံဆစ် နှင့် ဒူးဆစ်ပိုင်းဆိုင်ရာအထူးကု
ခွဲစိတ်ကုသမှုအစီအစဉ်
မှန်ပြောင်းဖြင့်ဒူးဆစ်အတွင်းရောဂါရှာဖွေကုသခြင်း(Arthroscopy)၊ အရိုးအကြော၊ တင်ပါးဆုံဆစ်နှင့် ဒူးဆစ်ပိုင်းဆိုင်ရာ အစားထိုးခွဲစိတ်ကုသခြင်း၊ Ilizarov နည်းပညာသစ်ဖြင့်အရိုးရှည်အောင်ခွဲစိတ်ကုသခြင်းနှင့် အခြားသောအရိုးရောဂါများကို ပန်းလှိုင်ဆေးရုံကြီးတွင် ဒူးဆစ်အစားထိုးခွဲစိတ်ကုသမှုပေါင်း (၁၆၀) ကျော်၊ တင်ပါးဆုံဆစ်ခွဲစိတ်ကုသမှုပေါင်း (၅၀)ကျော်နှင့်အခြားသောအရိုးရောဂါပေါင်းများစွာတို့ကို အောင်မြင်စွာခွဲစိတ်ကုသပေးခဲ့ပြီးသော စင်ကာပူနိုင်ငံနှင့် မြန်မာနိုင်ငံမှဆရာဝန်ကြီးတို့ ပူးပေါင်း၍ ဩဂုတ်လ (၂၃) ရက်မှ (၂၆) ရက်နေ့အထိ လာရောက်ကုသပေးမည်ဖြစ်ပါသည်။



မန္တလေးတိုင်းဒေသကြီး

# ရမည်းသင်းမြို့ ကျိုးနီကန်ကို စက်ကြီးများအသုံးပြု၍ ပြန်လည်ပြုပြင်တည်ဆောက်လျက်ရှိ

**ရမည်းသင်း ဩဂုတ် ၁၆**

စိုက်ပျိုးရေအတွက် အဓိကအားထားရသော မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့တောင်ဘက်ရှိ ရှေးမြန်မာမင်းများလက်ထက်တည်ဆောက်ခဲ့သော ကျိုးနီကန်ကြီးအား ယခုအခါ မြေကော်စက်၊ မြေထိုးစက်၊ မြေသယ်ယာဉ် အစရှိသည့် စက်ယန္တရားကြီးများအသုံးပြု၍ ပြန်လည်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်နေကြသည်ကို တွေ့ရသည်။

ယင်းသို့ လုပ်ဆောင်ရာတွင် နိုင်ငံတော်မှ ချမှတ်ပေးသော ရန်ပုံငွေဖြင့် ပြန်လည်ပြုပြင်တည်ဆောက်ခြင်းဖြစ်သည်ဟုသိရပြီး ကန်ပေါင်အားဖြည့်ခြင်း (တောင်ဘက်ပေါင်၊ မြောက်ဘက်ပေါင်)၊ ကန်ပေါင်အသစ်တည်ဆောက်ခြင်း (အနောက်ဘက်ပေါင်)၊ ကန်အတွင်းသဲနုန်းတူးဖော်ခြင်း၊ ကျိုးနီကန်ဆည်ရေ သောက်စနစ်ရှိလက်တံမြောင်းများ (မြောက်ဘက်တွင် သုံးမြောင်း၊ တောင်ဘက်တွင် နှစ်မြောင်း) ပြန်လည်ပြုပြင်ခြင်း၊ ကျိုးနီကန်အတွင်း ရေဝင်မြောင်းများဖြစ်သော လဲဖြူမြောင်း၊ ရေဦးမြောင်း အစရှိသော ရေဝင်မြောင်းများပုံစံကျသဲနုန်း တူးဖော်ခြင်း၊ သဲနုန်းထိန်းတာများတည်ဆောက်ခြင်းနှင့် ရေလှိုင်းကာ ကျောက်ရိုးစီခြင်း အစရှိသောလုပ်ငန်းများကို နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်မှု လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ စီမံဆောင်ရွက်မှု ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး (၅)ဆည်မြောင်းဦးစီးဌာန နေပြည်တော် ပျဉ်းမနားမြို့နှင့် လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းဦးစီးဌာန မိတ္ထီလာမြို့မှ ကြီးကြပ်၍ ဦးစီးအရာရှိရုံးဆည်မြောင်းဦးစီးဌာန ရမည်းသင်းမြို့ တို့က တာဝန်ယူဆောင်ရွက်မည်ဖြစ်သည်။

ယခုကဲ့သို့ ကျိုးနီကန်ကြီးအား ပြန်လည်ပြုပြင်ခြင်းကြောင့် ကန်အတွင်း တွင်ရေကို ဧကပေ ၈၀၀၀ ကျော် သိုလှောင်နိုင်မည်ဖြစ်ပြီး ယခင်မိုးစပါးဧက ၂၅၀၀ စိုက်ပျိုးနိုင်ရာမှ ဧက ၅၅၀၀ ထိတိုးချဲ့စိုက်ပျိုးနိုင်ပြီး နွေစပါးစိုက်ပျိုးရာ တွင်လည်း ယခင်က ဧက ၃၀၀ စိုက်ပျိုးနိုင်ရာမှ ၁၆၉၅ ဧကအထိ တိုးချဲ့စိုက်ပျိုး နိုင်မည်ဖြစ်၍ ဒေသအတွက်များစွာအကျိုးရှိမည်ဟု သိရသည်။

**လှိုင်သန်းတင့်(ရမည်းသင်း)**

ပဲခူးတိုင်းဒေသကြီး

# တောင်ငူမြို့ ဇီဝိတဒါန(အခမဲ့)ဆေးခန်းဖွင့်



**တောင်ငူ ဩဂုတ် ၁၆** - တောင်ငူမြို့ (၂)ရပ်ကွက် နေပူကုန်းလမ်းမြောက် မြို့ဒေါင့်ရှိ ရတနာဂုဏ်မြင့်ကျောင်းတိုက်တွင် ဩဂုတ် ၁၀ ရက် နံနက် ၉ နာရီက ရွှေလင်းယုံဇီဝိတဒါန (အခမဲ့)ကုသိုလ်ဖြစ် ဆေးခန်းဖွင့်ပွဲကို ကျင်းပရာ ကျောင်းတိုက်၏ ဦးစီးပဓာန (နာယက) အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တအရဝိန္ဒာ ဘိဝံသ ရွှေလင်းယုံဆရာတော်၊ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ ပဏ္ဍာဝနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အလှူရှင်များထံ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

အဆိုပါ ရွှေလင်းယုံ ဇီဝိတဒါန ဆေးခန်းအတွက် မတည်အလှူငွေ ကျပ် ၁၀ သိန်းကို ရွှေလင်းယုံရတနာဂုဏ်မြင့် ကျောင်းတိုက်၏ ဦးစီးပဓာန (နာယက) ဆရာတော်ကြီးက လှူဒါန်းပြီး ကျန်အလှူရှင်များက စုပေါင်းလှူဒါန်းခြင်းဖြစ်သည်။

အဆိုပါ ဆေးခန်းကို ရက်သတ္တတစ်ပတ်လျှင် (ဗုဒ္ဓဟူးနှင့် တနင်္ဂနွေ) နေ့များတွင် မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ကာ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းနှင့် အထွေထွေရောဂါများကို သမား တော်ကြီးများ၊ အထူးကုဆရာဝန်များနှင့် ဆရာဝန် ဆရာမများက ကြပ်မတ် ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(၁၂၉)**

ရန်ကုန်တိုင်းဒေသကြီး

# ကျောင်းကျန်းမာရေးသီတင်းပတ်လုပ်ငန်းများ လှုပ်ရှားမှု အခမ်းအနားကျင်းပ

**သုံးခွ ဩဂုတ် ၁၆** - ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် အထက(၂) ခန်းမဆောင်၌ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လုပ်ငန်းများ လှုပ်ရှားမှု အခမ်းအနားကို ဩဂုတ် ၁၃ ရက် နံနက် ၁၀ နာရီက ကျင်းပရာ အထက(၂) ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ရီက အမှာစကား ပြောကြားသည်။

ဆက်လက်၍ အတန်းပိုင်ဆရာမများနှင့် ကာယဆရာမ ဒေါ်အိအိချော ဝင်းတို့က ကြီးကြပ်၍ ကျောင်းသားကျောင်းသူတစ်ဦးချင်းစီအား အသက်အရွယ်အလိုက် သတ်မှတ်ထားသည့် အရပ်အမောင်းနှင့် ကိုယ်အလေးချိန် တို့အတွက် အရပ်တိုင်းတာပေးခြင်း၊ ပေါင်ချိန်ခြင်း၊ လက်သည်းညှပ်ပေးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် ပညာပေးဟောပြောခြင်းတို့ ပြုလုပ်ခဲ့ကြောင်း သိရသည်။ ထို့ပြင် မူလတန်းကလေးငယ်များကို သန်ချဆေးတိုက်ကျွေးခြင်း၊ အာဟာရသီးစုံဟင်း၊ ကြက်ဥပြုတ်၊ ထမင်းတို့ကို ကျွေးမွေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

■

ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ

# မန်တုံမြို့တွင် အရန်သားဖွားသင်တန်း ဖွင့်လှစ်

**မန်တုံ ဩဂုတ် ၁၆** - ဒေသတွင်း မိခင်နှင့်ကလေးစောင့်ရှောက်မှုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်သည့်အနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မန်တုံမြို့ ပြည်သူ့ဆေးရုံ၌ အရန်သားဖွားသင်တန်း အမှတ်စဉ်(၁) ဖွင့်ပွဲကို ဩဂုတ် ၁၁ ရက်က ကျင်းပသည်။

အဆိုပါ သင်တန်းသို့ မန်တုံမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသူ ၂၀ တက်ရောက်မည်ဖြစ်ပြီး သင်တန်းကာလမှာ ခြောက်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**မလဲ့(ပြန်/ဆက်)**

# အရည်အသွေးကောင်းပြီး ပြည်ပပို့ကုန်လျှော်ဖြူပင်

**» » ရွှေဖုံးမှ**

အစေးတစ်ကျပ်သားခန့် နေ့စဉ် ပျမ်းမျှ ပုံမှန်ထွက်ရှိပါသည်။ မိုးရာသီမှ အသီးရင့်မှည့်ချိန် နွေရာသီကာလအထိ ခုနစ်လခန့်ရှိသောအစေးထုတ်တစ်ရာသီတွင် လျှော်ဖြူတစ်ပင်မှ အစေးအခြောက် နှစ်ပိဿာမှ သုံးပိဿာခန့် ရရှိပါသည်။ အိမ်ခြံဝင်းစိုက် အပင်များသည် အိမ်မွေးတိရစ္ဆာန်များမှ စွန့်ပစ်သော အညစ်အကြေးများမှ မြေဩဇာများရရှိသဖြင့် အစေးပိုထွက်ကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်ရာ သဘာဝမြေဩဇာများ သုံးစွဲပေးပါက အစေးထွက်များပြီး ဝင်ငွေပိုမိုရရှိမည်ဖြစ်ပါသည်။

လျှော်ဖြူပင်သည် သဘာဝအားဖြင့် ကျောက်တောင်ကုန်း၊ တောင်စောင်းများတွင် ရှင်သန်ကြီးထွားနိုင်သော အကြမ်းခံအပင်ဖြစ်ပါသည်။ အမြစ်တွင် အစာနှင့်ရေသိုလှောင်သည့် အပင်မျိုးဖြစ်၍ အပင်ရှင်သန်ဖြစ်ထွန်းလွယ်သည်။ အမြစ်ဥပါလျှင် အပင်များကို နုတ်ယူရွှေ့ပြောင်း စိုက်ပျိုးနိုင်သည်။ ကိုင်းဖြတ်စိုက်ပျိုးလျှင်လည်း အပင်ရှင်သန်ကြီးထွားသည်။ လျှော်ဖြူပင်သည် ဒေသများစွာတွင် စိုက်ပျိုးနိုင်ပြီး အပူခံ၊ ရေငတ်ခံသဖြင့် မိုးခေါင်ရေရှား အရပ်ဒေသများတွင်ပင် အောင်မြင်စွာ စိုက်ပျိုးလုပ်ကိုင်နိုင်ပါသည်။

လျှော်ဖြူပင်ကို မြေကောင်းယာကောင်းတွင် သီးခြားရွေးချယ်စိုက်ပျိုးရန် မလိုအပ်ပါ။ ရေဝပ် စမ်းစွဲမြေမျိုးမှအပ မြေမရွေးစိုက်ပျိုးဖြစ်ထွန်းပါသည်။ ရာသီသီးနှံများ စိုက်ပျိုးနိုင်ခြင်းမရှိသော ကျောက်ကုန်း၊ သဲကုန်းမြေများနှင့် ဂဝံမြေများတွင် စိုက်ပျိုးနိုင်ပါသည်။

လျှော်ဖြူပင်သည် မြန်မာနိုင်ငံဇာတိပင် အကြီးမြန်ပြီး အပူကြိုက် အပင်မျိုးဖြစ်ရာ စိုက်ပျိုးလုပ်ကိုင်ရာတွင် သာမန်အားဖြင့် သွင်းအားစုနှင့် နည်းပညာများ အထူးတလည်မလိုအပ်ပါ။ မိုးရေအစိုဓာတ်၊ မြေခံစွဲမြဲချိန်ရာသီ၌ သာမန်စိုက်ပျိုးထားရုံဖြင့် တဖြည်းဖြည်း အပင်ရှင်သန်ကြီးထွားလာပြီး အချိန်တန်လျှင် အစေးထုတ်ယူရရှိနိုင်သည်ဖြစ်၍ လုပ်ငန်းကုန်ကျစရိတ်နည်းပါးပါသည်။

လျှော်ဖြူပင်မှ အစေးထုတ်လုပ်ခြင်းလုပ်ငန်းသည် သမားရိုးကျနည်းလမ်းအရ ဓား၊ ရဲတင်း၊ ဆောက်စသည့် လက်နက်ကိရိယာတစ်ခုခု အသုံးပြုလျက် ပင်စည် အခေါက်ပိုင်းအား ဖြတ်တောက်ဖောက်ထွင်း၍ဒဏ်ရာ ပြုလုပ်ပေးခြင်းဖြင့် ထွက်လာသော အစေးများကို အပင်မှကောက်ယူစုဆောင်းပြီးလျှင် အခြောက်ခံ သန့်စင်သိမ်းဆည်းခြင်းပင်ဖြစ်သည်။ အပင်မှ ထွက်လာသောအစေးကို ထပ်မံပြုပြင်ဆောက်ရွက်ရန်မလိုအပ်ပါ။ သန့်ရှင်းစွာ ကိုင်တွယ်ပြီး လေ၊ နေတို့ဖြင့် အစေးအတွင်းရှိ အစိုဓာတ်များကို လျှော့ချပေးရန်သာ လိုအပ်ပါသည်။ ၎င်းသည် ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်သည့် ကုန်ချောအဆင့်ကို ရရှိခြင်းဖြစ်ပါသည်။

လျှော်ဖြူစေးသည် ရောင်းချမှုလွယ်ကူပြီး ငွေဖြစ်မြန်သော ပစ္စည်းဖြစ်၍ ကျေးလက်နေအိမ်ရှင်မများ အထူးနှစ်သက်ကြသည်။ ဒေသခံပွဲစားများသည် လျှော်ဖြူစေးရရှိရာ ကျေးရွာများသို့ အိမ်တိုင်ရာရောက် အပတ်စဉ်လာရောက် ဝယ်ယူလေ့ရှိသည်။ အစေးများကို အပင်မှ ခွာယူကောက်သိမ်းပြီး အခြောက်မလှမ်းရသေးမီ "ပလိုင်းသွန်" အဆင့်တွင် နေ့ချင်းရောင်းချနိုင်သည်။ ၎င်းကို ရွာခံပွဲစားများက ဝယ်ယူစုဆောင်းလေ့ရှိသည်။ ဤကဲ့သို့ အမြန်ငွေပေါ်ရောင်းချလိုမှု မရှိသေးပါက အစေးများကို အခြောက်ခံထားပြီး သိမ်းဆည်းသိုလှောင်ထားရှိနိုင်ပါသည်။ လျှော်ဖြူစေးအခြောက်သည် ကျစ်လျစ်သော ကုန်ပစ္စည်းဖြစ်၍ သိုလှောင်သယ်ယူရာတွင် ဝန်ကျဉ်းပြီး စရိတ်သက်သာပါသည်။

အချုပ်အားဖြင့်ဆိုပါလျှင် လျှော်ဖြူပင်စိုက်ပျိုးရေးလုပ်ငန်းသည် ကုန်ကျစရိတ်နည်းပြီး လုပ်ငန်းလွယ်ကူခြင်း၊ ရာသီဥတုကြောင့် ပျက်စီးဆုံးရှုံးမှု မရှိနိုင်သော ရေရှည်တည်တံ့သည့်လုပ်ငန်းဖြစ်ခြင်း၊ နှစ်ကာလတိုအတွင်း ဝင်ငွေရရှိသော လုပ်ငန်းဖြစ်ခြင်းနှင့် ဈေးကွက်ခိုင်မာ၍ ဝင်ငွေနှင့် အကျိုးအမြတ်ကောင်းစွာရရှိသောလုပ်ငန်းဖြစ်ခြင်း စသည့် အကျိုးကျေးဇူးများနှင့် အားသာချက်များရှိခြင်းကြောင့် ကျေးလက်တောင်သူလယ်သမားမိသားစုတိုင်း တစ်နိုင်တစ်ပိုင်လုပ်ကိုင်သင့်သော စိုက်ပျိုးရေးလုပ်ငန်းတစ်ခုဖြစ်ပါသည်။

လျှော်ဖြူပင်ကို သီးခြားစိုက်ခင်းတွင် ဖြစ်စေ၊ အိမ်ခြံစည်းရိုးနှင့် ယာစည်းတန်းများတွင် ဖြစ်စေ၊ မိသားစုတိုင်း အပင် ၁၀၀ စိုက်ပျိုးထားပါက ၎င်းအပင်များမှ ရရှိလာမည့် ဝင်ငွေသည် သာမန်ကျေးလက်မိသားစုတစ်စုအတွက် နေ့စဉ်လိုအပ်သည့် မီးဖိုချောင်စရိတ်ကို လုံလောက်စွာ ထောက်ပံ့ပေးနိုင်ပါသည်။

သို့ဖြစ်ရာ လျှော်ဖြူပင်စိုက်ပျိုးခြင်းသည် မြန်မာနိုင်ငံ၏ လက်ရှိမူဝါဒဖြစ်သော ကျေးလက်ဒေသဆင်းရဲမှုလျှော့ချရေးနှင့် လူမှုဘဝမြင့်တင်ရေးရည်မှန်းချက်ကို တိုက်ရိုက်အကျိုးပြုစေမည့် လုပ်ငန်းနည်းလမ်းတစ်ရပ်ဖြစ်ပါကြောင်းနှင့် ဆင်းရဲမှုပပျောက်ရေးအတွက် ကျေးလက်ဒေသအားလုံးတွင် အဆိုပါအတိုင်း လျှော်ဖြူပင်များကို တစ်နိုင်တစ်ပိုင်စိုက်ပျိုးကြရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

## သဘာဝလျှော်ဖြူပင်များ၏ အစေးရရှိမှုမှတ်တမ်း (၂၀၁၂ ခုနှစ်ရာသီ)

| စဉ် | မြို့နယ် | အမည် | လုပ်ကွက် | အပင်ရေ | လုံးပတ် | အစေးထုတ်သက်တမ်း | တစ်ရာသီအထွက် (ပိဿာ) |
|---|---|---|---|---|---|---|---|
| ၁ | သာစည် | ဦးဖိုးလုံး | သန်းတောကြီး | ၆၅ | သုံးထွာ | ၃ နှစ် | ၃၀၀ |
| ၂ | ဝမ်းတွင်း | ဦးပိန် | ကျောက်စာတောင် | ၅၀ | လေးထွာ | ၅ နှစ် | ၂၂၅ |
| ၃ | ဝမ်းတွင်း | ဦးမိုးဆန်းလင်း | ကျောက်မဲတောင် | ၁၀၀ | သုံးထွာ | ၃ နှစ် | ၄၀၅ |
| ၄ | ဝမ်းတွင်း | ဦးငြိမ်းမောင် | မောင်းကွတ်တောင် | ၈၀ | ငါးထွာ | ၆ နှစ် | ၄၉၅ |
| ၅ | ဝမ်းတွင်း | ဦးကြည်ရွှင် | စည်တီးတောင် | ၄၅ | လေးထွာ | ၄ နှစ် | ၂၂၅ |
| ၆ | ဝမ်းတွင်း | ဦးမောင်ဦး | ကျောက်နီတောင် | ၅၀ | လေးထွာ | ၅ နှစ် | ၃၁၅ |
| ၇ | မြစ်သား | ဦးမောင်ပြုံး | ပြက္ခရွှေတောင် | ၈၀ | ငါးထွာ | ၇ နှစ် | ၄၅၀ |
| ၈ | ဘုတလင် | ဦးလူယဉ် | တောင်တောကြီး | ၃၀ | ငါးထွာ | ၂၀ နှစ် | ၂၇၀ |

# လူငယ်များနှင့်အရိုးကြွပ်ဆတ်ရောဂါ

ဒေါက်တာမော်

အရိုးကြွပ်ဆတ်ရောဂါ (Osteoporosis)သည် လူကြီးရောဂါဟု အသိများကြပါသည်။ သို့သော် ဤရောဂါကိုကာကွယ်ရန် လူငယ်ဘဝမှာပင် စတင်ရသည်ကို သတိပြုစေချင်ပါသည်။ ကာကွယ်ခြင်းသည် ကုသခြင်းထက် အမြဲပိုကောင်းပါသည်။

အသက်ကြီးသူ အိမ်နီးနားချင်း၊ ဆွေမျိုး၊ အသိမိတ်ဆွေများထဲမှာ ချော်လဲ၍ပေါင်ကျိုးသွားကြောင်း၊ ခွဲစိတ်ကုသရကြောင်း၊ အချို့မှာ အိပ်ရာပေါ်မှမထနိုင်ဘဲ နောက်ဆုံး လုံးပါးပါးသွားကြောင်း မြင်ဖူးသိဖူးကြပေမည်။ ဤသည်မှာ များသောအားဖြင့် Osteoporosis ဟုခေါ်သော အရိုးကြွပ်ဆတ်ရောဂါကြောင့်သာဖြစ်သည်။

အရိုးကြွပ်ဆတ်ရောဂါဟူသည့်အတိုင်း အရိုးများမှာဆတ်ဆတ်ထိမခံနိုင်ဘဲ အနည်းငယ်ချော်လဲ၊ ထိခိုက်ခြင်းဖြင့် ကျိုးနိုင်ပါသည်။ အရိုးမကျိုးမီ မိမိမှာ Osteoporosis ရှိနေသည်ကို ဆေးမစစ်ဘဲမသိနိုင်ကြပါ။ Osteoporosis သည် မနာကျင်ဘဲ တိတ်တဆိတ်ဝင်လာသော ရောဂါဖြစ်သောကြောင့်ဖြစ်ပေသည်။ အရိုးကျိုးမှသာ နာကျင်သဖြင့် သိကြသောအခါ အသိနောက်ကျနေပြီ ဖြစ်ပေသည်။




အရိုးကျိုးသောအခါ ကုသနည်းမှာ ခွဲစိတ်၍သော်လည်းကောင်း၊ အိပ်ရာပေါ်မှာ တာရှည်နေပြီး အလေးဆွဲ၍ သော်လည်းကောင်း အရိုးပြန်ဆက်အောင်လုပ်ရခြင်းဖြစ်သည်။ စရိတ်ကုန်ပြီးလူပင်ပန်းပါသည်။ တစ်နေရာကျိုး၍ ပြန်ဆက်ပြီးလျှင်လည်း နောက်တစ်နေရာကျိုးနိုင်ပါသေးသည်။ ကောင်းကောင်းပြန်မဆက်လျှင်ဖြစ်စေ၊ မကုသလျှင်ဖြစ်စေ အိပ်ရာပေါ်မှမထနိုင်ဘဲ အဆုတ်ပွရောဂါ၊ သွေးကြောပိတ်ရောဂါကဲ့သို့သော အခြားရောဂါများဝင်လာပြီး အသက်ဆုံးရှုံးသည်အထိဖြစ်နိုင်ပါသည်။ ကိုယ်လည်းခံစားရသည်။ ကိုယ့်မိသားစုအတွက်လည်း ဝန်ထုပ်ဝန်ပိုးဖြစ်သည်။ ကိုယ့်မိသားစုအတွက်လည်းကောင်း၊ နိုင်ငံတော်အတွက်လည်းကောင်း ကိုယ့်လုပ်အားဆုံးရှုံးသည်။

**Osteoporosis သည် မြန်မာနိုင်ငံတွင် အဖြစ်များပါသလား။**

အဖြစ်များပါသည်။ ကမ္ဘာတစ်ဝှမ်းလုံးတွင် အသက် (၅၀)ကျော်ပါက အမျိုးသမီးသုံးဦးတွင် တစ်ဦး၊ အမျိုးသားငါးဦးတွင် တစ်ဦးသည် Osteoporosis ကြောင့် အရိုးကျိုးနိုင်ကြသည်။ ထိုကဲ့သို့ အရိုးကျိုးခြင်း၏ တစ်ဝက်ကျော်မှာ အာရှတိုက်တွင်ဖြစ်မည်၊ ကျေးလက်ဒေသများတွင် ပိုမိုအဖြစ်များမည်ဟု International Osteoporosis Foundation အဖွဲ့ကြီးက သုတေသနများအရ ကောက်ချက်ချထားပါသည်။ အာရှနိုင်ငံတစ်နိုင်ငံဖြစ်သော၊ ကျေးလက်နေလူဦးရေများသော မြန်မာနိုင်ငံတွင် ဤရောဂါကေန်ပေါ်များပေသည်။ အသံတိတ်လူသတ်သမား (silent killer)ဖြစ်၍သာ ပြည်သူများသတိမပြုမိခြင်းဖြစ်ပေသည်။

**Osteoporosis ကို ကုသ၍ရပါသလား။**

ပျောက်ကင်းအောင်ကုသ၍မရပါ။ အရိုးကျိုးသည့်အဖြစ်အထိမရောက်ရန် အရိုး၏သိပ်သည်းဆကို ကြိုးစားမြှင့်တင်ခြင်းသာ ပြုလုပ်နိုင်ပါသည်။

**Osteoporosis ကို ကာကွယ်နိုင်ပါသလား။**

ကာကွယ်နိုင်ပါသည်။ အရိုး၏သဘာဝမှာ အသက် (၂၀)ကျော် (၃၀)အထိ သိပ်သည်းဆတိုးတက်ပြီး အသက် (၂၅-၃၀)ခန့်မှာ သိပ်သည်းဆအများဆုံး (peak bone mass)ဖြစ်သည်။ အသက် (၄၀)နောက်ပိုင်းတွင် အထူးအားဖြင့် အမျိုးသမီးများတွင် သွေးဆုံးပြီးသောအခါ အရိုးသိပ်သည်းဆမှာ လျင်မြန်စွာလျော့ကျလာပါသည်။ လူတစ်ဦးသည် သူ၏ peak bone mass ကို လူငယ်ဘဝကတည်းက မြှင့်နိုင်သမျှမြှင့်ထားခဲ့လျှင် သဘာဝအရအရိုးသိပ်သည်းဆကျသောအခါ အရိုးကျိုးနိုင်လောက်သည့် Osteoporosis ဖြစ်သည်အထိ ကျမည်မဟုတ်တော့ပေ။

**Osteoporosis မည်သို့ ကာကွယ်ကြမည်နည်း။**

လူငယ်သဘာဝမှာပင်စတင်၍ အရိုးသိပ်သည်းဆကို မြှင့်နိုင်သမျှမြှင့်စေရန် အောက်ပါနည်းလမ်းများဖြင့် တည်ဆောက်ရပါမည်။

**(၁) ကျန်းမာရေးနှင့် ညီညွတ်မျှတသော အထူးအားဖြင့် ကယ်(လ်)စီယမ် (calcium)ပါသော အစားအသောက်များစားသုံးခြင်း**

နို့နှင့် ဒိန်ချဉ်ကဲ့သို့သော နို့ထွက်ပစ္စည်းများ၊ အရိုးပါစားနိုင်သော ငါးသေးသေးလေးများ၊ ဟင်းနုနယ်ကဲ့သို့သော အရွက်စိမ်းများတွင် Calcium များစွာ ပါဝင်ပါသည်။ Calcium ကို အရိုးများသို့အရောက်ပို့ပေးသော ဗီတာမင်ဒီ (Vitamin D)ရရှိရန်အတွက်လည်း သင့်တင့်သောနေရောင်ခြည်ရရှိစေရမည်။ အစားအသောက်ဖြင့် မလုံလောက်ပါက Calcium 1000 mg ပါဝင်သောဆေးပြားလေးများကို Vitamin D 500 IU နှင့်အတူ နေ့စဉ်ဖြည့်တင်းသောက်သုံးနိုင်ပါသည်။

**(၂) ကိုယ်လက်လှုပ်ရှားမှု မှန်မှန်ပြုလုပ်ခြင်း**

Weight bearing exercise ဟူသော ကြွက်သားအားသုံးသော လေ့ကျင့်ခန်းများ၊ ဥပမာ-လမ်းလျှောက်ခြင်း၊ ပြေးခြင်း၊ လှေကားတက်ခြင်းတို့ကို ပြုလုပ်ပါက ကြွက်သားလေးများ၏ ဆွဲအားကြောင့် အရိုးမှာ နိုးကြွားလာပြီး သိပ်သည်းဆ တက်လာနိုင်ပါသည်။ ရေအပြည့်ဖြည့်ထားသော ၅၀၀ မီလီလီတာ (500 ml)ဝင် ရေပုလင်းငယ်လေးများကို လက်တွင်ကိုင်ပြီး မြှောက်ခြင်းဖြင့် လက်ကြွက်သားများအားကြောင့်လည်းကောင်း၊ ကုလားထိုင်မရှိဘဲ ကုလားထိုင်မှာထိုင်သည့် ပုံစံနေခြင်းဖြင့် ခြေထောက်ကြွက်သားများအားကြောင့်လည်းကောင်း အရိုးများ ပိုမိုသန်မာလာနိုင်ပါသည်။

**(၃) ဆေးလိပ်မသောက်ခြင်း**

ဆေးလိပ်ငွေ့တွင်ပါသော နီကိုတင်း (Nicotine), Free radicals ကဲ့သို့သော ဓာတ်များသည် အရိုးတည်ဆောက်သော ဆဲလ်(cell)လေးများကို သေစေသည်။ ဆေးလိပ်သောက်သောလူငယ်များသည် အသက် (၂၅-၃၀) အရွယ် အမြင့်ဆုံးသော အရိုးသိပ်သည်းဆ တည်ဆောက်ချိန်ဝယ် ဆေးလိပ်မသောက်သော လူငယ်များကဲ့သို့ မြင့်မားစွာ မတည်ဆောက်နိုင်ဘဲ အသက်ကြီး၍ သဘာဝအရ အရိုးသိပ်သည်းဆကျကြသောအခါ ပိုမိုလျင်မြန်စွာ ကျနိုင်ပါသဖြင့် osteoporosis ဖြစ်ရန် ပိုမိုသေချာနေပါသည်။ ထို့ကြောင့် ဆေးလိပ်မသောက်ရန်နှင့် သောက်မိပါကလည်း အချိန်မီ ဖြတ်ကြရန် တိုက်တွန်းအပ်ပါသည်။ ဆေးလိပ်ဖြတ်လိုက်သောအခါ ဆေးလိပ်လုံးဝမသောက်ဖူးသူ၏ အရိုးသိပ်သည်းဆကို မမီသော်လည်း သိပ်သည်းဆပြန်တက်လာသော လက္ခဏာများ တွေ့ရှိရကြောင်း သုတေသနများမှာ ဖော်ပြထားပါသည်။

**(၄) အရက်အလွန်အကျွံသောက်ခြင်းမှ ရှောင်ကြဉ်ခြင်း**

အရက်သည် အရိုးအတွက်ရန်သူဖြစ်သည်။ အရက်သည် အရိုးတည်ဆောက်ရေးတွင် အရေးပါသော Calcium ကို အရိုးသို့မရောက်ရန် နည်းမျိုးစုံဖြင့်တားဆီးသည်။ ဥပမာ-အရက်သောက်သူ၏ အူလမ်းကြောင်းသည် စားသုံးလိုက်သော Calcium ကို မစုပ်ယူနိုင်ပေ။ ထို့ကြောင့် အရက်အလွန်အကျွံသောက်ခြင်းမှ ရှောင်ကျဉ်သင့်သည်။

ဤနည်းများကိုကျင့်သုံးခြင်းဖြင့် လူငယ်များသည် သိပ်သည်းသောအရိုးများကို တည်ဆောက်နိုင်ကြပြီး အသက်ကြီးလာသောအခါ အရိုးကျိုးခြင်းကိုကာကွယ်နိုင်ပါသည်။ လူကြီးများအနေဖြင့်လည်း ဤနည်းများကို သုံးခြင်းဖြင့် အရိုးသိပ်သည်းဆကို ထိုက်သင့်သလောက် ထိန်းထားနိုင်ခြင်း၊ ကြွက်သားများသန်မာလာသဖြင့် ချော်မလဲနိုင်ခြင်းတို့ကြောင့် အရိုးကျိုးမှုကိုကာကွယ်နိုင်ပါသည်။ Osteoporosis ရှိပြီးသား လူကြီးများကတော့ Weight bearing exercise များမလုပ်မီ ဆရာဝန်နှင့်တိုင်ပင်သင့်ပါသည်။ ။

# ငါးသိုင်းချောင်းမြို့ အလက(ခွဲ)တွင် အာဟာရတိုက်ကျွေး

**ရေကြည် ဩဂုတ် ၁၆**

ပုသိမ်ခရိုင် ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ မြို့သစ်ရပ်ကွက် အလက(ခွဲ)ရှိ ကျောင်းသား ကျောင်းသူ ၃၃၅ ဦးတို့အား အာဟာရနို့ဆန်ပြုတ်များ တိုက်ကျွေးခြင်းနှင့် မြို့သစ်အလက(ခွဲ)ကျောင်းသို့ စာရေးခုံများ လှူဒါန်းခြင်းကို ဩဂုတ် ၁၁ ရက်က ပြုလုပ်ရာ အလှူရှင် မြို့သစ်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမြင့်ဦးမိသားစုတို့က နို့ဆန်ပြုတ်များတိုက်ကျွေးခဲ့ပြီး အဆိုပါကျောင်း(ခွဲ)တွင် စာသင်ကျောင်းနှစ်ကျောင်းဖြင့် ကျောင်းသားဦးရေမမျှတ၍ ယာယီကျောင်းဆောင်သစ်ဆောက်လုပ်ပေးခြင်းနှင့် ဆရာ ဆရာမသုံး စားပွဲသုံးလုံး၊ ကျောင်းသားကျောင်းသူ နှစ်ယောက်တွဲ သုံး သံဖရိန် စာရေးခုံ ၅၇ လုံး၊ နှစ်ယောက်တွဲထိုင် သံဖရိန်ထိုင်ခုံ ၄၁ လုံး၊ တစ်ယောက်ထိုင် ပလတ်စတစ်ခုံ ၃၃ လုံးနှင့် စတီးသောက်ရေအိုးစင် သုံးခု စုစုပေါင်း ငွေကျပ် ၂၈၁၆၀၀၀ ကို စေတနာရှင် စတီးပရိဘောဂဆိုင်ပိုင်ရှင် ဦးမောင်စိုး မိသားစုတို့က မတည်အလှူငွေကျပ် ၂၆၀၀၀၀ နှင့် ရပ်မိရပ်ဖများနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှ စေတနာရှင်၊ အလှူရှင်များ၊ ရပ်ကွက်သူ ရပ်ကွက်သားများ စုပေါင်း၍ အလက(ခွဲ)ကျောင်းသားကျောင်းသူများ ပညာသင်ကြားမှုတွင် အခက်အခဲများမရှိစေရန် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**မင်းဇော်ဦး(ရေကြည်)**






# ECCD အနှစ်သာရရှိသော မူကြိုပညာရေးဖြင့် ကလေးငယ်များ ဘက်စုံဖွံ့ဖြိုးရေး

**ယနေ့ ကျွန်တော်တို့နိုင်ငံ၏ ပညာရေးသည်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုတက်လှမ်းနေချိန်တွင် ရှေးဦးကလေးငယ်များအား မှန်ကန်ကောင်းမွန်သော အခြေခံအုတ်မြစ်များချပေးမှသာ အနာဂတ်နိုင်ငံတော်ကို စိုးမိုးဖန်တီးမည့် အားထားရသောမျိုးဆက်သစ်များ ပေါ်ထွန်းနိုင်မည်။**

ရေနံသာမောင်ကျော်ညွန့်၏ “မူကြိုအရွယ်ကလေးတိုင်းကျောင်းအပ်နှံရေး မိဘအားလုံးဆောင်ရွက်ပေး” ဆောင်းပါးကို ၆-၆-၂၀၁၄ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဖတ်လိုက်ရသည်။ မူကြိုပညာရေး (၁၀)နှစ်တာကြိုးပမ်းဆောင်ရွက်မှုအတွေ့အကြုံကို အခြေခံ၍ ဆောင်းပါးတစ်ပုဒ်ရေးလိုစိတ် ဖြစ်ပေါ်လာသည်။

မူကြိုပညာရေးကို လွန်ခဲ့သောနှစ်ပေါင်း (၆၀)ကျော်မှစတင်၍ လူမှုဝန်ထမ်းဦးစီးဌာနက ဆောင်ရွက်ခဲ့သည်။ မူကြိုပညာရေးစနစ်များ၊ နည်းလမ်းများလည်း တဖြည်းဖြည်းပို၍ ကောင်းမွန်တိုးတက်သည့် အယူအဆများဖြင့် ပြောင်းလဲလာသည်ကို ကြုံတွေ့သိမြင်ရပေသည်။ လူမှုဝန်ထမ်းဦးစီးဌာနတွင် (၁၀)နှစ်တာ ထမ်းဆောင်ခဲ့သော မိမိ၏ အတွေ့အကြုံအပေါ် အခြေခံ၍ တင်ပြလိုပါသည်။ ပထမဦးစွာတင်ပြလိုသည်မှာ “မူကြိုကျောင်း”၊ “မူကြိုပညာရေး”ဟူသော အသုံးအနှုန်းဖြစ်သည်။ မူလတန်းသို့ မတက်ရောက်မီ ကလေးသူငယ် (သုံးနှစ်မှ ငါးနှစ်ထိ)အားကြိုတင်ပြင်ဆင်ပေးသောစနစ်ဟု အဓိပ္ပာယ်ဖွင့်ကြသည်။ မူကြိုပညာရေး စတင်တည်ထောင်စဉ်ကလည်း ဤသို့ရည်ရွယ်၍ သုံးနှုန်းသည်၊ ကျင့်သုံးသည်ဟု လေ့လာမှတ်သားရပါသည်။ အသုံးအနှုန်းအမှန်မှာ “ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး” (Early Childhood Care and Development- ECCD) ဖြစ်သည်။ UNICEF မှ သုံးနှုန်းသော စကားစုဖြစ်သည်။ “မူကြို”ဟုခေါ်သော ပညာရေးတွင် ECCD အနှစ်သာရကျင့်သုံးမှသာ ကလေးငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်၍ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ၊ စာရိတ္တပိုင်းဆိုင်ရာအခြေခံကောင်းများ ရရှိနိုင်ကြောင်း အလေးအနက်ပြောလိုပါသည်။

**“ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေ”**ပေါ်ထွက်လာ၍ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါသည်။ ဥပဒေတွင် မူကြိုကျောင်းဆိုသည်မှာ အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် **“ကလေးသူငယ်များ၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ လူမှုဆက်ဆံရေး၊ စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်၊ ဘဝတစ်သက်တာအတွက် အလေ့အကျင့်ကောင်းများရရှိစေရန် ပြုစုပျိုးထောင်ပေးသောဌာန၊ ကျောင်း”**ဟု ပါရှိသည်။ ဤသည်မှာ ECCD ၏ အနှစ်သာရဖြစ်သည်။ သို့သော် ပုဂ္ဂလိကမူကြိုကျောင်းအချို့က မိဘအကြိုက်လိုက်၍ သူငယ်တန်းစာသင်သည်။ သင်္ချာတွက်သည်။ စာတော်စေလိုသောမိဘနှင့် ငွေကြေးအကျိုးအမြတ်ဦးစားပေးသော ကျောင်းများအကြား ကလေးက မြေစာပင်၊ ကလေးဦးနှောက်ဖွံ့ဖြိုးမှု ထိခိုက်နိုင်ပါသည်။ ECCD ၏ အနှစ်သာရသည်သာ မိမိကလေးငယ်၏ ဘဝတစ်သက်တာဖွံ့ဖြိုးမှုရနိုင်သည်ကို မိဘများအား တိုက်တွန်းလိုပါသည်။ ECCD အနှစ်သာရနှင့်မညီသော ကျောင်းများအား ဥပဒေကို တိကျစွာကျင့်သုံး၍ ထိရောက်စွာကြပ်မတ်ပေးခြင်းဖြင့် ကလေးငယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို အကာအကွယ်ပေးသင့်ပါသည်။

မူကြိုကလေးငယ် အသက်အပိုင်းအခြားက သုံးနှစ်ပြည့်မှ ငါးနှစ်ပြည့်ထိ ကျင့်သုံးနေကြသည်။ မွေးကင်းစမှ သုံးနှစ်ထိ အရွယ်တွေမှာလည်း ECCD အနှစ်သာရနှင့်အညီ ပြုစုစောင့်ရှောက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ ဆောင်ရွက်ပေးရန် လိုနေပါသည်။ အခြားနိုင်ငံ ECCD စင်တာတွေမှာ ခြောက်နှစ်ပြည့်ထိ သတ်မှတ်ကျင့်သုံးသည်။ ECCD စင်တာမှ ခြောက်နှစ်အရွယ်ကလေး၏ သင်ယူမှုအခွင့်အလမ်းနှင့် သူငယ်တန်းမှ ခြောက်နှစ်အရွယ်ကလေးငယ်၏ သင်ယူမှုအခွင့်အလမ်းမှာ ကွာခြားပါသည်။ ဒီတော့ ဦးနှောက်ဖွံ့ဖြိုးမှုအတွက် များစွာကွာခြားသွားပေပြီ၊ ကျွန်တော်လေ့လာသိမှတ်သမျှ တင်ပြခြင်းသာ ဖြစ်ပါသည်။

ယနေ့ ကမ္ဘာနှင့်အဝှမ်း ကျင့်သုံးနေသော ECCD ၏ အသက်သတ်မှတ်ချက်မှာ မွေးကင်းစမှရှစ်နှစ်ဖြစ်သည်။ ထို့ကြောင့် မိမိတို့က မူကြိုပဲပြောပြော ECCD ပဲဆိုဆို (၀-၈)နှစ် အရွယ်ကလေးငယ်များသည် ECCD အနှစ်သာရမှန်ကန်စွာရရှိမှသာ မှန်ကန်သော ပျိုးထောင်မှုဖြစ်ပြီး ကောင်းမွန်သော ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေနိုင်ပါသည်။ ယနေ့ ကျွန်တော်တို့နိုင်ငံ၏ ပညာရေးသည် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုတက်လှမ်းနေချိန်တွင် ရှေးဦးကလေးငယ်များအား မှန်ကန်ကောင်းမွန်သော အခြေခံအုတ်မြစ်များချပေးမှသာ အနာဂတ်နိုင်ငံတော်ကို စိုးမိုးဖန်တီးမည့် အားထားရသောမျိုးဆက်သစ်များ ပေါ်ထွန်းနိုင်မည်လို့ ယုံကြည်မျှော်လင့်မိပါသည်။

မူကြိုပညာရေးလွှမ်းခြုံမှု ပမာဏ(ရာခိုင်နှုန်း) ကျယ်ကျယ်ပြန့်ပြန့်ရှိရန် မျှော်မှန်းသင့်ပါသည်။ ပြည်သူ့အင်အားဦးစီးဌာန၏ ၂၀၁၃ ခုနှစ် စာရင်းအရ (၃-၅)နှစ်အတွင်း ကလေးငယ် ၃၄၉၀၈၆၈ ဦးရှိသည်။ လူမှုဝန်ထမ်းဦးစီးဌာနစာရင်းအရ အစိုးရဌာနများ၊ စေတနာ့ဝန်ထမ်း ပရဟိတများ၊ ပြည်ပအဖွဲ့အစည်းများ၊ ပုဂ္ဂလိကများမှ ဖွင့်လှစ်သောမူကြိုကျောင်းစုစုပေါင်း ၁၂၁၇၁ ကျောင်းတွင် ကလေးငယ်ပေါင်း ၄၀၄၂၂၀ လည်း မူကြိုပညာရေးအခွင့်အလမ်းများရရှိကြသည်။ (၃-၅)နှစ် ကလေးအရေအတွက်နှင့်ဆိုသော် ၁၁ ဒသမ ၅၈ ရာခိုင်နှုန်းသာ ဤအခွင့်အလမ်းရရှိကြသည်။ လွန်စွာနည်းလှသည်။ သက်ဆိုင်ရာအစိုးရဌာနများ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကများ ဝိုင်းဝန်းကြိုးပမ်းကြမှသာ အနာဂတ်အတွက် မျိုးဆက်သစ်ကလေးငယ်များ အခြေခံအုတ်မြစ်ကောင်းချပေးနိုင်ပေလိမ့်မည်။ တစ်ဆက်တည်း မွေးကင်းစမှ သုံးနှစ်အရွယ် ကလေးငယ်ဘက်စုံဖွံ့ဖြိုးရေးအတွက်ကိုလည်း စဉ်းစားကြရန်လိုပါသည်။

ကိန်းဂဏန်းများမှ အရေးကြီးသော အချက်တစ်ချက်ကို မိမိသတိပြုမိသည်။ ဤအချက်ကတော့ စေတနာ့ဝန်ထမ်း ပရဟိတအဖွဲ့များနှင့် ပုဂ္ဂလိကကျောင်းပေါင်း ၇၆၆၆ တွင် ကလေးငယ်ပေါင်း ၈၂၉၀၄၀ ရှိပြီး မူကြိုကျောင်းနေကလေးသူငယ် စုစုပေါင်း၏ ၇၁ ဒသမ ၈ ရာခိုင်နှုန်းရှိနေခြင်းပင်ဖြစ်သည်။ ဤအချိုးအစား ပမာဏရှိသောကျောင်းများသို့ ECCD အနှစ်သာရများ စနစ်တကျကျင့်သုံး၍ ကလေးများပြုစုပျိုးထောင်ပေးနိုင်ရန် ဆရာမများ အရည်အချင်းပြည့်ဝရေးနှင့် ကြီးကြပ်မှုကောင်းမွန်စေရန် အရေးကြီးလှပေသည်။

မူကြိုပညာရေးလွှမ်းခြုံမှု တိုးတက်ရန် ကျင့်သုံးသည့်နည်းစနစ်များကို တင်ပြလိုပါသည်။ မိမိတို့နိုင်ငံအနေဖြင့် ကျောင်းအခြေပြုနည်းစနစ် (Institution Based System) ကို အားကိုးအားထားပြု ကျင့်သုံးနေခြင်းပင်ဖြစ်သည်။ ဤစနစ်သည် စေတနာဖြင့် မှန်ကန်စွာကျင့်သုံးပါက ကောင်းမွန်ထိရောက်သော စနစ်တစ်ခုဖြစ်ပါသည်။ သို့သော် ကုန်ကျစရိတ်များပြားလှသလောက် လွှမ်းခြုံမှုပမာဏမှာ အားရဖွယ်မရှိလှပါ။ ၁၁ ဒသမ ၅၈ ရာခိုင်နှုန်းဆိုတော့ နည်းလွန်းနေပါသည်။ အခြားအစိုးရဌာနတစ်ခု၏ အိမ်ထောင်စုအခြေပြုစစ်တမ်းတစ်ခုအရ ဖော်ပြချက်က ၂၂ ဒသမ ၉ ရာခိုင်နှုန်းဟု သိရပြန်ပါသည်။ ဤအညွှန်းကိန်းကလည်း နည်းနေပြန်ပါသည်။ ကျွန်တော်တို့နိုင်ငံသည် ကျယ်ဝန်းခြင်း၊ တောတောင်ထူထပ်ခြင်း၊ တိုင်းရင်းသားမျိုးနွယ်စုအများအပြားရှိခြင်းတို့ကို ထည့်သွင်းစဉ်းစားရန် လိုပါသည်။ ရပ်ရွာအခြေပြုနည်းစနစ် (Community Based System) နှင့် မိသားစု အခြေပြုနည်းစနစ် (Home Based System) ကို ကျယ်ကျယ်ပြန့်ပြန့် ကျင့်သုံးမှသာ ကျေးလက်နှင့် တောင်ပေါ်ဒေသများအထိ လွှမ်းခြုံနိုင်ပါလိမ့်မည်။ မိဘများကို ECCD အနှစ်သာရများ အသိပညာပေးခြင်းအားဖြင့် ၎င်းတို့၏ ကလေးငယ်များကို အမြဲမပြတ် ECCD အနှစ်သာရဖြင့် ပြုစုပျိုးထောင်တတ်လာမည်။

မူကြိုပညာရေး အခြေခံအုတ်မြစ်ကောင်းမွန်တောင့်တင်းမှ ပထမထပ်ဖြစ်သော မူလတန်းပညာရေး၊ ဒုတိယထပ်ဖြစ်သော အလယ်တန်းပညာရေး၊ တတိယထပ်ဖြစ်သော အထက်တန်းပညာရေးများတွင် ကျောင်းသား ကျောင်းသူများ ဉာဏ်ရည်ထက်မြက်၍ ပညာရေးတိုးတက်ကောင်းမွန်လာမည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း ဖော်ပြလိုက်ရပါသည်။ ။

**ကိုစစ်(လူမှု)**




ရှမ်းပြည်နယ်(မြောက်ပိုင်း)

# ပြည်နယ်အဆင့် အမှုထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်

**လားရှိုး ဩဂုတ် ၁၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ဩဂုတ် ၁၄ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ပြည်နယ်အဆင့်အမှုထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း(၁/၂၀၁၄)ဖွင့်ပွဲအခမ်းအနားကို ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနသင်တန်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တွဲဖက်ပြည်နယ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစောနိုင်က သင်တန်းကိစ္စအဝဝကို ရှင်းလင်းခဲ့ရာ နိုင်ငံတော်အစိုးရအနေဖြင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ Third Wave Reform ၏ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သော မိမိဝန်ထမ်းများအား စွမ်းဆောင်ရည်မြှင့်တင်ပေးရမည်ဟူသည့် ရည်မှန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် မိမိတို့ဝန်ကြီးဌာန၏ အသွင်သဏ္ဌာန်နှင့် အနှစ်သာရ တိုးတက်ပြောင်းလဲရေး ဖော်ဆောင်မှုတွင် အနှစ်သာရပိုင်းအနေနှင့် တိုးတက်ဖွံ့ဖြိုးအောင် ကြိုးပမ်းဆောင်ရွက်မှုတစ်ရပ်ဖြစ်ကြောင်း ပြောကြားသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ပြည်နယ်အဆင့် အမှုထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း (၁/၂၀၁၄) တွင် ဌာနတွင်းလုပ်ငန်းဆောင်ရွက်မှုများအပြင် အင်္ဂလိပ်စာ၊ ကွန်ပျူတာ၊ စစ်ရေးပြ၊ တရားရေး၊ ဥပဒေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ (e-Government) ဘာသာရပ်များကိုလည်း သက်ဆိုင်ရာ နယ်ပယ်နှင့်ဌာနအသီးသီးမှ နည်းပြဆရာများကို ဖိတ်ခေါ်သင်ကြားသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ ဩဂုတ် ၁၄ ရက်မှ ၂၀ ရက်အထိဖြစ်ကာ သင်တန်းသားဦးရေမှာ ၃၅ ဦးဖြစ်သည်။ လက်ထောက် လဝကမှူး၊ ဒု-လဝကမှူး၊ လဝကမှူးအဆင့်များကို တက်ရောက်စေခြင်းဖြစ်ပြီး နောက်ထပ်လည်း စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်းများကို ဆက်လက်ဖွင့်လှစ်သွားရန်ရှိကြောင်း သိရသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ်မြောက်ပိုင်း ဒုတိယပြည်နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ ခရိုင်နှင့်မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ခရိုင်နှင့်မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ အထူးစုံစမ်းစစ်ဆေးရေးဌာန လက်ထောက်ညွှန်ကြားရေးမှူး၊ အကျဉ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး၊ ဒုတပ်ဖွဲ့ခွဲမှူး(ပဒန၊ သတင်းတပ်ဖွဲ့)၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့မှ တာဝန်ရှိသူများ၊ လားရှိုးတက္ကသိုလ်ပါမောက္ခချုပ်၊ ခရိုင်တရားသူကြီး၊ ခရိုင်ဥပဒေအရာရှိ၊ မြို့နယ်တရားသူကြီး၊ မြို့နယ်ဥပဒေအရာရှိ၊ အထူးမူးယစ်တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူးများ၊ (လဝက) လက်ထောက်ညွှန်ကြားရေးမှူးများ၊ ဦးစီးအရာရှိများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ NGO အဖွဲ့အစည်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇာဏီအောင်(လားရှိုး)**

မန္တလေးတိုင်းဒေသကြီး



**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန(ရုံးချုပ်)၏ အစီအမံဖြင့် မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်အတွင်းတွင် မြစိမ်းရောင်စီမံချက်ပါ ကျေးရွာတစ်ရွာလျှင် ကျပ်သိန်း ၃၀၀ အား အရင်းမပျောက်လည်ပတ်ရန်ပုံငွေစနစ်ဖြင့် ပေါ့အိုင်ရိုးကျေးရွာ၊ မဲဒီးကျေးရွာ၊ ရေခင်ကျေးရွာ၊ ထိန်အင်းကျေးရွာနှင့် ရွာသစ်ကျေးရွာများတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယင်းမြစိမ်းရောင်စီမံချက်ပါ ကျေးရွာများသို့ ဩဂုတ်လ ဒုတိယပတ်အတွင်းတွင် သွားရောက်၍ မြစိမ်းရောင်စာရင်းရေးသွင်းနည်းသင်တန်း လက်တွေ့ပို့ချနေစဉ်။**

လှိုင်သန်းတင့်(ရမည်းသင်း)

» » ကျောဖုံးမှ

ထိုသို့ နိုင်ငံတော်သမ္မတက လမ်းညွှန်ခဲ့ခြင်းကြောင့် ဟိုတယ်ဇုန်တစ်ခုတည်ဆောက်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက ကွင်းဆင်းလေ့လာခဲ့ရာ အင်ကြင်းကုန်းကျေးရွာနှင့် ချောင်းပါးကျေးရွာများအကြား အင်းလေးကန်အရှေ့ပိုင်း ကြိုးဝိုင်းမြေ ၆၂၂ ဧကအား ဟိုတယ်ဇုန်အဖြစ် သတ်မှတ်သင့်ပါကြောင်းဖြင့် နိုင်ငံတော်သမ္မတရုံးသို့ အစီရင်ခံတင်ပြခဲ့သည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက အဘယ်ကြောင့် အဆိုပါနေရာအား ဟိုတယ် ဇုန်အဖြစ် အကောင်အထည်ဖော်ရန် ရွေးချယ်ခဲ့သည်နှင့်ပတ်သက်၍ စေ့ငုကြည့်ရာ ယင်းနေရာသည် အခြားမြေအသုံးချမှုနှင့် ဆိုင်ရာဆိုင်ခွင့်များ ပေးထားမှုမရှိခြင်း၊ အင်းလေးကန်ရေပြင်ကို အပေါ်စီးမှ စီးမိုးမြင်တွေ့နိုင်သည့် ပေ ၁၅၀ နှင့် ၂၅၀ ခန့်မြင့်သော တောင်တန်းငယ်များ၊ တောင်စွယ်လက်တံများ မြောက်မှ တောင်သို့ တစ်စပ်တည်းသွယ်တန်းဖြစ်တည်နေသည့်နေရာဖြစ်ခြင်း၊ ကားလမ်းနှင့် အင်းရေပြင်ကြားနှစ်မိုင်အတွင်း ယာဟောင်းများသာရှိပြီး အဆောက်အအုံများမရှိသည့်အတွက် မြင်ကွင်းကောင်းမွန်မှုရှိခြင်း၊ အင်လေးကန်အတွင်းသို့ ဝင်ရောက်ရန် ပင်မလမ်းကြောင်းတစ်ခုနှင့် စက်လှေဆိပ်တစ်ခုထားရှိအသုံးပြုနိုင်ပြီး ကားလမ်းနှင့် အင်းရေပြင်မှာ မိုးရာသီတွင် ကိုက် ၅၀၀ ခန့်နှင့် ပွင့်လင်းရာသီတွင် ကိုက် ၆၀၀ မှ ၈၀၀ ကြားသာ ကွာဝေးခြင်းတို့ကြောင့် ဖြစ်ကြောင်း။

ထို့ပြင် အင်းလေးကန် အလိုတော်ပေါက်ဘုရား၊ ဖောင်တော်ဦးဘုရားတို့နှင့် တစ်တန်းတည်းကျရောက်ပြီး အလိုတော်ပေါက်ဘုရားနှင့် ပိုမိုနီးကပ်စွာတည်ရှိခြင်း၊ မြေအသုံးချမှုအနည်းဆုံးနေရာဖြစ်၍ ကျေးရွာများနှင့် ညှိနှိုင်းရမည့်ကိစ္စများ၊ မြေယာအရှုပ်အရှင်းများ နည်းပါးမည်ဖြစ်ခြင်း၊ ညောင်ရွှေမှ ၁၅ မိုင်ခန့်သာကွာဝေးပြီး ညောင်ရွှေ-နမ့်ပန်ကားလမ်းအတိုင်း အသုံးပြုနိုင်ခြင်းအစရှိသည်တို့ကြောင့်ဖြစ်ကြောင်း သိရသည်။

ယင်းသို့အစီရင်ခံတင်ပြချက်များအား စိစစ်ပြီးနောက် နိုင်ငံတော်သမ္မတရုံးက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ ကွင်းဆင်းစစ်ဆေးအကြံပြုချက်များအတိုင်းသာ ဆောင်ရွက်နိုင်သည်ဟု မှတ်ချက်ပြုပြန်ကြားခဲ့သဖြင့် ဟိုတယ်ဇုန်နေရာအဖြစ် သတ်မှတ်ဖော်ထုတ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ဟိုတယ်လုပ်ငန်းရှင်များအသင်းတို့ သည် ၂၀၁၂ ခုနှစ် ဩဂုတ် ၉ ရက်တွင် သစ်တောဦးစီးဌာန(ရုံးချုပ်) နေပြည်တော်၌ ညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ပြီး ဆုံးဖြတ်ချက်များချမှတ်ခဲ့ကြသည်။ ယင်းဆွေးနွေးမှုမှထွက်ရှိလာသော ဆုံးဖြတ်ချက်များကို စေ့ငုတင်ပြရသော်-

-ဟိုတယ်ဇုန်မြေနေရာအား သစ်တောဦးစီးဌာနမှ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနသို့ မြေငှားရမ်းသည့်စနစ်ဖြင့်ဆောင်ရွက်ရန်၊

-မြေငှားရမ်းခြင်းကာလကို မူလ နှစ် ၃၀ ဖြင့် အခြေခံပြီး လိုအပ်ပါက ကာလသတ်မှတ်၍ စိစစ်သက်တမ်းတိုးပေးရန်၊

-ဟိုတယ်ဇုန်မြေနေရာအတွက် ၆၂၂ ဧကအား အမြန်အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

-အငြင်းပွားဖွယ်ရာကိစ္စရပ်များပေါ်ပေါက်လာပါက ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် အင်းလေးကန်ဟိုတယ်ဇုန်ဖြစ်မြောက်ရေးကော်မတီတစ်ရပ်ဖွဲ့စည်းရန်၊

-မြေငှားရမ်းခအတွက် သင့်တင့်သောနှုန်းထားအဖြစ် ညှိနှိုင်းသတ်မှတ်ရန်

-အင်းလေးကန် ရေဝေရေလဲဒေသ ရေရှည်တည်တံ့ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ရန်ပုံငွေထားရှိရန်၊

-ဟိုတယ်ဇုန်စီမံလန်းစိုပြည်ရေးလုပ်ငန်းများအတွက် သီးခြားရန်ပုံငွေတစ်ရပ်ထားရှိရန်၊

-ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေနှင့်အညီ စီးပွားရေးလုပ်ငန်းများဖော်ဆောင်ရာတွင် Payment For Environmental Services(PES)နှင့် Ecosystem Services လုပ်ငန်းများအတွက် ရန်ပုံငွေ မတည်ဆောင်ရွက်ရန်၊

-ပတ်ဝန်းကျင်အား ထိခိုက်မှုနည်းနိုင်သမျှနည်းမည့် Waste Management System များ စီစဉ်ဆောင်ရွက်ရန် စသည်တို့ဖြစ်ကြောင်း သိရသည်။

အဆိုပါဟိုတယ်ဇုန်စီမံကိန်းနှင့် ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အင်းလေးဒေသ ဟိုတယ်ဇုန် စီမံကိန်းအကောင်အထည်ဖော်နိုင်ရန်အတွက် အင်းလေးဒေသဟိုတယ်ဇုန်ဖော်ထုတ်ရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ (၁၀) ရပ်ကို စနစ်တကျဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း၊ စီမံကိန်းတွင် ဝင်ရောက်လုပ်ကိုင်လိုသောလုပ်ငန်းရှင်များအား ဇုန်အလိုက်နေရာချထားပေးပြီးဖြစ်ကြောင်း၊ လုပ်ကိုင်ခွင့်ရရှိသော လုပ်ငန်းရှင်များကိုလည်း ယာယီမြေပေးမိန့်နှင့် အသိအမှတ်ပြုလွှာများကို ပေးအပ်ပြီးဖြစ်ကြောင်း တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ဩဂုတ် ၂ ရက်က ပြုလုပ်သော ယာယီမြေပေးမိန့်နှင့် အသိအမှတ်ပြုလွှာပေးအပ်ပွဲအခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ထုတ်ဖော်ပြောကြားခဲ့သည်။

ထိုသို့ထုတ်ပေးခဲ့သော ယာယီမြေပေးမိန့်တွင်ပါဝင်သော စည်းကမ်းချက်များကို လေ့လာသိရှိနိုင်စေရန်ဖော်ပြလိုပါသည်။ ယင်းတို့မှာ-

-မြေပေးမိန့်ထုတ်ပေးသည့်နေ့မှစ၍ ခြောက်လအတွင်း မြေစာရင်းပုံစံ (၁၀၅) ရေးဆွဲတင်ပြခြင်း၊ မြေပြုပြင်ခြင်း၊ ခြံစည်းရိုးခတ်ခြင်း၊ ဟိုတယ်ဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရမည်။

-ဟိုတယ်အဆောက်အအုံကို သတ်မှတ်ထားသည့် BP/BQ အတိုင်း ဆောက်လုပ်ရမည်။

-ဟိုတယ်ဆောက်လုပ်ခြင်းကို ဟိုတယ်ဇုန်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီသို့တင်ပြပြီး ဟိုတယ်ဇုန်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ၏ ခွင့်ပြုချက်နှင့်အညီ ဆောက်လုပ်ရမည်။

-ဟိုတယ်ဆောက်လုပ်ခြင်းကို ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေအရလည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်၊ အမိန့်အရ လည်းကောင်း၊ တည်ဆဲဥပဒေများအရ လိုက်နာဆောင်ရွက်ရမည်။

-ယာယီမြေပေးမိန့်နှင့် မြေစာရင်းပုံစံ (၁၀၅)၊ (၁၀၆)တို့နှင့်အတူ သက်ဆိုင်ရာ ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများတွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ စက်မှုမြေငှားဂရန် လျှောက်ထားရမည်။

-သတ်မှတ်ပေးထားသော ဟိုတယ်မြေနေရာကို စနစ်တကျ မြေညှိပြုပြင်ပြီး ဧရိယာပြင်ပနှင့် မိမိနယ်နိမိတ်အတွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများ စနစ်တကျဖောက်လုပ်ပေးရမည်။

-ရေဆိုးစွန့်ပစ်စီးဆင်းခြင်းကို အခြားဟိုတယ်များအား မထိခိုက်စေဘဲ စနစ်တကျပြုပြင်ပြီး (Water Treatment) စနစ်ဖြင့် စွန့်ပစ်စီးဆင်းစေရမည်။

-သတ်မှတ်ချထားပေးသော ဟိုတယ်မြေနေရာအတွင်း တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများလုံးဝ(လုံးဝ)မပြုလုပ်ရ။

-ဘာသာရေး၊ သာသနာရေးပိုင်မြေအဖြစ် ပြုလုပ်ရန်ရှိသော လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတစ်ရပ်ရပ်ထံသို့ရောင်းချခြင်း၊ လွှဲပြောင်းပေးအပ်ခြင်း၊ အမွေစားအမွေခံပေးခြင်း၊ မေတ္တာဖြင့် ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ အခြားသောနည်းလမ်းများဖြင့် လွှဲပြောင်းပေးအပ်ခြင်း လုံးဝ(လုံးဝ) မပြုလုပ်ရ။

-အဆိုပါ စည်းကမ်းချက်များအား လိုက်နာရန်ပျက်ကွက်ပါက အသိအမှတ်ပြုလွှာ၊ မြေပေးမိန့်နှင့် စက်မှုမြေငှားဂရန်အား ပြန်လည်ရုပ်သိမ်းခြင်းခံရမည်။

ဟူ၍ ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦး၏ ရှင်းလင်းပြောကြားချက်အရ သိရသည်။

ဤသို့သော အကြောင်းခြင်းရာများကို ထောက်ရှုခြင်းအားဖြင့် လက်ရှိအကောင်အထည်ဖော်လျက်ရှိသော အင်းလေးကန်ဟိုတယ်ဇုန်စီမံကိန်းသည် ရှမ်းပြည်နယ်၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက ဒေသနေပြည်သူတို့၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူနေမှုအဆင့်အတန်းမြင့်မား မှုတို့အတွက်ပါ အထောက်အကူပြုနိုင်မည်ဖြစ်သည်။ ယေဘုယျအားဖြင့် ဟိုတယ်လုပ်ငန်းများသည် ဆောင်ရွက်မှုပြုနေသော ဒေသအဝန်းအဝိုင်းအတွင်း အလုပ်အကိုင်အခွင့်အလမ်းပေါင်းများစွာ ဖန်တီးဖော်ဆောင်ပေးနိုင်စွမ်းရှိခြင်း၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးမှုနည်းပါးခြင်းကြောင့် အကောင်အထည်ဖော်လုပ်ဆောင်၍ သင့်လျော်သောလုပ်ငန်းဖြစ်သည့်အပြင် နိုင်ငံတကာတွင်လည်း ဟိုတယ်လုပ်ငန်းများကို မီးခိုးတိတ်စက်ရုံများဟုပင် တင်စားခေါ်ဝေါ်လေ့ရှိသည်အထိ အောင်မြင်မှုရှိနေကြောင်း၊ ယင်းအပြင် ရင်းနှီးမြှုပ်နှံမှုအတွက်လည်း အရင်းကျေကာလတိုတောင်းနိုင်သည့်အတွက် စီးပွားရေးအမြင်အရကြည့်မည်ဆိုပါက တွက်ခြေကိုက်နိုင်ခြင်းကြောင့် ရှမ်းပြည်နယ်နှင့် အင်းလေးဒေသ၏ ရေရှည်အကျိုးစီးပွား တိုးတက်အောင်မြင်ဖြစ်ထွန်းလာနိုင်ပါကြောင်း. . . . .။ ။

ကချင်ပြည်နယ်

# မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးမှုတားဆီးရေးနှင့် အဓမ္မမှုခင်းကင်းစင်ရေး အသိပညာပေးဟောပြော

**အင်ဂျန်းယန် ဩဂုတ် ၁၆**

အင်ဂျန်းယန်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ဩဂုတ် ၈ ရက် မွန်းလွဲ ၂ နာရီက ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများအား မြို့နယ်အတွင်း မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် အဓမ္မမှုခင်းများကင်းရှင်းရေးအတွက် အသိပညာပေး ဟောပြောရာတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးထွန်းကြည်က လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် အဓမ္မမှုခင်းများ မဖြစ်ပေါ်စေရေးတို့နှင့်စပ်လျဉ်း၍ အကျယ်တဝင့်ရှင်းလင်းဟောပြောပြီး ဒုတိယရဲမှူး ဦးဝင်းထွေးက မူးယစ်ဆေးဝါးအန္တရာယ်နှင့် တာဆီးကာကွယ်ရေးလုပ်ငန်းစဉ်များတွင် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ရေးတို့အတွက် အသိပညာပေးဟောပြောခဲ့သည်။

**(မြို့နယ်ပြန်/ဆက်)**

လူငယ်များနှင့် အရိုးကြွပ်ဆတ်ရောဂါ

စာမျက်နှာ ၃ သို့ » »

မန္တလေးမှ ဇာတိမာန် ရွှေလှုပ်စာကြည့်တိုက် ကျောင်းသား ကျောင်းသူ ၂၀၀၀ ကျော် နေ့စဉ် အသုံးပြု

စာမျက်နှာ ၄ သို့ » »



မြန်အောင်တွင် ဆင်ကျုံးချောင်းရိုး ဘေးရှိ လယ်များ ရေနစ်မြုပ်မှု မရှိ၍ စပါးပင်များ ဖြစ်ထွန်းအောင်မြင်

စာမျက်နှာ ၅ သို့ » »

ECCD အနှစ်သာရရှိသော မူကြိုပညာရေးဖြင့် ကလေးငယ်များ ဘက်စုံဖွံ့ဖြိုးရေး

စာမျက်နှာ ၆ သို့ » »

# မီးခိုးတိတ်စက်ရုံများ သို့မဟုတ် ဟိုတယ်ဇုန်လုပ်ငန်းများ




ဟိုတယ်ဇုန်စီမံကိန်းမှ တည်ဆောက်နေဆဲ ဟိုတယ်လုပ်ငန်းခွင်တစ်ခုကို တွေ့ရစဉ်။

မြန်မာနိုင်ငံသည် ရေမြေတောတောင် သဘာဝရှုခင်း ရှုကွက်များ ပေါများကြွယ်ဝသောနိုင်ငံတစ်နိုင်ငံဖြစ်သည်။ ကြည်နူးချမ်းမြေ့ဖွယ်ရာ ရှုမျှော်ခင်းများကို ကြည့်ရှုခံစားနိုင်သည့် နေရာဒေသအများအပြားသည်လည်း နိုင်ငံအတွင်း ဖြစ်တည်နေပေသည်။ ယင်းသို့သော နေရာဒေသများအနက် ရှမ်းပြည်နယ် အင်းလေးဒေသသည်လည်း နိုင်ငံတကာမှ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များကို ဆွဲဆောင်ရာ ဒေသတစ်ခုဖြစ်သည်။ နှစ်စဉ် ကမ္ဘာလှည့်ခရီးသွား အများအပြားလာရောက်ရာ အရပ်ဒေသတစ်ခု ဖြစ်သည်နှင့်အညီ ၎င်းတို့သွားလာလည်ပတ်နေထိုင်တည်းခိုရေး အစရှိသည့်အရေးကိစ္စများမှာလည်း ပစ္စုပ္ပန်ကာလတွင် အလေးထားလုပ်ဆောင်ရတော့မည့် အခြေအနေတစ်ရပ် ဖြစ်လာခဲ့သည်။ သို့ဖြစ်ခြင်းကြောင့် ပွင့်လင်းမြင်သာမှုရှိလာသည့် မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်များနှင့်အညီ နိုင်ငံတကာမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကလည်း ယခင်ကာလများထက် တိုးတက်ဝင်ရောက်လျက်ရှိခြင်းကြောင့် အထင်ကရအင်းလေးဒေသမှ တာဝန်ရှိသူများကလည်း အင်းလေးကန်ဒေသအတွင်း ဟိုတယ်ဇုန်စီမံကိန်းတစ်ခုတည်ထောင်ရန် ရည်ရွယ်လုပ်ဆောင်ခဲ့ကြသည်။

အင်းလေးကန်ဒေသဟိုတယ်ဇုန်စီမံကိန်းပေါ်ပေါက်လာရသည့် အကြောင်းရင်းကို ကနဦးအနေဖြင့် တင်ပြရသော် အင်းလေးကန်ဒေသအတွင်း ဟိုတယ်တည်ဆောက်ခွင့် တောင်းခံခြင်းများနှင့်ပတ်သက်၍ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ အဆိုပြုတင်ပြချက်အပါအဝင် အခြားသောကုမ္ပဏီအဖွဲ့အစည်းများ၏ တင်ပြချက်များကိုပေါင်းစပ်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနက ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် နိုင်ငံတော်သမ္မတထံသို့ ရှင်းလင်းတင်ပြလမ်းညွှန်ချက်ခံယူခဲ့ရာ နိုင်ငံတော်သမ္မတကလမ်းညွှန်မှုပြုရာတွင် အင်းလေးကန်သည် နောင်နှစ်ပေါင်းများစွာတည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်၍ ကန်စပ်နေရာများတွင် ဟိုတယ်လုပ်ငန်းများအပါအဝင် အခြားလုပ်ငန်းများကို ထပ်မံခွင့်ပြုခြင်းမပြုရန်၊ ကန်ဧရိယာအပြင်ဘက် အပေါ်စီးမှ ကန်၏သဘာဝအလှကို မြင်တွေ့နိုင်သော နေရာ၊ ကန်သို့သွားရန်လည်း လွယ်ကူသော နေရာ၊ ကန်အတွင်းသို့စီးဝင်သော သဘာဝရေထွက်များ၊ ချောင်းများ၊ စမ်းများကိုလည်း မထိခိုက်စေသော နေရာတွင် သဘာဝပတ်ဝန်းကျင်ကို တစ်ဖက်တစ်လမ်းမှ ထိန်းသိမ်းရန် ခံဝန်ချက်ဖြင့် ခွင့်ပြုရန်၊ နေရာအနှံ့မဟုတ်ဘဲ ဇုန်သဘောမျိုးခွင့်ပြုရန် စသည်ဖြင့် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၇ သို့ » »



# အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

သယ်န်းကျွန်းဘုရားလမ်း A.K.K Shopping Mall ၏ ကံစမ်းမဲအစီအစဉ်တွင် ပထမဆု မော်တော်ကားဆွတ်ခူးရရှိသူ မအေးအေးထွေး[၁၂/တမန(နိုင်)၀၀၂၇၄၁]အား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

**"စိန်ပင်လယ်"** စိန်ရွှေရတနာဆိုင်မှ ရတနာဝယ်ယူသူများ လာဘ်လာဘရွှင်ဂုဏ်အင်ပြည့်ပြီး ကျက်သရေတိုး၍ လိုရာဆန္ဒပြည့်ဝကြပါစေ။

**"စိန်ပင်လယ်" စိန်ရွှေရတနာဆိုင် မိသားစု**

**Junction Square Center ကမာရွတ်-A.K.K Shopping Mall သယ်န်းကျွန်း**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်အိမ်ရာ၊ တိုက်(၇၁၉)၊ အခန်း(၀၀၂)ကို မူလအမည်ပေါက်ပိုင်ရှင် ဦးတင်ကြည် ထံမှစာချုပ်စာတမ်းများဖြင့် ဝယ်ယူထားသူ ဒေါ်မြင့်မြင့်သန်း [၁၂/ပဘတ(နိုင်)၀၂၁၉၉၃]က ပိုင်ရှင်အမည်ပြောင်းလဲခွင့် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ(၁၄)ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## အမှားပြင်ဆင်ခြင်း

၁၃-၈-၂၀၁၄ ရက်စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ(၆)ကော်လံ(၁)(၂)ပါ **"ကန့်ကွက်နိုင်ပါသည်"**ကြော်ငြာ၌ တရားလွှတ်တော်ရှေ့နေဒေါ်ထူးထူးရင် ကြေညာသည့် ကြော်ငြာပါ လိပ်စာအမှန်မှာ **"ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၇)ရပ်ကွက်၊ (၁၆)လမ်း၊ အမှတ်(၁၅၄)၊ ပထမထပ်(ဟောင်ကောင်နှစ်လွှာ) ခေါင်းရင်းခန်း"**ဖြစ်ပါသည်။

[illegible]

[illegible]

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ်(၆၀၀/ခ)၊ မြေကွက်တည်နေရာအမှတ်(၆၀၀/ခ)၊ ဇာနည်(၁၂)လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ (ဦးစံတင်)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးစံတင်(ဖခင်)နှင့် (ဇနီး)ဒေါ်ဥ(ဦးစံတင်ထက်စော၍ကွယ်လွန်)သဖြင့် ဒေါ်မြင့်မြင့်မော်[၁၂/ဥကတ(နိုင်)၀၂၇၀၂၈]က ကိတ္တိမသမီးအဖြစ်မွေးစားခြင်းစာချုပ် ၆၉၀၃/၀၂(၂-၁၂-၀၂)အရ တစ်ဦးတည်းသော တရားဝင်မွေးစားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ ၎င်း၏ GP ရသူဦးအောင်မြင့်[၇/ဒဥန(နိုင်)၀၀၂၄၂၂]မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်း၊ ယနေ့ထက်တိုင် ပါဝါရုပ်သိမ်းခြင်းမရှိသေးကြောင်း ကျမ်းကျိန်လွှာ(၄၇၈၅/၁၄)တို့တင်ပြပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

[illegible]

## ဖခင်အမည်မှန်

မော်လမြိုင်ကျွန်းမြို့၊ အလက(ကပ်ခို)၊ အဌမတန်း(A)မှ မောင်ဝိုင်းခန့်အောင်၏ ဖခင်ဦးနေထွန်းမင်း [၁၂/ဥကမ(နိုင်)၁၇၇၇၆၀]၏ အမည်မှန်မှာ ဦးနေထွန်းမင်းဖြစ်ပါကြောင်း။ **ဦးနေထွန်းမင်း**

## အမှားပြင်ဆင်

၁၀-၈-၂၀၁၄ ရက် ကြေးမုံသတင်းစာ စာမျက်နှာ ၂၁ ပါ ကန့်ကွက်နိုင်ကြောင်း ကြေညာချက်တွင် ရန်ကုန်အရှေ့ပိုင်းခရိုင်၊ သန်လျင်မြို့နယ်အစား ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၂X၂၊ မြေကွက်အမှတ် V Class ၃၁၅၊ ၃၁၆၊ ၃၁၇ မြေကွက်တည်နေရာအမှတ်(၈၃၊ ၈၅၊ ၈၇)၊ (၈)လမ်း၊ လမ်းမတော်မြို့နယ်၊ အမည်ပေါက် ဩဘွန်ကြုပ်၊ ဩဘွန်ချိုင်၊ ဩကြည်ဂွမ်(ခ)မောင်ညွန့်ရင်၊ ကိုခင်လှိုင်(ခ)တန်ခင်စွမ်း ယူစီစီ-၆၀၆၇/၆၀၊ အန်အာစီ-အိုပ်ရှိအာဂျီအန်-၀၀၁၂၃၇နှင့် မခင်မြင့်(ခ)စောဟန်ကေး ယူစီစီ-၁၄၇၇/၆၀၊ အန်အာစီ-အိုပ်ရှိအာဂျီအန်-၀၀၁၂၃၈မြေအား ဒေါ်ကျင်စန်၊ ဦးဝင်းဖေနှင့်ဦးခင်လှိုင်(ခ)တန်ခင်စွမ်း-ဒေါ်ခင်မြင့်(ခ)စောအန်ကေးတို့က အရောင်းအဝယ်စာချုပ်(၁၀၀၂/၁၉၇၆)၊ (၁၀၀၃/၁၉၇၇)၊ (၁၀၀၄/၁၉၇၇)တို့အရ ပိုင်ခဲ့ပါသည်။ ထို့နောက် ဒေါ်ကျင်စံသည် ၂၈-၆-၁၉၉၈ ရက်တွင်လည်းကောင်း၊ ဒေါ်ကျင်စံ၏ ခင်ပွန်းဦးကြင်ဖိုးသည် ၂-၅-၁၉၆၂ ရက်တွင်လည်းကောင်း ကွယ်လွန်သဖြင့် ဦးစံဝ[၁၂/လမတ(နိုင်)၀၂၁၀၃၈]သည် ဦးကြင်ဖိုး၊ ဒေါ်ကျင်စံ(ခ)ဒေါ်ကျင်စန်တို့၏တစ်ဦးတည်းသောသားဖြစ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်းနှင့်သေဆုံးကြောင်းထောက်ခံချက်များ၊ ဖော်ပြပါအရောင်းအဝယ်စာချုပ်များတင်ပြ၍ ကျန်ပိုင်ဆိုင်သူဦးဝင်းဖေ[၁၂/လမတ(နိုင်)၀၂၁၀၈၇]၊ ဦးခင်လှိုင်(ခ)တန်ခင်စွမ်း[၁၂/လမတ(နိုင်)၀၁၆၄၂၇]-ဒေါ်ခင်မြင့်[၁၂/လမတ(နိုင်)၀၁၆၄၂၆]တို့နှင့်အတူ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၃ဒီ၊ မြေကွက်အမှတ်V၂၇၁၊ မြေကွက်တည်နေရာအမှတ်-၂၈၊ ဆဒ္ဒန်လမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊ (ဒေါ်အုံးစိန်၊ ဒေါ်တင်စိန်၊ ဒေါ်အေးသီ) အမည်ပေါက် နှစ်(၉၀)မြေငှားဂရန်မြေအား ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမမှုအမှတ်-၇၃၄/၂၀၀၆၊ ဇာရီမှုအမှတ်-၆၆/၂၀၁၁ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများကို ရောင်းကြောင်းလက်မှတ်စာ၊ ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းထောက်ခံစာတို့တင်ပြ၍ ဦးခွေးဖြူ[၆/မအရ(နိုင်)၀၈၃၆၁၁]မှ ဂရန်မိတ္တူလျှောက်ထားလာရာ (၅-၅-၂၀၁၃)တွင် သီးခြားသတင်းစာကြော်ငြာခဲ့သော်လည်း ကန့်ကွက်သူမရှိသဖြင့် ယင်းမြေ၏ (၄-၄-၁၉၃၅)တွင် ထုတ်ပေးခဲ့သော နှစ်(၉၀)ဂရန်မူရင်းအား ပယ်ဖျက်ကြောင်း ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂/စီ)ပေါက်တော၊ မြေကွက်အမှတ် ယခင်-၉၈၊ ယခု-၆၄၊ မြေကွက်တည်နေရာအမှတ်(၅၀)၊ လှိုင်မြစ်လမ်း၊ အင်းစိန်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အမည်ပေါက် အစိုးရမြေအား ၃၁-၁၀-၂၀၁၁ ပြည်ထဲရေးအမိန့်ပါ ဒေါ်ခင်ပို[၁၂/အစန(နိုင်)၀၁၂၆၅၄]၊ ဒေါ်ကြည်ကြည်ဝင်း[၁၂/အစန(နိုင်)၀၁၀၄၇၄]၊ ဒေါ်အေးရီ[၁၂/အစန(နိုင်)၀၁၀၂၅၀]၊ ဒေါ်တင်တင်ဌေး[၁၂/အစန(နိုင်)၀၁၀၆၄၀]၊ ဒေါ်နန်းနွယ်[၁၂/အစန(နိုင်)၀၃၅၄၂၆]၊ ဦးတင်ထွန်း၏ဇနီးဒေါ်တင်ရွှဲ[၁၂/အစန(နိုင်)၀၃၇၉၅၁]နှင့် ဦးမျိုးမြင့်ကွယ်လွန်သဖြင့် ဇနီးဒေါ်မြင့်မြင့်ဆွေ[၁၂/အစန(နိုင်)၀၁၀၈၄၉]တို့က ပြည်ထဲရေးအမိန့် ဦးမျိုးမြင့်၏သေစာရင်း၊ ကျမ်းကျိန်လွှာတို့တင်ပြ၍ ၎င်းတို့ထံမှ ကိုယ်စားလှယ်လွှဲစာ -၁၅၇၃၄(၁၀-၆-၁၄)၊ ၁၅၇၃၃(၁၀-၆-၁၄) ၁၅၇၃၂(၁၀-၆-၁၄)တို့ဖြင့် GP ရသူ ဦးဖြိုးဝေလွင်[၁၂/အစန(နိုင်)၀၆၃၈၁၂]က အထူးဝန်ဆောင်ခဖြင့် ဂရန်သစ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

